
mgyoe

စိတ်ကူးချိုချိုအနုပညာ



# စာရေးဆရာ၏ စာရေးဆရာ

လေးကိုတင် စုစည်းစီစဉ်သည်၊

ကွယ်လွန်ပြီးဖြစ်သူ
မြန်မာစာရေးဆရာကြီး ၂၃ ဦး၏
မိမိတို့အကြောင်း မိမိတို့ကိုယ်တိုင်
ရေးသားချက် လျှပ်တစ်ပြက်ပုံရိပ်များ။

mgyoe.com

mgyoe.com

ကွယ်လွန်ပြီးဖြစ်သူ
မြန်မာစာရေးဆရာကြီး ၂၃ ဦး၏
မိမိတို့အကြောင်း မိမိတို့ကိုယ်တိုင်
ရေးသားချက် လျှပ်တစ်ပြက်ပုံရိပ်များ။




KLS0108
2,500.00 KS

mgyoe.com

mgyoe.com

စာရေးဆရာ၏စာရေးဆရာ၊ ရွှေဥဒေါင်းနှင့်အခြား
စာမျက်နှာ ၃၅၄ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဒီဇင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# စာရေးဆရာ၏
# စာရေးဆရာ

ပထမအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | |
|---|---|
| ၁။ ရွှေဥဒေါင်း၏ ရွှေဥဒေါင်း | ၁ |
| ၂။ ပီမိုးနင်း၏ ပီမိုးနင်း | ၇ |
| ၃။ မဟာဆွေ၏ မဟာဆွေ | ၂၃ |
| ၄။ ဇေယျ၏ဇေယျ | ၃၆ |
| ၅။ ဒဂုန်ခင်ခင်လေး၏ ဒဂုန်ခင်ခင်လေး | ၄၅ |
| ၆။ ကုသ၏ ကုသ | ၅၃ |
| ၇။ တင့်တယ်၏ တင့်တယ် | ၇၉ |
| ၈။ သုခ၏ သုခ | ၉၆ |
| ၉။ ဒေါ်အမာ၏ ဒေါ်အမာ | ၁၀၇ |
| ၁၀။ မောင်ထင်၏ မောင်ထင် | ၁၂၄ |
| ၁၂။ ဂျာနယ်ကျော်မမလေး၏ ဂျာနယ်ကျော်မမလေး | ၁၄၅ |
| ၁၃။ အောင်စိုး၏ အောင်စိုး | ၁၉၇ |
| ၁၄။ ခင်နှင်းယု၏ ခင်နှင်းယု | ၂၁၀ |
| ၁၅။ ထင်လင်း၏ ထင်လင်း | ၂၂၀ |
| ၁၆။ သခင်မြသန်း၏ သခင်မြသန်း | ၂၃၅ |
| ၁၇။ နတ်နွယ်၏ နတ်နွယ် | ၂၅၇ |


mgyoe.com

mgyoe.com

| | |
|---|---|
| ၁၈။ မင်းကျော်၏ ကျော်ဆွေ | ၂၆၃ |
| ၁၉။ မောင်နေဝင်း၏ မောင်နေဝင်း | ၂၇၉ |
| ၂၀။ လင်းယုန်သစ်လွင်၏ လင်းယုန်သစ်လွင် | ၂၉၁ |
| ၂၁။ ခင်မျိုးချစ်၏ ခင်မျိုးချစ် | ၃၁၄ |
| ၂၂။ ဓနုဖြူကျော်ထွန်း၏ ဓနုဖြူကျော်ထွန်း | ၃၂၄ |
| ၂၃။ မောင်ထွန်းသူ၏ မောင်ထွန်းသူ | ၃၄၁ |

mgyoe.com

mgyoe.com

# ရွှေဥဒေါင်း၏ ရွှေဥဒေါင်း

၁၉၆၁ ခုနှစ်က ဆရာကြီး 'တစ်သက်တာ မှတ်တမ်းနှင့် အတွေးအခေါ်များ' ဆိုတဲ့ စာအုပ် ရေးသားထုတ်ဝေခဲ့တယ်။ ဒီစာအုပ်ကို စတုတ္ထတွဲအထိ ထုတ်ဝေခဲ့ရတယ်။ ဆရာကြီးရဲ့ တစ်သက်မှာ ဒီစာအုပ်ဟာ အရှည်ဆုံး၊ အများဆုံးရေးရတဲ့ စာအုပ်ပဲ။ ဒီစာအုပ် ၄ တွဲထဲက ဘယ်အတွဲကို အကြိုက်ဆုံးလဲလို့ ဆရာကြီးနဲ့တွေ့တဲ့ ဆရာ့ဆီလာတဲ့ပရိသတ်ကို မေးကြည့်တော့ လူတိုင်းလိုလိုက ပထမတွဲနဲ့ ဒုတိယတွဲကို အကြိုက်ဆုံးပဲလို့ ပြောကြတယ်။ ဒီပထမတွဲမှာ ကလေးဘဝနဲ့ ငယ်ငယ်ရွယ်ရွယ်က အကြောင်းတွေပါတယ်။ ကလေးဘဝ ငယ်ငယ်ရွယ်ရွယ်က အကြောင်းတွေကို ကြိုက်ကြတဲ့သဘောပဲ။ ဆရာကြီး မေးကြည့်သမျှလူတွေထဲမှာ တခြားလူတွေနဲ့ အကြိုက်ချင်းမတူတဲ့ ထူးထူးခြားခြား တစ်ယောက်ရှိတယ်။ သူက မိုးကုတ်က အမျိုးသမီးကြီးတစ်ယောက်ပါ။ သူကတော့ "ကျွန်မတော့ စတုတ္ထတွဲကို အကြိုက်ဆုံးပဲ ဆရာကြီး"တဲ့။ သူတစ်ယောက်တည်းပဲ ဒီအဖြေပေးတဲ့လူ ရှိတယ်။

ဆရာကြီးကိုယ်တိုင်ကလည်း စတုတ္ထတွဲပဲကြိုက်တာပဲ။ ဒီစာအုပ်ကို နာမည်မှည့်ကတည်းက "တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ" လို့ မှည့်ထားတယ်။ စတုတ္ထတွဲမှာ အတွေးအခေါ်တွေ အများကြီး

mgyoe.com

mgyoe.com


ရှိပါတယ်။ ဒါကြောင့် ဆရာကြီးရွေးရင်လည်း စတုတ္ထတွဲပဲရွေးမှာပဲ။ ဆရာကြီးရဲ့ဘဝမှာ ရေးလာသမျှ စာအုပ်တွေထဲမှာ ဒီစာအုပ်ကို အားအရဆုံးပဲ။ ဘာဖြစ်လို့အားရသလဲဆိုတော့ အတွေးအခေါ်တွေကို ရေးရလို့ပဲ။ ပထမတွဲမှာ ကလေး ဘဝရေးရတာက ဒီလောက်မဟုတ်ပါဘူး။ ကလေးဘဝ ချစ်ခန်းကြိုက်ခန်း တွေကတော့ ဝတ္ထုတစ်ပုဒ်ရေးရသလိုပဲ။ မထူးဆန်းပါဘူး။ စာဖတ်တယ်ဆိုတာ အမျိုးမျိုးရှိတာပဲ။ ဉာဏ်ရှိတဲ့လူက တွေးရမှအရသာရှိတာကလား။ စာရေးတယ်ဆိုတာလည်း ဉာဏ်ပါပြီး အတွေးအခေါ်တွေ ရေးမှကောင်းတာ။ ဒါကြောင့် စတုတ္ထတွဲကို စာရေးဆရာအနေနဲ့ အကြိုက်ဆုံး ဖြစ်မှာပဲပေါ့။

တချို့ အတ္ထုပ္ပတ္တိမှတ်တမ်းစာအုပ်တွေ အတော်ရေးကြပါတယ်။ တချို့ကလည်း ဆရာ့စာအုပ်ကြီး ထွက်ပေါ်လာတဲ့အခါ တို့လည်း ရေးလိုက်ဦးမယ်လို့ မောင်းတင်ကြတယ်။ ဒါပေမဲ့ ပေါ်မလာဘူး။ တချို့က ရေးချင်တာက ကိုယ့်ဂုဏ်ကို ဖော်ချင်ကြတယ်၊ မြှောက်ချင်ကြတယ်။ ဆရာကြီးကတော့ ဒီလို မဟုတ်ဘူး။ ကိုယ့်ကိုယ်ကိုယ် အညံ့ခံရေးတယ်။

ဆရာကြီးဟာ ဒီစာအုပ်ရေးဖို့ စိတ်မကူးဖူးပါဘူး။ ရေးဖြစ်လာပုံကလေး ပြောပြဦးမယ်။ ၁၉၅၃ ခုနှစ်က 'ဦးဖေသိန်း၏ ရွှေဥဒေါင်း'ဆိုတဲ့ အတ္ထုပ္ပတ္တိ စာအုပ်ငယ်တစ်အုပ် ရေးထုတ်ဖူးတယ်။ အဲဒါကလည်း ဆရာကြီးရဲ့ရတနာ ပုံဝတ္ထုကို ကျောင်းသုံးပြဋ္ဌာန်းလို့ စာရေးဆရာရဲ့အတ္ထုပ္ပတ္တိလည်း လိုတယ် ဆိုတာနဲ့ ကျောင်းသူကျောင်းသားတွေအတွက် အကြမ်းရေးခဲ့တာပါ။ မစုံ လင်ပါဘူး။

အဲဒီစာအုပ် ထွက်လာပြီးတဲ့ နောက်တစ်နေ့မှာ လူထုဦးလှနဲ့ မအမာက အထူးသဖြင့် မအမာက "ဦးလေးသိန်း အတ္ထုပ္ပတ္တိ ပြည့်ပြည့်စုံစုံ တစ်အုပ်ရေးစမ်းပါဦး"လို့ တိုက်တွန်းကြတယ်။ ဒီတော့ ဆရာကြီးက

mgyoe.com

mgyoe.com

ကိုယ့်အတ္ထုပ္ပတ္တိ ကိုယ်ရေးတယ်ဆိုတာ တိုင်းပြည်မှာ တစ်နည်းနည်းနဲ့ ကြီးကျယ်ပြီး လူတစ်လုံး သူတစ်လုံး ဖြစ်လာသူတွေသာ ရေးလေ့ရှိကြတယ်။ ဦးလေးသိန်းမှာ ဘာ တစ်လုံးမှ မဖြစ်လာသေးလို့ ဦးလေးသိန်း အကြောင်းကို တခြားလူတွေက ရေးထိုက်တယ်ထင်လို့ ရေးကြရင်လည်း ရေးကြပါစေတော့၊ ဦးလေးသိန်းတော့ ကိုယ်တိုင်ရေးရင် ကိုယ့်ကိုယ်ကိုယ် အထင်ကြီးတဲ့ လူပဲလို့ တခြားလူတွေက စွပ်စွဲစရာဖြစ်လိမ့်မယ်လို့ ပြန်ပြောလိုက်တယ်။

ဒီတော့ မအမာက "ကိုယ့်အကြောင်း ကိုယ်ရေး တယ်ဆိုတာ လူတစ်လုံး သူတစ်လုံးဖြစ်လာမှ ရေးထိုက် တာ မဟုတ်ပါဘူး။ တကယ်လို့ ရောမလူကြီး တစ် ယောက် ဖြစ်လာတယ်ပဲ ထားပါဦး၊ ငါလိုလူရှိသေး သလားဆိုတဲ့ သဘောမျိုးနဲ့ ဟိတ်ထုတ်ပြီး ရေးတာမျိုး ဆိုရင်တော့ စာဖတ်တဲ့လူအဖို့ အကျိုးများသင့်သလောက် မများဘူးပေါ့။ ကြီးကျယ်လှတဲ့ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်ပေမယ့်လည်း စာရေးတတ်တဲ့ စာရေးဆရာ တစ် ယောက်ဖြစ်ရင် ဖတ်ချင်စဖွယ် ဖြစ်နိုင်တဲ့အပြင် စာဖတ် တဲ့လူအဖို့ သင်ခန်းစာယူနိုင်လောက်တဲ့ စာအုပ်မျိုး ဖြစ်လာနိုင်ပါတယ်"လို့ ပြောပြန်တယ်။ အဲဒီအခါကျမှ အင်း အမာပြောတာ ဟုတ်ပေသားပဲ။ မဆိုးဘူးဆိုပြီး ရေးဖို့ဆုံးဖြတ်လိုက်တာပဲ။

ဒီလို စိတ်ကူးရတော့ ကမ္ဘာကျော် အတ္ထုပ္ပတ္တိရေး ဆရာကြီး ဘော့စ်ဝဲလ် အကြောင်းကို သတိရမိတယ်။ ဘော့စ်ဝဲလ်ဟာ ကမ္ဘာကျော် စာရေးဆရာကြီး တစ်ဦး ဖြစ်တဲ့ ဂျွန်ဆင်ရဲ့ အတ္ထုပ္ပတ္တိကိုရေးတဲ့အခါ သူရဲ့ အတ္ထုပ္ပတ္တိ စာအုပ် (Biography) ဟာ ကမ္ဘာပေါ်မှာ အကောင်းဆုံးစာအုပ်တစ်အုပ် ဖြစ်ရုံမကဘူး၊ သူ့နောက် က ဒုတိယလိုက်တဲ့ စာအုပ်တစ်အုပ်ဟာ ဘော့စ်ဝဲလ်ရဲ့ စာအုပ်နောက်က မိုင်ပေါင်းများစွာ ပြတ်ကျန်ရစ်တယ်လို့

mgyoe.com

mgyoe.com

စာရေးဆရာကြီး လော့ဒ်မကွော်လေးက ချီးကျူးရေးသား ဖူးတယ်။ ဘော့စ်ဝဲလ်ရဲ့စာအုပ်ထဲမှာ ဒေါက်တာ ဂျွန်ဆင် နဲ့ သူတွေ့တိုင်း စကားနိုင်လုပြီး ပြောကြတဲ့အခါတိုင်း ဒေါက်တာ ဂျွန်ဆင်ကနိုင်ပြီး ဘော့စ်ဝဲလ်က ပြတ်ပြတ် သတ်သတ် ခွေးကျဝက်ကျနဲ့ ခံရပုံတွေကို အရှက်မငဲ့ဘဲ ရဲရဲတင်းတင်း ကွက်ကွက်ကွင်းကွင်း ပြည့်ပြည့်စုံစုံ ရေးသားဖော်ပြခဲ့တယ်။ ဒီစာအုပ်မှာ ဒေါက်တာဂျွန်ဆင် တော်သလောက် ဘော့စ်ဝဲလ်က ညံ့နေတယ်။ ဒီတော့ ဒေါက်တာဂျွန်ဆင်တော်တာ ဘော့စ်ဝဲလ်က ညံ့နေလို့ အစွမ်းကုန် တောက်ပြောင်ပြီး အကောင်းဆုံး စာအုပ်ကြီး ဖြစ်လာတယ်။ တစ်ကမ္ဘာလုံးက စာအုပ်ကြီးကို ချီးကျူး မဆုံးရှိနေတုန်း ဘော့စ်ဝဲလ် ကွယ်လွန်သွားရော။ ဒီအခါ ဘော့စ်ဝဲလ်ရဲ့သားက သူ့အဖေရဲ့စာအုပ် နာမည်ကြီး လွန်းလို့ ဂုဏ်ယူတယ်များထင်ကြသလား၊ မဟုတ်ဘူး။ သူသာတတ်နိုင်ရင် ကမ္ဘာပေါ်မှာ ရှိရှိသမျှ သူ့အဖေရဲ့ စာအုပ် ကိုဝယ်ပြီး မီးရှို့ပစ်ချင်သတဲ့။ ဘာဖြစ်လို့လဲ ဆိုတော့ ဒီစာအုပ်ကြီးမှာ သူ့ဖခင်ဟာ စာရေးကောင်းပေ မယ့် လူအနေနဲ့ ညံ့နေလို့တဲ့။

အခု ဆရာကြီးရဲ့စာအုပ်လည်း ဆရာကြီးရဲ့ အဆက်အနွယ်တွေက စာအုပ်ကို မီးရှို့ချင်ကောင်း မီးရှို့ချင်ကြမှာပဲ။ ဒါပေမဲ့ ရှို့ချင်လည်း ရှို့ကြပေတော့ ဆိုပြီး ရေးဖို့ဆုံးဖြတ်ပြီး ရေးလိုက်တာပဲ။ ဆရာကြီးလည်း ဘော့စ်ဝဲလ်စာအုပ်ကို ခပ်ဆင်ဆင် အနာခံရေးတာပဲ။ အညံ့ခံရေးတာပဲ။ ဘာမှ မဖုံးဘူး။ တချို့လူတွေက ကိုယ်ညံ့တာကို သေလောက်အောင် ဖုံးချင်ကြတာကို ဆရာကြီးက ဖော်ရေးတာပဲ။ ပထမတွဲမှာ စန္ဒေဝီနဲ့ရဖို့ဟာ မရဘူး။ တခြားလူနဲ့ ရသွားတယ်။ ဒီလိုကိုယ်ညံ့တာ တွေလည်း ထည့်ရေးတယ်။

ဒီစာအုပ်ဟာ ဆရာကြီးရေးသမျှ စာအုပ်တွေထဲမှာ အရှည်ဆုံးပါ။ ဒီလောက်ရေးဖို့ ဘယ်တုန်းကမှ

mgyoe.com

mgyoe.com

မစဉ်းစားဘူး။ ရေးမိတော့လည်း ပေးဦး တစ်ရွက် ပေးဦး တစ်ရွက်ပဲ။ စာအုပ် ၄ အုပ်တွဲ ဖြစ်သွားရော။ ဒီစာအုပ်မှာ ကိုယ်အညွှံခံရေးတာတွေကို နားလည်တဲ့လူတွေက လက်ခံကြပါတယ်။ ဘော့စ်ဝဲလ်ရဲ့ စာအုပ်ကောင်းတာက တစ်မျိုးပေါ့။ ဆရာကြီးရဲ့ စာအုပ်ကတော့ အတွေးအခေါ်များတယ်။ ဒါပေမဲ့ ဆရာကြီးရဲ့ စာအုပ်က အတွေးအခေါ်ကောင်းလို့လို့ မပြောချင်ဘူး။ ဆရာကြီးစာအုပ်ရဲ့ အရေးအသားနဲ့ပတ်သက်လို့ ရေးကြတာက ဆရာကြီးကိုယ်တိုင်ရေးတာထက် ပိုကောင်းနေတယ်။ သူတို့ ရေးကြတာဖတ်ပြီး ငါဒီလောက်ရေးတတ်ရဲ့လားလို့တောင် အောက်မေ့မိတယ်။ ဒီစာအုပ်တွေထဲက သဘောကျတာ တစ်ခုရှိတယ်။ အဲဒါက ကိုယ်ငယ်စဉ်က အဖြစ်အပျက်ကလေးတွေကို ကိုယ်တိုင်ပြန်ပြီး သရုပ်ဖော်ရတဲ့ အချက်ပဲ။ အဲဒါအရသာရှိတယ်။ ဒါ့ကြောင့် ဖတ်တဲ့လူကလည်း လိုက်ပြီးအရသာရှိတာ ဖြစ်လိမ့်မယ်။ ဆရာကြီး ငယ်ငယ်ကအကြောင်းတွေကို ပြန်လွမ်းပြီး ရေးတာကိုး။ ရေးရတဲ့လူအဖို့ ဒါအရသာပဲ။ ရေးတဲ့လူ အရသာရှိလို့ ဖတ်တဲ့လူ အရသာရှိတာပေါ့။ ငယ်ငယ်တုန်းကတော့ ကိုယ်ကလည်း ပျော်နေတာကိုး။ ရေးရတာလည်း ပျော်တာပေါ့။ အခုနေ ဆရာကြီးနေရတာ အရသာ မရှိတော့ဘူး။ ဒီအဖြစ်အပျက်တွေကိုသာ ဆရာကြီးလိုက်ရေးရင် ဖတ်တောင် ဖတ်ချင်ကြမှာ မဟုတ်ဘူး။ စာရေးတဲ့ အလုပ်နဲ့ ပတ်သက်လို့ ဆရာကြီး ကိုယ်တိုင်ကလည်း တော်ရော့ပေါ့။ ဒါတွေဟာ ဘာလုပ်မလဲ။ ဒီလိုဖြစ်လာပြီ လူကမှ ပျင်းတဲ့အပိုင်းရောက်လာတော့ ကိုယ်ရေးတဲ့ အကြောင်းအရာတွေဟာလည်းပျင်းမှာပေါ့။ ငယ်ငယ်တုန်းကနဲ့ မတူတော့ဘူးလေ။ စောစောက ပြောသလိုပဲ။ ရေးတဲ့လူကိုယ်တိုင်က အရသာရှိမှ ဖတ်တဲ့လူလည်း အရသာ ရှိမှာပဲ။

mgyoe.com

mgyoe.com

အခုတော့ စာဖတ်ကလည်း သိပ်မလုပ်တော့ဘူး။ အမှန်အတိုင်းပြောရရင် ကိုယ့်စိတ်တူးနဲ့ ကိုယ်နေရတာ အကောင်းဆုံးပဲ။

လူငယ်တွေ စာရေးနိုင်ကြပါစေ။
အားလုံးကျန်းမာချမ်းသာကြပါစေ။

**(၅-၁၂-၇၂ နေ့က ဆရာကြီး ရွှေဥဒေါင်းရဲ့ နှုတ်ပြော အမှာစကားကို မောင်သစ်လွင် (လူထု)နဲ့ မောင်စောလွင်တို့က မှတ်တမ်းတင်ပါတယ်။)**

❑

mgyoe.com

mgyoe.com

## ပီမိုးနင်း၏ ပီမိုးနင်း

စာပုံနှိပ်တိုက်ဖွင့်ကာ မဂ္ဂဇင်းများကို ထုတ်ဝေနေစဉ် ကမ္ဘာစစ်ကြီးဖြစ်ပွား၍ စက္ကူများမလုံလောက် ငွေယ်ကူစွာ မရ။ ဈေးမှာလည်း အလွန်ရှားပါး၍ မှန်းချက်မကိုက်သောကြောင့် မဂ္ဂဇင်းထုတ်ဝေခြင်းကို ရပ်စဲကာ ၆ နှစ်သားဖြစ်သော သားကျော်စိုးနှင့် ၎င်း၏မိခင်ကို ထားပြီး ရန်ကုန်မြို့သို့ အလုပ်ရှာ ထွက်ခဲ့လေသည်။

ရန်ကုန်မြို့သို့ရောက်ပြီး များမကြာမီအတွင်း သူရိယတိုက်တွင် စစ်သတင်းများကို ဘာသာပြန်ဆိုရေးသားရသော အလုပ်ကိုစ၍ လုပ်ရလေသည်။ သို့သော် ကျွန်ုပ် လုပ်ရသော အလုပ်ကား သူရိယနှင့်မဆိုင် ကိုဘကလေး၏ စစ်ကြေးနန်းဘက်တွင် ဖြစ်လေသည်။ လုပ်ရသည်မှာ အားမလိုအားမရ ရှိသဖြင့် ထိုတိုက်မှ ထွက်ခဲ့ပြန်လေသည်။

ထိုအခါ မြန်မာ့အလင်းကို စတင်တည်ထောင်သူ ဦးရွှေကြူးနှင့်တွေ့ပြန်ရာ ဦးရွှေကြူးတွင် လယ်တီပဏ္ဍိတ ဦးမောင်ကြီး မရှိသဖြင့် တပည့် မောင်ခင်မောင်နှင့် မဂ္ဂဇင်း ထုတ်ဝေခြင်းအလုပ်ကို လုပ်ကိုင်လျက်ရှိလေသည်။

ထိုအခါက ဂျာမန်သင်္ဘော အင်မဒင်သည် ဘင်္ဂလားပင်လယ်အော်ထဲ၌ သောင်းကျန်းနေသောအခါ

mgyoe.com

mgyoe.com

ဖြစ်လေသည်။ မြန်မာပြည်သူပြည်သားတို့သည် စစ်သတင်းနှင့် ထိုအင်မဒင်သဘော်၏ အကြောင်းများစွာ သိလိုကြလေရာ စစ်သတင်းများကို အထူးတလည် ပြောဆိုကြခြင်း၊ စစ်သတင်းများပါသည့် သတင်းစာတို့ကို စောင့်မျှော်နေခြင်း ပြုသည်တို့ကို တွေ့ရသည့်အတွက် စစ်သတင်းများထည့်ကာ နေ့စဉ်သတင်းစာ ထုတ်၍ ရောင်းရပါက များစွာ အကျိုးဖြစ်ထွန်းမည်ကို တွေးတောမိသည့်အလျောက် နေ့စဉ်သတင်းစာ ထုတ်ဝေရောင်းချရန် ဦးရွှေကြူးအား တိုက်တွန်းနှိုးဆော်ခဲ့လေသည်။

ဦးရွှေကြူးလည်း ကျွန်ုပ်၏ တိုက်တွန်း နှိုးဆော်ချက်အရ နေ့စဉ် သတင်းစာကို မြန်မာ့အလင်း အမည်ဖြင့် ထုတ်ဝေခဲ့လေသည်။ သူရိယသတင်းစာမှာ ထိုအခါက ရက်ခြားသတင်းစာမျှသာ ဖြစ်လေသည်။ ကျွန်ုပ်သည် သူရိယမှာ အလုပ်လုပ်စဉ်ကထက် စစ်ကြေးနန်းသတင်းများ အထူးကြိုးစားကာ ကောင်းသည်ထက်ကောင်းအောင် စုံသည်ထက်စုံအောင် ရေးသားကာ မြန်မာ့အလင်းနေ့စဉ်ထုတ် သတင်းစာတွင် ရေးသားလေသည်။ မြန်မာ့အလင်း သတင်းစာသည် နာမည်တစ်ခါတည်း ကျော်ကြားကာ ထိုစဉ်အခါမှစ၍ ယခုထက်တိုင်အောင် ကျော်ကြားကြီးပွားခဲ့လေသည်။ ငမိုး ဓားနှင့်ထိုး၍ သေဆုံးခဲ့သည့် ဆရာသင်သည် ကျွန်ုပ်၏ အကူအညီဖြစ်ခဲ့လေသည်။ ဆရာသင်မှာ စာများကို ပြင်သူဖြစ်လေသည်။ ဦးရွှေကြူး ဂျပန်ပြည်သို့ သွားသောအခါ သတင်းစာအလုပ်ကို ရပ်စဲထားရလေသည်။ သတင်းစာကိုပင် ရပ်စဲထားရသော်လည်း ကျွန်ုပ်၏ စာရေးခြင်း ဝါသနာကိုကား မရပ်စဲနိုင်သဖြင့် သူရိယသို့ ရောက်ရှိခဲ့ပြန်လေသည်။ ထိုအခါက သူရိယ၌ ဆပ်အယ်ဒီတာ အဖြစ်ဖြင့် လုပ်ကိုင်ခဲ့ရလေသည်။

mgyoe.com

mgyoe.com

သူရိယသတင်းစာတိုက်၌ လုပ်ကိုင်နေစဉ် ယေရှုခရစ်ကျောင်း တစ်ကျောင်း*၌ လာတင် ဆရာတစ်ယောက် အလိုရှိသည်ဟူသော ကြော်ငြာကို တွေ့ရှိရသဖြင့် ထိုဆရာအလုပ်ကို မောင်ကျော်ညွန့်ဟူသော အမည်ဖြင့် လျှောက်ထားလိုက်လေသည်။ နောက်တစ်နေ့၌ မြန်မာကိုမခန့်နိုင် မြန်မာလူမျိုးကို လာတင်ဘာသာပြဆရာခန့်လျှင် ပညာရေးဌာနက ကန့်ကွက်လိမ့်မည်ဟူသော ပြန်စာကို ရရှိလေသည်။

ထိုပြန်စာကို ရရှိသည့်အခါ ကျွန်ုပ်မှာ မြန်မာနာမည် ၂ ခုရှိလျက် တစ်ခုမှာ ဇာတာ၌ရှိသော အမည်မောင်ကျော်ညွန့်ဖြစ်၍ အခြားတစ်ခုမှာ မိုးနှင်းဖြစ်သည်ကို သတိရမိလေသည်။ မိုးနှင်းမှာ အရပ်ကခေါ်သောနာမည် ဖြစ်လေသည်။

ကျွန်ုပ်သည် ၁၂၄၅ ခုနှစ် တန်ဆောင်မုန်းလဆန်း ၆ ရက် တနင်္လာနေ့ နံနက် ၉ နာရီ ဆွမ်းတော်ဖို့ဟုအော်ပြီး ဘုန်းကြီးကျောင်းသား ကလေးများ ဆွမ်းခံသောအချိန်၌ မွေးဖွားခဲ့လေသည်။ ကျွန်ုပ်ကို ဖွားမြင်သောထိုနေ့နံနက်၌ မိုးနှင်းများ ထူထပ်စွာ ကျနေရကားအချိန် ၉ နာရီ ၁၀ နာရီ ထိသည်တိုင်အောင် နေရောင်ခြည်ကို ကောင်းစွာ မမြင်ရချေ။ ဤမျှ ထူထပ်စွာကျနေသော မိုးနှင်းများကို အစွဲပြု၍ ကျွန်ုပ်ကားမိုးနှင်းဟူသော အမည်ဖြင့် ရပ်ရွာက အသိအမှတ်အမည်ပေးကာ ခေါ်ဝေါ်ခဲ့ကြလေသည်။

ဤအမည်ကို ရှေ့မှ ပီတစ်လုံးတိုးကာ ပီမိုးနင်းဟုအင်္ဂလိပ်နာမည် ယောင်ယောင် ရေးထိုးကာ ထပ်မံလျှောက်ထားပြန်လေသည်။

မိုးနှင်း၏ရှေ့မှ ပီတစ်လုံးတိုးလိုက်ခြင်းကား ကျွန်ုပ်ဘရင်ဂျီဘုန်းကြီး လုပ်ရန် မော်လမြိုင်သို့ သွားစဉ်က

* ရန်ကုန်မြို့ အလုံရပ်ရှိ ဘက်ပ်တစ်ကျောင်းကို ဆိုလိုသည်။ စာတည်း။

mgyoe.com

mgyoe.com

ဘရင်ဂျီဘာသာအမည်ကို ပီအိချ်အိုင်အယ်လ် အိုင်ပီ (Philip) ဟူ၍ ရှိရာ ၎င်းကိုအစွဲပြုပြီး ပီဟူ၍ ရှေ့က ဘပ်ကာ အင်္ဂလိပ်နာမည်ယောင်ယောင် တပ်လိုက်ခြင်း ဖြစ်လေသည်။

ထိုကဲ့သို့ ပီမိုးနင်းဟု လျှောက်လွှာကို ရေးထိုးကာ ပို့လိုက်ပြီးသည့် နောက်တစ်နေ့၌ ကျောင်းအုပ်ကြီး ဒေါက်တာဂေးလမိုးက လူချင်းစကားပြောရန် (အင်တာဗျူး) ခေါ်ငင်သဖြင့် ကျွန်ုပ်သည် နာမည်နှင့် လိုက်အောင် ဘောင်းဘီရှည်နှင့် အင်္ဂလိပ်အဝတ်အစားကိုဝတ်ကာ ကျောင်းသို့ သွားခဲ့ လေသည်။ ဒေါက်တာဂေးလမိုးနှင့် တွေ့ဆုံစကားပြောသောအခါ၌ မောင် ကျော်ညွန့်ဆိုသူထံ မှလည်း လျှောက်လွှာတစ်စောင်ရကြောင်း ဒေါက်တာ ဂေး လမိုးက ကျွန်ုပ်အားပြောကြားသဖြင့် မောင်ကျော် ညွန့်ဆိုသူမှာ တခြားမဟုတ် ကျွန်ုပ်ပင်ဖြစ်ကြောင်း မြန်မာကိုလက်မခံဟု ဆိုသဖြင့် ယခုကဲ့သို့ ငယ်နာမည် ကို အင်္ဂလိပ်နာမည်ယောင်ယောင်နှင့် လျှောက်ထားခဲ့ရ ကြောင်းတို့ကို ကျွန်ုပ်သည် မှန်သည့်အတိုင်း ပြောပြလိုက် လေသည်။

အင်း... မင်းပြောတဲ့ အင်္ဂလိပ်စကားလောက် မင်းလာတင်စာကို ပြောတတ်ရင်တော့ မင်းဟာ မြန်မာပြည်မှာ အကောင်းဆုံး လာတင်ဆရာ တစ်ဦး ဖြစ်မှာပဲ*ဟု ပြောကြားကာ ကျွန်ုပ်အား ဒေါက်တာ ဂေးလမိုးသည် အလုပ်ခန့်လိုက်လေသည်။ လေးတန်းမှ ဆယ်တန်းထိအောင် လာတင်စာများကို ကျွန်ုပ် တစ်ယောက်တည်း ပြခဲ့ရလေသည်။ နွေလရောက်၍

---

* ဆရာကြီး ပီမိုးနင်းသည် အင်္ဂလိပ်စာအရေးနှင့် အပြောတွင် လည်းကောင်း၊ လာတင် အရေးအပြောတွင် လည်းကောင်း၊ အလွန်ကျွမ်းကျင်သူဖြစ်ပေသည်။ ပီလောပိန် သိပ္ပံ၌နေစဉ်က လာတင်ဘာသာဖြင့် တေးသီချင်းများစွာ ရေးခဲ့ဖူးသည့်အပြင် ညဥ့်အခါ မိမိထက်ငယ်သော ကျောင်းသားများအား လာတင်ပုံ များကို လာတင်ဘာသာဖြင့် အခါခါပြောခဲ့ဖူးလေသည်။ **စာပေသည်း။**

mgyoe.com

mgyoe.com

စာမေးပွဲများ ပြီးသောအခါ ကျောင်းရက်ရှည် ပိတ်လိုက်လေသည်။

ကျွန်ုပ်လာတင်ဆရာဖြစ်နေသည့် အတောအတွင်းတွင် ပညာ့အလင်း မဂ္ဂဇင်းထွက်ပေါ်လာခဲ့လေသည်။ ကျောင်းအားလပ်သော နွေရာသီအခါ၌ ကျွန်ုပ်သည် အလဟဿ မနေခဲ့ဘဲ မဂ္ဂဇင်းတိုက်များသို့ ဝတ္ထုနှင့် အခြား စာစောင် ဆောင်းပါးတို့ကို ရေးသားပေးပို့ခဲ့လေသည်။ ထိုသို့နေခဲ့ရင်း လယ်တီပဏ္ဍိတဦးမောင်ကြီးကို အကြောင်းပြု၍ ပညာ့အလင်းမဂ္ဂဇင်းပိုင်ရှင် ဦးတင်နှင့်တွေ့ခဲ့လေသည်။ ဦးတင်ကပင် ကျွန်ုပ်အား မဂ္ဂဇင်း၌ ကူညီလုပ်ကိုင်ရန် ပြောကြားသောကြောင့် ၎င်းမဂ္ဂဇင်း၌ ဝင်ရောက်ကာ လစဉ်ဝတ္ထုနှင့် အခြားအခန်းပေါင်းများစွာတို့ကို ကြိုးကြိုးစားစား ရေးသားခဲ့လေသည်။ မဂ္ဂဇင်းမှ တစ်ဆင့်တက်၍ ပညာ့အလင်းသတင်းစာဟူ၍ ထွက်ပေါ်လာခဲ့လေသည်။ ထိုအခါ ကျွန်ုပ်သည် ဒေါက်တာဧးလမိုးကျောင်းသို့ မပြန်တော့ဘဲ ၎င်းမဂ္ဂဇင်းနှင့် သတင်းစာမှာပင် တည်းဖြတ်လုပ်ကိုင်ခဲ့လေသည်။

၎င်းပညာ့အလင်းသတင်းစာ၌ ပိုက်ဆံကြီး အမည်ဖြင့် ဆောင်းပါးများကို လည်းကောင်း၊ နေရီရီ၊ ပွဲ စားကြီးသားအဖနှင့် မြမြစသော ဝတ္ထုရှည်ကြီးများကို လည်းကောင်း ရေးသားခဲ့လေသည်။* ထိုစဉ်အခါက ခွဲရေးတွဲရေးနှင့် ဒိုမီဆိုင်အရေးများ ပေါ်ပေါက်လျက် ရှိလေရာ ကျွန်ုပ်သည် ပိုက်ဆံကြီးအမည်နှင့်ပင် တွဲရေး ဘက်မှနေ၍ စာတိုစာရှည်ပေါင်း မြောက်မြားစွာတို့ဖြင့် တိုင်းရေးပြည်ရေး စသော အရာများကို

* ခင်ထား၊ ပင်လယ်ကူးဓာတ်ပုံ၊ ဘိအေမောင်တင့်နှင့် ကချေသည် မယ်မြင့် အစရှိသော ဝတ္ထုကြီးများနှင့် လောကီလမ်းပြကျမ်းများကို ဆရာကြီး ပီမိုးနင်းသည် ပညာ့အလင်းသို့ မရောက်မီကပင် မထင်ရှားသောအမည်ဖြင့် ရေးသားထုတ်ဝေခဲ့လေသည်။ **စာတည်း။**

mgyoe.com

mgyoe.com

ပြောဆိုလိုသမျှ ဘွင်းဘွင်းကြီး ရေးသားခဲ့လေသည်။ ပညာ့အလင်းတိုက်မှ ထွက်သောအခါ တိုက်ရှင်က ပိုက်ဆံကြီးဟူသော အမည်ကို အတင်းယူထားလိုက်သည့်အတွက် ပိမိုးနင်း ဟူသော အမည်ကို သုံးစွဲရလေတော့သည်။

ထိုအခါက ၂၁ ဦး ဂိုဏ်းသားများသည် ပညာ့အလင်း သတင်းစာကို လွန်စွာ မုန်းတီးနေကြသောအခါဖြစ်လေသည်။ သို့ကြောင့်လည်း မြန်မာ့အလင်းမှ ဆရာသင်သေဆုံးသောအခါ ၂၁ ဦးဂိုဏ်းသားတို့သည် ပညာ့အလင်းကို မုန်းတီးသည့်အတွက် ဆရာသင်ကို လွန်စွာ ချီးမြှောက်ကြသည်မှာ ဆရာသင်သည် အဖိုးတန် သော မျိုးချစ်ပုဂ္ဂိုလ်ကြီးတစ်ယောက်ဖြစ်သွားတော့လေ သည်။ ကျန်ရစ်ခဲ့သော ဆရာသင်၏ သားမယားတို့ အတွက် ရန်ပုံငွေများကိုလည်း ဖွင့်ကြလေသည်။ နောင် သောအခါ၌ ထိုရန်ပုံငွေကို အဘယ်သို့ အသုံးပြု၍ ဘယ်ကိုဇရောက်သည်ကိုကား မသိရပေ။

ဆရာသင် သေဆုံးရသည်မှာ ပညာ့အလင်းကြောင့် သေဆုံးရသည် မဟုတ်ပေ။ ပညာ့အလင်းတိုက်ရှင် ကသော်လည်းကောင်း၊ တိုက်သားများကသော်လည်းကောင်း ဆရာသင်အား သေကြောင်းမကြံကြပေ။

ဆရာသင်ကို အနည်းငယ်ဆုံးမဖို့ရန် ပညာ့အလင်းတိုက်ရှင် ဦးတင်က ပြောမိသည်မှာကား မှန်ပေသည်။ ဆုံးမခိုင်းသည်ဆိုရာ၌ တစ်ခါတည်း ကိစ္စတုံးစီရင်ခိုင်းခြင်းကား မဟုတ်ပေ။

ထိုစဉ်အခါက ဆရာသင်သည် ပညာ့အလင်း၌ အလုပ်လုပ်ကိုင်ဖို့ရန် လာရောက်ကြိုစည်ဖူးလေသည်။ သို့သော် ပညာ့အလင်းက အလုပ်မပေး၊ လက်မခံသည့်အခါ ဆရာသင်သည် မြန်မာ့အလင်းမှာပင် လုပ်ကိုင်ရလေသည်။ မြန်မာ့အလင်းမှနေ၍ မုံရွေးပဏ္ဍိတ ဟူသောအမည်ဖြင့် ဝတ္ထုတစ်ခုကို ရေးသားလေသည်။

mgyoe.com

mgyoe.com


မုံရွေးပဏ္ဍိတဆိုသည်မှာ ပညာ့အလင်းလယ်တီပဏ္ဍိတ ဦးမောင်ကြီးကို စောင်းချိတ်ရေးသားခြင်း ဖြစ်လေသည်။ ထိုအခါ၌ ပညာ့အလင်း ဦးတင်သည် လယ်တီပဏ္ဍိတ ဦးမောင်ကြီးကို ဘုရားတစ်ဆူလို ကိုးကွယ်ထားသူဖြစ်လေရာ ထိုကဲ့သို့ ဆရာသင်က မိမိ၏ဆရာအား စောင်းချိတ် ရေးသားလိုက်သည်ကို တွေ့ရသောအခါ လယ်တီပဏ္ဍိတကို ထိခိုက်၍ ရေးရပါမည်လားဟု ဆရာသင်၏အပေါ်၌ ဆတ်ဆတ်ခါအောင် နာကြည်းခဲ့လေသည်။ သို့အတွက် ကိုမိုးအား ဆရာသင်ကို သွားရောက်ဆုံးမပေးရန် ပြောကြားခဲ့လေသည်။

သို့တိုက်တွန်းသည့်အလျောက် ဆရာသင်သေသော ထိုညက ကိုမိုးသည် ဆရာသင်အား ကြိမ်လုံးဖြင့် ရိုက်နှက်ရုံမျှပင် ရိုက်ရလေသည်။ သို့သော် ဆရာသင်ကား နဂိုဒေါသကြီးသူ ဖြစ်သည့်အလျောက် ထိုကဲ့သို့ ကြိမ်ဖြင့် ရိုက်နှက်သောအခါ ကိုမိုးအား အလိုက်တွင် ကိုမိုးလည်း ဆရာသင်အား သတ်လိုက်ခြင်း ဖြစ်လေသည်။

ဆရာသင်သည် ဒေါသကြီးသူဖြစ်၏။ ကိုရွှေကြူးတိုက်နေစဉ်ကလည်း ကိုရွှေကြူးက သဘောမကျသဖြင့် ဆရာသင်အား အလုပ်ထုတ်ပစ်မည်ဟု ပြောရာ ဆရာသင်က တိုက်တစ်လုံးဖြို၍ ပစ်မည် ဘာထင်သလဲ၊ ညာထင်သလဲ စသဖြင့် ကြိမ်းမောင်းလေသည်။ သို့အတွက် ဦးရွှေကြူးသည် မထုတ်ဘဲ ထားလိုက်လေသည်။ မြန်မာ့အလင်းမှ ကျွန်ုပ် ထွက်သောအခါ ထိုကိစ္စသည် မရှိတော့ပေ။•

---

• ဆရာသင် အသတ်ခံရသည့်ကိစ္စနှင့် စပ်လျဉ်း၍ ဆရာပီမိုးနင်း၏ ရေးသားချက်တို့မှာ အများသောပြည်သူတို့ သိရှိနားလည်ပြီးဖြစ်သော အချက်တို့နှင့် ကွဲလွဲ ဆန့်ကျင်နေလေသည်။ ဆရာသင် အသတ်ခံရသည့် ၁၂၈၁ ခုနှစ် တော်သလင်းလဆုတ် ၃ ရက် (၁၁–၉–၁၉)နေ့တွင် ယခု မြန်မာ့အလင်း အယ်ဒီတာချုပ်ကြီး ဦးစိန်မှာ မြန်မာ့အလင်းတိုက် တိုက်အုပ်အဖြစ်

mgyoe.com

mgyoe.com


မြန်မာ့အလင်းမှ ထွက်ပြီးနောက် အောင်တော်မူခေါ်သော ခေါင်းစဉ် နှင့် တနင်္ဂနွေတစ်ပတ်တစ်ကြိမ် ဝတ္ထုကလေးများကို ထုတ်ဝေလျက် ရှိနေလေသည်။ ကျွန်ုပ်မှာ ထိုကဲ့သို့သော ကိုယ်ပိုင်အလုပ်ဖြင့် ဝတ္ထုများ

---

ဝင်ရောက်အလုပ်လုပ်၍ ၂ လနှင့် ၁၀ ရက်မျှ ရလေပြီ။ ဦးစိန်လည်း ဆရာသင်၏အကြောင်းကို သိတန်သလောက် ရင်းနှီးစွာ သိပြီးဖြစ်ရပေသည်။

ထိုကိစ္စနှင့် စပ်လျဉ်း၍ ဦးစိန်က (သေဆုံးသူ ဆရာသင်နှင့် လူဆိုးကြီးမောင်မိုးမှာ မည်သည့်အခါကမျှ မသိမကျွမ်း။ တွေ့ဖူးမြင်ဖူးလည်းမရှိ ရန်ငြိုးတစ်စုံတစ်ရာမရှိကြဘဲ ရက်စက်စွာ အသက် သေဆုံးအောင် ဓားလက်နက်နှင့် ထိုးသတ်ခြင်းသည် အလွန့်အလွန် အံ့ဩဖွယ်ကြီးတစ်ခု ဖြစ်ပေသည်။ ဆရာသင်သည် အခြားသူတစ်ပါးတို့အား စိတ်ကြမ်း နှုတ်ကြမ်းနှင့် တစ်စုံတစ်ရာ ပြောခဲ့ဖူးခြင်း မရှိ၊ သိမ်မွေ့နူးညံ့ ယဉ်ကျေးစွာနှင့် ပီယဝါစာ ဖြစ်အောင်သာ ပြောလေ့ ဆိုလေ့ ရှိသည်။ မည်သူတစ်ဦးကိုမျှ မာနထောင်လွှား၍ မတရားသော အမှုတို့ကို မပြုဖူးသည့်အပြင် ၎င်းနှင့်တွေ့၍ ပြောဖူးဆိုဖူးသော်လည်း၊ ၎င်းအား မေတ္တာ စိတ်သာရောက်၍ ညာတာသနား၊ ချစ်ခင်သူသာများပါလျက် လူဆိုးကြီးမောင်မိုးအား လက်ညှိုးထိုး ဆရာသင်ကို မြင်အောင်ပင် ပြတဲ့၍ ချရှာ ပေ့ဗိဝ ပြုသူမှာတော့ အစီစီပေါ့။ ထိကြလိမ့်တစ်ခါ၊ ဘေးဘယာအဖြာဖြာကို ဖြစ်ပါစေ ဆုမတောင်း၊ လူကောင်းကြီးဆရာသင် ပြည်ကျိုးဆောင်ဆရာသင်၊ အမျိုးစောင့် ဆရာသင်၊ အနွယ်စောင့် ဆရာသင်၊ ပြန်ရှင်၍မလာ။ သူ့ကြမ္မာဖန်တီး၍ လူသတ်ကြီးလက်နက်နှင့် တစ်ချက်တည်းဆုံးသဖြင့်။ ပြည်အလုံးနှမြောလွမ်းဆွတ်လျက် ရှိကြရတော့သည်။ ဆရာသင်၏ မယား၊ သမီးနှင့် သားသုံးယောက်များမှာ ဘယ့်လောက်ကားဆူ ဘယ့်လောက်ပူ၍ ဘယ်သူဘယ်သို့ အားကိုးဖို့လည်း မချို့မှန်းရာ။ မရှိပါခဲ့။ သေချာဂန၊ နည်းလမ်းပြ၍ ထိုမှ ထိုရွှေ့အကြောင်း မြေကို စုံစေ့အောင်သာ သင်ဆရာကို၊ ဘယ်မှာရှာပြား၊ တွေ့နိုင်အားမို့ တရားလက်လွှတ်၊ ယွင်းချွတ်မလျော်၊ အိပ်သော်မပျော်၊ စားသော်မမြိန်နိုင်၊ လွမ်းရှိန်မပျောက် တအောက်မေ့မေ့ တသွေ့ယောင်းယောင်း၊ တပြောင်းပြပြ၊ ထင်မြင်ရကား၊ များစွာမချမ်း။ အလွန်နွမ်း၍ တမ်းတခြင်း ဖြစ်နေသည်ကို မိတ်ဆွေ တွေ့မြင်သမျှတို့ ယခင်က ကြေကွဲကြကြောင်းကို ဖော်ပြပါသည်)ဟူ၍

mgyoe.com

mgyoe.com

ထုတ်ဝေခြင်းအားဖြင့် ဒီစတြိတ်နယ်ပယ်များမှ ကိုယ်စားလှယ်များ အကျိုး ရှိအောင် လုပ်ကျွေးခဲ့ရခြင်းသာလျှင် အဖတ်တင်လေသည်။ ၎င်းဝတ္ထုစာအုပ် ကလေး ၁၄ စောင်မျှ ထုတ်ဝေပြီးနောက် ဆက်လက် မထုတ်နိုင်တော့ပေ။

ကိုယ်ပိုင်အလုပ်လည်း မရှိတော့။ လခစားအလုပ်လည်း မရှိ။ ရသည့်တိုင်အောင်ပင်လည်း မလုပ်လို။ ဝတ္ထုနှင့်ဆောင်းပါးများ ရေးဖို့ရန်သာ ဝါသနာကြီးစွဲနေရကား ကိုယ်ပိုင်အလုပ် မရှိသောအခါ၌ ဒဂုန်မဂ္ဂဇင်း၊ လန်ဒန်အတ်မဂ္ဂဇင်းစသည့် မဂ္ဂဇင်းများသို့ ဝတ္ထုဆောင်းပါး စသည်တို့ကို ရေးသားပေးပို့ကာ နေခဲ့လေသည်။ ထိုကဲ့သို့ စာရေးနေခဲ့သော အတောအတွင်း သစ္စာဝါဒီ သတင်းစာထွက်ပေါ်လာပြန်ရာ ထိုသတင်းစာတွင် ဝင်ရောက် ကူညီလုပ်ကိုင်ရပြန်လေသည်။ များမကြာမီ ထိုသတင်းစာမှ တစ်ဖန် ထွက်ခဲ့ပြီးနောက် ဗန္ဓုလဂျာနယ်တွင် ထိထိရောက်ရောက် ဝင်ရောက်လုပ်ကိုင်ခဲ့ရာ ဗန္ဓုလဂျာနယ်မှ ဗန္ဓုလသတင်းစာ အဖြစ်သို့ ကူးပြောင်းခဲ့လေပြီ။ အတော်အတန်ကြာ ထွက်ပေါ်နေပြီးနောက် ဗန္ဓုလသတင်းစာ ရပ်စဲပြန်လေသည်။

ထိုစဉ်အခါကစ၍ ကျွန်ုပ်သည် အတော်အတန်ခဲယဉ်းစွာ အသက်မွေး ခဲ့ရလေသည်။ ကဝိမျက်မှန်၊ ကဝိတံခွန်၊ ဗြိတိသျှဘားမား၊ ဒဂုန်မဂ္ဂဇင်းများသို့ ဝတ္ထုများ၊ ဆောင်းပါးများ ရေးသားပေးပို့လျက် အသက်မွေးဝမ်းကျောင်းကို ပင်ပန်းစွာ ရှာခဲ့ရလေသည်။ ထိုသို့ ရေးသားရာတွင် ဗြိတိသျှဘားမား ရုပ်ရှင်ကုမ္ပဏီ (မဂ္ဂဇင်း) မှ အခအကြီးဆုံးရခဲ့လေသည်။ ဝတ္ထုတစ်ပုဒ်လျှင် ၅၀ ကျပ်အထိပင် ရခဲ့၏။ အခြားမည်သည့်ဝတ္ထုမဂ္ဂဇင်းတိုက်များမှ ၁၅ ကျပ် ၂၀ ကျပ်ထက်ပို၍ မပေးဖူးချေ။ ထိုအခါ၌ သူရိယမဂ္ဂဇင်း၌လည်း အမြဲလိုပင် ရေးသားခဲ့ရလေသည်။ ထိုသို့ ဝတ္ထုမဂ္ဂဇင်းတိုက်ပေါင်း မြောက်မြားစွာတို့သို့ မရပ်မနား ဝတ္ထု

mgyoe.com

mgyoe.com

ဆောင်းပါးတို့ကို ရေးသားနေခဲ့ရသော်ငြားလည်း ကျွန်ုပ်တွင် ချမ်းသာသည်ဟူ၍ကား မရှိပေ။ ရရစားစားနှင့်ပင် လူလုံးလှအောင်မျှ ဆင်မြန်းနိုင်အောင် ငွေပိုမရှိခဲ့ဖူးချေ။ စာရေးဆရာထဲမှ ကျွန်ုပ်တစ်ယောက်တည်းသာလျှင် ဆင်းရဲ၍ နေသလောဟူမူ။ ကျွန်ုပ်တစ်ယောက်တည်းသာမဟုတ်။ စာရေးဆရာတိုင်းလိုလိုပင် ဆင်းရဲနေကြ၏။ ထိုသို့ဖြစ်ရခြင်းအကြောင်းကား မည်သို့နည်း။ စာအုပ်ရိုက်ထုတ်သော တိုက်များသို့ပေးပို့သော ဝတ္ထု၊ ဆောင်းပါးတို့ကား မည်မျှပင် ကောင်းသော်လည်း စာရေးဆရာတို့သည် မည်သည့်အခါမျှ ထိုက်သည့်အားလျော်စွာ တန်ရာတန်ဖိုးကို မရခဲ့ပေ။ အဘယ်မှာလျှင် စာရေးဆရာတို့ ထမင်းဝအံ့နည်း။

မြန်မာပြည်ရှိ စာရေးဆရာတို့၏အကြောင်းကို အနည်းငယ်ရေးလိုသည်မှာ ကျွန်ုပ် မြန်မာပြည် စာရေးဆရာတို့၏ အဆင့်အတန်းကား တရုတ်ပြည် စာရေးဆရာတို့၏ အဆင့်အတန်းလောက်မျှ မမြင့်ပေ။ ထိုကဲ့သို့ အဆင့်အတန်း မမြင့်ခြင်းမှာလည်း ငွေအား၊ ကြေးအား ပြည့်စုံလျက် ပုံနှိပ်ထုတ်ဝေသော တိုက်ကြီးကုမ္ပဏီကြီးများ မရှိခြင်းကြောင့်ပင် ဖြစ်လေသည်။ မြန်မာပြည်ရှိ ပုံနှိပ်ထုတ်ဝေသော ဝတ္ထု၊ မဂ္ဂဇင်းတိုက်များမှာ အများအားဖြင့် တစ်ဦးတည်းပိုင် အနည်းငယ်သော ငွေရေးကြေးရေးနှင့် လုပ်ကိုင်နေရလေရာ စာရေးဆရာများထံမှ ဝတ္ထုတို့ကို အဘယ်မှာ ကြေးငွေမြောက်မြားစွာတန်ရာ တန်ဖိုးပေး၍ ဝယ်နိုင်အံ့နည်း။ ထိုငွေရင်း အနည်းငယ်မျှဖြင့် တည်ထောင်သော ဝတ္ထုမဂ္ဂဇင်း တိုက်ပိုင်တို့ကား မိမိတို့အကျိုးကျေးဇူးအမြတ်ငွေကို များများနှင့် မြန်မြန်ရရလေအောင် ဆင်းရဲမွဲတေနေသော စာရေး ဆရာတို့ထံမှ ဝတ္ထုဆောင်းပါးတို့ကို မတန့်တတန့် ဈေးလျှော့ပေးကာ ဝယ်ယူခြင်းအားဖြင့်သာ လုပ်ကိုင်နေသူများ ဖြစ်လေရာ အဘယ်မှာလျှင်

mgyoe.com

mgyoe.com

စာရေးဆရာတို့ ကျေးဇူးခံစားရအံ့နည်း။ အဘယ်မှာလျှင် စာရေးဆရာများ အားတက်သရော ရှိအံ့နည်း။

တရုတ်ပြည်ရှိ စာအုပ်ထုတ်ဝေသော ကုမ္ပဏီကြီးများမှာ အစုစပ်ဖြင့် ငွေအားကြေးအားကောင်းသော တိုက်ကြီးများဖြစ်လေရာ စာရေးဆရာများ၏ထံမှ ဝတ္ထုများကို တန်ရာတန်ဖိုးပေး၍ မူပိုင်ဝယ်ကာ ထုတ်ဝေခဲ့သည်သာမက ရိုင်ယယ်တီးနှုန်းပေးထားခြင်းအားဖြင့် ထိုပြည်ရှိ စာရေးဆရာ တို့၏ အဆင့်အတန်းမြင့်ခြင်းကို အံ့သြစရာမရှိပေ။ ရိုင်ယယ်တီးနှုန်းဆိုင်မှာ ထိုစာအုပ်ဖြန့်ဝေသော တိုက်ကြီးများသည် မိမိတို့အတွက် အမြတ်အစွန်းများကို မြန်မြန်ရဖို့ရန် အာသီသမထားကြဘဲ စာရေးဆရာတို့ကို အားပေးသောအားဖြင့် စာအုပ်ရောင်းဝယ်၍သော အမြတ်ငွေထဲမှ သင့်တော်သော ရာခိုင်နှုန်းထားကို တွက်ကာ အမြတ်ကို စာရေးဆရာတို့အား ခွဲဝေပေးပြန် ခြင်းဖြင့် စာရေးဆရာတို့မှာ အားကြိုးမာန်တက် မကောင်းကောင်းအောင် ဝတ္ထုဆောင်းပါးတို့ကို ရေးသားကြလေသည်။ ထိုတိုက်ကြီးများမှာ မူပိုင်စာများကိုလည်း ပျောက်ပျက်သွားသည် မရှိဘဲ အမြဲရိုက်နှိပ်ထုတ်ဝေကာ ရောင်းချနေရခြင်းအားဖြင့် ရိုင်ယယ်တီးထားကြသော စာရေးဆရာများနှင့် ကုမ္ပဏီတိုက်ကြီးများမှာ စာရေးဆရာတို့အတွက် ငွေဝင်လမ်းမှန်လျက် ပင်စင် အငြိမ်းစားများကဲ့သို့ပင် ဖြစ်လေသည်။

ကျွန်ုပ်တို့ မြန်မာပြည်၌ကား ရိုင်ယယ်တီး ထုံးစံကို နားမလည်ကြသည် သာမက ရုပ်ရှင်ကုမ္ပဏီများကလည်း စာရေးဆရာများကို အသိအမှတ် မပြုကြချေ။ စာရေးဆရာတို့ ရေးသားထားသော ဝတ္ထုဇာတ်လမ်းကလေးများကို သဘောကျပါက ထိုဝတ္ထုဇာတ်လမ်းမှပင် ခိုးယူကာ ရုပ်ရှင်ဇာတ်လမ်း ရိုက်ကြသေးလေသည်။ ထိုကဲ့သို့ ရုပ်ရှင်ကုမ္ပဏီများက စားပြတိုက်၊ ရိုင်ယယ်တီးလည်း မထားကြသော ကျွန်ုပ်တို့ စာရေးဆရာတို့၏

mgyoe.com

mgyoe.com

အဆင့်အတန်းကား အဘယ်မှာ မြင့်နိုင်ပါမည်နည်း။ ရုပ်ရှင်ကုမ္ပဏီများ၌ ဆုံးပါးခဲ့သော ကျွန်ုပ်၏ ဝတ္ထု အမြောက်အမြား ရှိခဲ့လေသည်။ မြန်မာပြည်ရှိ စာရေးဆရာတို့၏ အဆင့်အတန်းသည် ငွေအားကြေးအား ကောင်းကောင်းနှင့် ပုံနှိပ်တိုက် အလုပ်ကိုလုပ်သော အစုစပ်ကုမ္ပဏီ တိုက်ကြီးများ မပေါ်မချင်း မမြင့်နိုင်သေးချေ။ ယခုကဲ့သို့ပင် အောက်တန်းစား ဆင်းရဲသားဘဝမှာပင် နေရမည်သာတည်း။

ဗန္ဓုလဂျာနယ်မှာ ကျွန်ုပ်လုပ်စဉ်က သတင်းစာအဖြစ်သို့သာ တိုးတက် ချဲ့ထွင်နိုင်ခဲ့သည်မဟုတ်။ ဗန္ဓုလ ရုပ်ရှင်ဟူ၍လည်း ချဲ့ထွင်ပြီးလျှင် ရုပ်ရှင်ကားများ ရိုက်ကူးခဲ့သေးလေသည်။*

ကျွန်ုပ်၏သား မောင်ကျော်စိုးမှာ "ချစ်တဲ့သူရယ်" ဓာတ်ကားကို ရိုက်ကူးရာတွင် ဓာတ်လိုက်အဖြစ် အသုံးတော်ခံခဲ့လေသည်။ မောင်ကျော်စိုးအား ကျွန်ုပ်ကိုယ်တိုင် သင်ကြားပြသကာ ဒါရိုက်တာ လုပ်ကိုင်ခဲ့လေသည်။

ထို့နောက် ဗြိတိသျှဘားမား ရုပ်ရှင်သို့ မောင်ကျော်စိုး ရောက်သွားပြီးလျှင် "တစ်ကိုယ်တော်" ဓာတ်ကားရိုက်ကူးစဉ်ကလည်း ကျွန်ုပ်မှာ များစွာ ကူညီခဲ့ရလေသည်။ သား၏စွမ်းရည်သတ္တိနှင့် ဖွဲကောင်းခြင်းတို့ကို တွေ့ရသော ကျွန်ုပ်သည် ထိုနေ့မှစ၍ သားကို အားကိုးကာ ရုပ်ရှင်ဓာတ်ညွှန်းများကို ရေးပြီးနောက် ကျွန်ုပ်ကိုယ်တိုင်ပင် သားပါဝင်သော ဓာတ်ကားတို့တွင် ဒါရိုက်တာလုပ်ကာ အေးအေးနေတော့မည်ဟု စိတ်ကို ပိုင်းဖြတ်ထားလိုက်လေသည်။ ဗြိတိသျှဘားမား ရုပ်ရှင်ကုမ္ပဏီ၌ ဝတ္ထုများကို ပြန်၍ပေးရသော အလုပ်ကို

---

* ဆရာ ပီမိုးနင်းသည် မြန်မာပြည်တွင် ပထမဆုံး ရိုက်ကူးပြသသော မေတ္တာနှင့်သူရာ ဓာတ်ကား၌လည်း ဓာတ်ညွှန်းရေးခဲ့လေသည်။ တစ်သက်လုံးဖုံးသမျှ ကုန်းတော့မှပေါ် ဟူသော ဓာတ်ကားတွင် ဆရာပီမိုးနင်းသည် ပန်းချီဆရာကြီး အဖြစ်ဖြင့် ပါဝင်ခဲ့လေသည်။

mgyoe.com

mgyoe.com


လည်း လုပ်ကိုင်ခဲ့လေသည်။ သို့သော် ကျွန်ုပ်၏ စာရေးဆရာဘဝဖြင့် ဆင်းရဲခဲ့ရမည့် ဝဋ်ကြွေးမကုန်သေးရကား (၁၀ နာရီ) ခေါ် ဇာတ်ကားကို ရိုက်နေစဉ် သားမောင်ကျော်စိုးမှာ ရန်သူ၏ ဓားသွားတွင် အသက်ပါ၍ သွားရတော့လေသည်။ ဒါရိုက်တာအလုပ်ဖြင့် အေးအေးနေတော့အံ့ဟု ကျွန်ုပ်၏ စိတ်ကူးယဉ်ခဲ့ခြင်းတို့ကား သဲရေကျ ဖြစ်ရချေပြီ။ ထိုကဲ့သို့ ကျွန်ုပ်၏သား သူတစ်ပါး၏ လက်ချက်ဖြင့် အသက်သေဆုံးသောအခါ၌ ကျွန်ုပ်သည် သားအား ချစ်ခြင်း သနားခြင်းတို့ဖြင့် ပရိဒေဝမီးတောက်လောင်ကာ စိတ်အပျက်ကြီး ပျက်လျက် ရုပ်ရှင်အလုပ်မှ တစ်ခါတည်း ထွက်ခဲ့လေသည်။

ဒုက္ခဟူသည်ကား တစ်ခုတည်း မလာတတ်။ တပ်တောင်တာ ဗိုလ်ထုနှင့် လမ်းမှာတွေ့သမျှ အတိဒုက္ခတွေကိုပါ ခေါ်လာတတ်သည့်အတိုင်း ထိုသို့ သားအတွက် ပူဆွေးနေခဲ့သည့်အတွင်းတွင်ပင် မျက်စိအလင်းမမြင်ရရှာသော မောင်ကျော်စိုး၏ မိခင် မစိန်တင့်သည်လည်း သားနောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားပြန်လေတော့သည်။ မစိန်တင့်မှာ မျက်စိနှစ်လုံးအလင်းကွယ်ခဲ့သည့် အချိန်မှစ၍ တစ်ကိုယ်တည်း ပူဆွေးနေခဲ့ရသည့်အတွက် သားဦး မောင်ကျော်စိုးမှာ သူတစ်ဦး၏ လက်ချက်ဖြင့် အသေဆိုးနှင့် သေခဲ့ရကြောင်းကို ကြားသိရသောနေ့မှစ၍ ခမျာမှာ အဆွေးကြီးဆွေးကာ မစားနိုင် မသောက်နိုင် ၃-လနီးပါးမျှ သားအတွက် ပူဆွေးခြင်းဒုက္ခကို ခံခဲ့ပြီးသည့်နောက်၌ သေဆုံးသွားရခြင်း ဖြစ်လေသည်။ ဒုက္ခိတဇနီး မစိန်တင့်ရော အားကိုးအားထားရာဖြစ်သော သားကြီးပါ သေဆုံးသဖြင့် ကျွန်ုပ်မှာ များစွာ စိတ်မချမ်းမသာ ဖြစ်ခဲ့ရလေသည်။

ကျန်ရစ်ကြသော လူမမည် သားသမီးတို့၏ မျက်နှာများကိုမြင်ရသူတို့ ကလေးတွေ၏ တအယ်အယ်ငိုသံကို ကြားရသောအခါ ကျွန်ုပ်မှာ ဘာလုပ်ရ

mgyoe.com

mgyoe.com


မည် မသိ။ အလွန့်အလွန် ဝါသနာပါခဲ့သော စာရေးခြင်း အလုပ်ကိုပင် ထိုအခါက သတိမရ။ မရေးနိုင်ခဲ့တော့ချေ။ အရွယ်မရောက်ကြသေးသော သားတွဲလောင်း၊ သမီးတွဲလောင်းဘဝနှင့် ကျွန်ုပ်ကား ဘာကိုမျှ မကြံတတ်၊ မကြံနိုင်တော့ပေ။ သားနှင့် မယားကိုလည်း မမေ့နိုင်။ လွမ်း၍လည်း မဆုံးတော့ပေ။ သို့ကြောင့် တစ်ကိုယ်တည်းထင်ရာ လုပ်တော့အံ့ဟု သားသမီးတို့ကို ဓမ္မိမြို့ မစိန်တင့်၏ အမျိုးများထံသို့ သွားရောက်ပို့ပြီးနောက် တစ်ယောက်တည်း ရန်ကုန်သို့ ပြန်လာခဲ့ကာ သွားချင်ရာသွား၍ လာချင်ရာလာကာ နေ့မအား ညမအား အချိန်ရှိတိုင်း သောက်စားမူးရစ်နေမိလေတော့သည်။ ထို့နောက်မှ ဝမ်းရေးအတွက် မနေသာတော့သဖြင့် ဝါသနာရှိပြီးအတိုင်း ဝတ္ထု ဆောင်းပါးတို့ကို ပြန်လည်ရေးသားရပြန်လေသည်။ သို့သော် ကျွန်ုပ်များစွာ စိတ်မပါခဲ့ချေ။ မနေသာ၍သာ ရေးနေရလေသည်။ ထို့ကြောင့်လည်း စိတ်မကောင်းတိုင်း သောက်စားကာ ငေးမောတွေဝေ စဉ်းစားနေမိ ခဲ့လေသည်။

တစ်နေ့သ၌ ကျွန်ုပ်သည် ဝတ္ထုတစ်ပုဒ်ရေးဖို့ရန် အစရှာ၍ မရနိုင်သဖြင့် စားပွဲမှထခဲ့ကာ အိမ်ရှေ့ပြတင်းပေါက်တွင် တွေဝေငေးမောကာ စဉ်းစားနေစဉ် အစ်ကိုကြီးတို့ အစ်မကြီးတို့ ပိုက်ဆံကလေး တစ်ပြားတစ်ချပ် သနားကြပါ ခင်ဗျာဟု သူတောင်းစားတစ်ဦး၏ အော်ဟစ်လိုက်သော အသံကို ကြားသဖြင့် ထိုအသံလာရာဘက်သို့ ကြည့်လိုက်ရာ သန်သန်မာမာ သူတောင်းစားတစ်ယောက် ပိုက်ဆံလျှောက်တောင်းနေသည်ကို တွေ့ရသဖြင့် ဒီလူနှယ် သန်သန်မာမာကြီးဖြစ်ရက်နဲ့ ကူလီလုပ်စားရင် တစ်နေ့ ငါးမူးခြောက်မူးတော့ အနည်းဆုံး စည်လိမ့်ဦးမယ်။ လျှောက်တောင်းစားလို့ တစ်နေကုန်မှ တစ်မူးရပ့ါမလားဟု တစ်ယောက်တည်း တွေးတောရင်း ထိုသူတောင်းစားအား အပြစ်

mgyoe.com

mgyoe.com

တင်မိလေသည်။ ထိုခဏ၌ပင် အင်း မရဘဲတော့ တောင်းမှာ မဟုတ်ဘူး။ တစ်နေ့ကို တစ်မူးတစ်မတ်ရ လို့သာ တောင်းတာဖြစ်မှာပဲဟု တစ်ခါပြန်တွေးမိကာ ထိုသူတောင်းစား၏ သန်စွမ်းနေပါလျက် တောင်းစား နေခြင်းအကြောင်းကို တွေးတောစဉ်းစားရင်း ယတိဖြတ် မသိနိုင် မဆုံးဖြတ်နိုင်သဖြင့် ငါကိုယ်တိုင် ထွက်တောင်း ကြည့်ရင် သာပြီး သိရမှာပဲဟုတွေးမိသည်နှင့် တစ်ပြိုင် နက် ဟောင်းပေ့ဆိုသော အဝတ်အစား စုတ်စုတ်တို့ကို လဲလှယ်ကာ ကျွန်ုပ်ကိုယ်တိုင် တောင်းရမ်းရန် ညဈေး တန်းဘက်သို့ ထွက်ခဲ့လေသည်။

တစ်လမ်းဝင်တစ်လမ်းထွက်နှင့် ဆွံ့အနေဟန် ဆောင်လျက် တောင်းရမ်းခဲ့ရာ ၃–၄ လမ်းဝင်ထွက်မိ လျှင်ပင် သုံးပဲမျှရခဲ့၏။ သို့ဖြင့် ၃၈ လမ်းသို့ ရောက်ခဲ့ ရာ တရုတ်ကြီး တစ်ယောက်ကို တွေ့သဖြင့် ဆလံပေး ပြီးနောက် အအအနှင့် လက်ထိုးခံရာ စွားစွား စီတောင်း စားဟု ဟန်ကြီးပန်ကြီးလုပ်ကာ ဆဲရေးနေသဖြင့် ကျွန်ုပ် လည်း သည်းမခံနိုင်တော့သည့် အဆုံး၌ အေရိုးတဲ့ ကပ်ဖော်ဟု ဆဲလိုက်ရာ ကိုရေထောင်ကဲကြီးမှာ မျက်လုံးပြူး ပါးစပ်ကြီးဟပြီး ကပ်နီနဲဆိုပြီး အတင်း လိုက်သောကြောင့် လမ်းကြိုလမ်းကြားကို ကွေ့ကောက် ကာ ပြေးရလေသည်။

နေအိမ်သို့ ရောက်ပြီးနောက် ကိုယ့်အဖြစ်ကိုယ် တွေးတောကာ ခွက်ထိုးခွက်လန် ရယ်မောမိလေသည်။ ပိုက်ဆံများကို ရေတွက်ကြည့်ရာ တစ်မတ် ကျော်ကျော် မျှ ရရှိသဖြင့် အင်း ဒါကြောင့် မြန်မာပြည် သူတောင်း စား ပေါတာကိုးဟု တွေးမိတော့လေသည်။ ထို့နောက် အဝတ်အစားလဲလှယ်ကာ ဘုရားသို့ ထွက်ခဲ့ပြီးနောက် တောင်းရသမျှ ပိုက်ဆံတို့ကို လှူခဲ့လေသည်။ ကျွန်ုပ် ရေးရန် အစရှာမရသေးသော ဝတ္ထုလည်း သူတောင်း စားကြီး ကျေးဇူးဖြင့် ပြီးဆုံးခဲ့လေသည်။

mgyoe.com

mgyoe.com

ထို့နောက် ကျွန်ုပ်သည် စိတ်လေလွင့်တိုင်း ကြည့်မြင်တိုင်၊ အလုံ၊ စမ်းချောင်း၊ ရေကျော် တာမွေ တို့တွင် လှည့်လည်လျက် စာရေးရင်း ဇတ်ပြတ်ရင်းဖြင့် နေထိုင်ခဲ့လေသည်။

မောင်ကျော်စိုးသေသဖြင့် ဗြိတိသျှဘားမား တိုက်က ထွက်ခဲ့ကတည်းက ကျွန်ုပ်မှာ ယခုထက်တိုင် အတည်တကျ လုပ်ကိုင်ရသော အလုပ်မရှိသေးချေ။ ယခုကား ကျွန်ုပ်မှာ အသက် ၅၆ နှစ်ရှိလေပြီ။ ဆင်းရဲ တုန်းပင် စာအုပ်များ ထွက်ပြီးသည့်နောက် ကိုယ်တိုင် အကျိုးမခံစားရဘဲ ဆင်းရဲဒုက္ခရောက်ခြင်း တည်းဟူ သော ညွှန်ထဲမှာပင် တိုးလျက် နေရလေသည်။

**ပီမိုးနင်း၏ ပီမိုးနင်းစာအုပ်မှ**

❑

mgyoe.com

mgyoe.com

# မဟာဆွေ၏ မဟာဆွေ

နွေကျောင်းပိတ်အတွင်း စစ်ကိုင်း၌နေစဉ်၊ တစ်နေ့သ၌ ကိုဘကြွယ်သည် သူနေသော လင်းဇင်းရပ်က ဘဆွေ နေသော တကောင်းရပ်သို့ စစ်ဘီးနှင့် ပေါ်ပေါက်လာ၏။ သူ့တွင် စာတစ်စောင်ပါလာ၏ ထိုစာကား ဘဆွေအား ဘူးဖရုံမသီးသူကလေးထံမှ ကိုဘကြွယ်ထံ မာကြောင်းသာကြောင်း၊ စာမေးပွဲ အောင်ရန် ဆုတောင်းကြောင်း မိတ်ဆွေကျောင်းနေဘက်ချင်း ရေးသောစာ ဖြစ်၏။ စာရွက်နံဘေး တစ်နေရာတွင် "မောင်ဘဆွေ အားလည်း ပြောပြပါ။ သတိရကြောင်း၊ ကျန်းမာရန်နှင့် စာမေးပွဲလည်း အောင်မြင်ရန် ဆုတောင်း ကြောင်း" ဟူ၍ဖြစ်၏။

ထိုစာကလေးသည် ဘဆွေအဖို့ ပီတိသောမနဿ ဖြစ်စေ၏။ ထိုစဉ်အခါက ဘဆွေသည် စိတ်ပညာ လည်း မလိုက်စားဖူးသေး။ စိတ်ပညာနှင့် ပတ်သက်သော စာအုပ်များနှင့်လည်း မပတ်သက်သေး။ သို့ရာတွင် ဘဆွေသည် သူကလေးအား ဘူးဖရုံ လုပ်က တည်းက မျက်နှာသုန်မှုန်ခဲ့၏။ စကားတစ်ခွန်း မပြော နေခဲ့၏။ ဘဆွေ၏စိတ်တွင်ကား သူကလေးအား မမုန်း။ မေတ္တာမျိုးစေ့ အညှောင့်အတက်ထွက်လျက် ပင်ရှိ၏။ မေတ္တာတုံ့ပြန်သော သဘောဖြင့် သူကလေး လည်း ဘဆွေအား အခြား ပိုးပန်းကြသူများထက်

mgyoe.com

mgyoe.com

ပိုမို စွဲလမ်းနေဟန် ရှိ၏။ မိန်းမပျိုတို့သဘော အရှက် အကြောက်နှော၍ မနှောကြည်လျက် ခပ်တည်တည် နေရဟန်တူ၏။ ထိုစာတိုတိုကလေးသည် ဘဆွေအဖို့ မေတ္တာနှောင်ကြိုးထပ်၍ တည်းရန် လှုံ့ဆော်သကဲ့သို့ ဖြစ်၏။ ဘဆွေသည် မြန်မာစာ အရေးအသားကောင်း ၏။ ကဗျာလင်္ကာလည်း (နားမလည်သူများက) အလွန် အရေးကောင်းသည်ဟု ချီးကျူးခြင်း ခံရသူ ဖြစ်၏။ သူ၏သူငယ်ချင်းများလည်း သူရေးပေးသော မေတ္တာ စာများဖြင့် ရည်းစားဖြစ်သွားကြ၏။ အချို့ မယားရ သွားရ၏။ တစ်ခါက သူ၏ သူငယ်ချင်း တစ်ယောက် အား စာပေးခံရသော မိန်းမပျိုက နင်နှင့်ငါနှင့် အဆက် လား။ ငါက ဘာလို့ စာပေးပေးရသလဲ၊ နင့်နှမပေး ပါလား၊ မဖွယ်မရာ စာတစ်စောင် ပြန်ကြားလိုက်၏။ သူငယ်ချင်း ဖြစ်သူ စိတ်ပျက်၏။ ဘဆွေက ထိုကဲ့သို့ အရေးတယူ စာပြန်ကြားသည့်အတွက် အထူးကျေးဇူး တင်ကြောင်း၊ မိမိစိတ်ထဲ၌ မေတ္တာစာတ် မည်ကဲ့သို့ ပွားများနေသည်ကို သိရှိသွားသည့်အတွက်လည်း ကျေနပ်မိကြောင်း စသည်ဖြင့် ဖွဲ့နွဲ့ရေးသား ထပ်မံပေး ပြန်ရာ စာပေးခံရသူ မိန်းမပျိုမှာ ငိုင်၍ စဉ်းစားနေ။ ပထမစာကဲ့သို့ စိတ်မဆိုးတော့ချေ။

ဘဆွေသည် ချစ်သူထံမှ စာသဲလွန်စရပြီးဖြစ်၍ ယခုကဲ့သို့ ကိုဘကြွယ် စာထဲတွင် အမှတ်တရ စာရေး လိုက်သည့်အတွက် ဝမ်းမြောက်ကြောင်း၊ ကျောင်းဖွင့် သောအခါ ပျော်ပျော်ရွှင်ရွှင် နေရလိမ့်မည်ဟု ယုံကြည် ကြောင်းများပါ ဖွဲ့နွဲ့၍ သီးသန့်စာတစ်စောင် ထည့် လိုက်၏။ ဟိုကလည်း တစ်ရက် နှစ်ရက်ကြာလျှင်၊ စာရ၍ ဝမ်းမြောက်ကြောင်း၊ ကျောင်းဖွင့်လျှင် လွန်ခဲ့ သည့်နှစ်ကကဲ့သို့ စိမ်းစိမ်းကားကားကြီး မဟုတ်ဘဲ မိတ်ဆွေအဖြစ် ပြန်လည် ပေါင်းသင်းကာ ပျော်ပျော် ရွှင်ရွှင်နေကြဖို့ အကြောင်းများနှင့် ပြန်လာ၏။

; မေလကုန်ခါနီးတွင် ဆိုင်ရာကျောင်းစာရေးထံမှ

mgyoe.com

mgyoe.com

စာမေးပွဲအောင်မြင်ကြောင်း၊ ဇွန်လတစ်ရက်နေ့ ကျောင်းဖွင့်မည်ဖြစ်၍ ကျောင်းဖွင့်မီလာကြရန် အကြောင်းကြားစာများရကြ၏။ ဘဆွေကား အူမြူးနေ၏။ ကျောင်းမှာ မိမိတို့နေလိုသော စားပွဲ (စောင်း) ခုံများကို ဦးသူက ရွေးချယ်ယူနိုင်၏။ ထို့ကြောင့် ဘဆွေနှင့် ကိုဘကြွယ်သည် မန္တလေးသို့ စောစောကူးကြ၏။ ကြိုက်သလို ခုံများ ရွေးချယ်ကြ၏။ ဘဆွေ၏ခုံနှင့် ဘဆွေရည်မှန်းသူ၏ ခုံမှာ ရှေ့နောက်ကပ်လျက်ရှိ၏။ နောက်ကနေ၍ ဘဆွေအား လှမ်းပိတ်နိုင်၍ ဘဆွေကလည်း ပြန်လှန်ပြီးလက်နှင့်ဆွဲရမ်းနိုင်၏။ ဘဆွေ၏နေရာကား ကျောင်းသားတိုင်း မျက်စောင်းထိုး သရေကျသောနေရာဖြစ်၏။

ကျောင်းဖွင့်လေပြီ၊ ကျောင်းသားလည်း အတော်စုံ၏။ ၉ တန်း စာမေးပွဲတွင်ချစ်တီးနှင့် မတင်လှမှအပ ကျန်လူအားလုံးအောင်မြင်ကြ၏။ မန္တလေးခရိုင်အတွက် အောင်စာရင်းတွင် ဘကြွယ် ပထမ၊ လှတင်ဒုတိယ၊ ဘဆွေ တတိယရ၏။ နှစ်ပေါက် တစ်သမတ်တည်း ကြိုးစားလျှင် ဘဆွေ ပထမရမည်ဟု ပြောကြ၏။ စစ်ကိုင်း ရွှေတောင်ဦးကျောင်းမှလည်း ၉ တန်းအောင်၍ သာနီ၊ ဘတင်၊ အောင်ထွန်း ၃ ယောက် နော်မန်ဆရာဖြစ်တန်းသို့ ပြောင်းလာကြ၏။ စောပိုင်နှင့် မောင်ကြီးလည်း စစ်ကိုင်းကျောင်းတွင် မနေချင်၍ ၉ တန်းသင်ရန် ပြောင်းလာကြသဖြင့် စစ်ကိုင်းပါတီ ၇ ယောက် ဖြစ်လာ၏။ ဘကြွယ်ဘဆွေတို့ ခေါင်းဆောင်ကာ·အလွန်ညီညွတ် ကြလေသည်။ ဘဆွေတို့ ဆရာဖြစ်တန်းမှာ ယခင်နှစ်က ၉ တန်းတွင် သင်ကြားရသော အခန်းတွင်ဖြစ်၏။ ၈ တန်းက တက်လာသော ၉ တန်း ကျောင်းသား ကျောင်းသူများ များပြားလှသဖြင့် ၎င်းတို့အား အလယ်ကျောင်း ဆောင်အောက်ထပ်တွင် သင်ကြားကြရသည်။

ဆရာဖြစ်တန်းတွင်ကား ဘောလီကလေး၊ ဘောလီကြီး၊ ဝက်ဒါစပွန်း ရေးသော ဆရာဖြစ်စာအုပ်နှင့်

mgyoe.com

mgyoe.com

အခြားစာအုပ် ၃–၄ အုပ်သာ ရှိသဖြင့် ဘဆွေအဖို့မှာ မပြုံတော့ချေ။ ဆရာဖြစ်သင်ပြသူမှာ ဆရာဆောင်ပင်ဖြစ်၏။ ရယ်စရာ မှတ်သားစရာများပါ ကြားညှပ်ပြောဆိုသင်ကြားလေ့ရှိသဖြင့်၊ တပည့်များ ပျော်ကြ၏။ ၅ တန်း၊ ၆ တန်း၊ ၇ တန်းသို့ သွားရောက်ကြကာ ဆရာပေါက်စ လုပ်ကြရသေး၏။ ယောကျ်ားကလေးများမှာ အတန်းတစ်တန်းသို့ သင်ခန်းစာ တစ်ရပ်သွားရောက်ပြသရမည် ရှိသောအခါ အဝတ်အထည်သပ်သပ်ရပ်ရပ် ဝတ်ရ၏။ ခေါင်းပေါင်းပေါင်းကြရ၏။ အသင့်ပေါင်းပြီး ခေါင်းပေါင်း မပေါ်သေးသော ထိုခေတ်က ခေါင်းပေါင်းပေါင်းရခြင်းသည် ဒုက္ခရစရိယာတစ်ခုပင်ဖြစ်တော့၏။ ခေါင်းပေါင်း ပေါင်းနေကျကိုဘကြွယ်သည် ဆရာကြီးဖြစ်၏။ သွားရောက်သင်ပြလေ့ကျင့်ရသော ဆရာပေါက်စအား ထိုအတန်းဆရာသည် အဝတ်အထည် အဆင်အပြင် လူ့ဣန္ဒြေ၊ ဟန်အမူအရာမှစ၍ သင်ပြပုံများပါ တော်လျှင်တော်သည်လိုလျှင်လိုသည်၊ မှားလျှင်မှားသည် စသော အကြောင်းများကို ဆရာပေါက်စ၏ သင်နည်း မှတ်ချက်စာအုပ်တွင် ထင်မြင်ချက် ရေးရ၏။ တပည့်ရင်းမဟုတ်သောမန္တလေးဇာတိကလေးငယ်များအား ပြသရသည်မှာ အတော်အူကြောင်ကြောင် နိုင်သော အလုပ်ဖြစ်၏။

ဆရာဖြစ်တန်းသားအချင်းချင်း တစ်ဦးဦးက ဆရာ ဆရာမလုပ်၍ ကျန်လူများက တပည့်လုပ်ကာ အစမ်းလေ့ကျင့်ရသောအခါ အချို့မှာ မျက်နှာမထားတတ်၊ ကြောင်တက်တက် အမှားမှား အယွင်းယွင်းဖြစ်၍ဝိုင်းရယ်ကြရသည်မှာလည်း အမောပင်။ ကျန်းမာရေး(ဒရီးလ်) လေ့ကျင့်ခန်းမှာ ၉ တန်းတုန်းက ဆရာဘသဲပြ၏။ ဆရာဖြစ်တန်း ရောက်သောအခါ တစ်ယောက်က ရှေ့ဆရာလုပ်၍ ကျန်လူများက တပည့်လုပ်ကာ နေ့စဉ် အလှည့်နှင့်ပြရသည်။

mgyoe.com

mgyoe.com

ဆရာဖြစ်တန်းရောက်မှ ဆလဝိုက်ခေါ် လက်မှုပညာများလည်း သင်ကြားရ၏။ ဆရာမှာ ဦးဘအိုဖြစ်၏။ စစ်ကိုင်း တဂေါင်ရပ်နှင့် တစ်ဆက်တည်းဖြစ်သော ဗညားရပ်သားဇာတိဖြစ်၏။ ဘဆွေတို့အိမ်နှင့် တစ်ခေါ်လောက်ဝေး၏။ အလုပ်ကား ကြိမ်သတ်၊ ရွှေပေါ်ထိုးလွှတိုက်၊ စားပွဲ၊ ကုလားထိုင်၊ ကြိမ်ခြင်းစသော အိမ်ထောင်ပစ္စည်း အလုပ်မျိုးဖြစ်၏။ ကျောင်းသားများ မည်မျှတော်သနည်းဟူမူ၊ ခြစ်သား ကျင်တွယ်တို့ကိုကိုင်ပြ၍ ဘာတွေလဲမေးလျှင် မည်သူမျှ မှန်အောင်မပြောနိုင်ကြ။ တစ်ခုကိုကိုင်၍ မေးပြန်သောအခါ၊ ကျောင်းသားအားလုံးကပင် "ရေပေါ်"ဟု ပြောကြသဖြင့် ဆရာအို ရယ်တော့၏။ ထို့နောက်မှ "ရေပေါ်" မဟုတ် "ရွှေပေါ်"ဖြစ်ကြောင်း။ သစ်သားပျဉ်ပြားစသည်တို့ကို ချောပါးလာအောင် အပေါ်က ရွှေရ၍ "ရွှေပေါ်" ခေါ်ကြောင်း ရှင်းပြ၏။

## အပျော်ဆုံးဘဝ

ကျွန်တော်သည် ဘဆွေအား၊ သူငယ်ချင်း ဘယ်ဘဝသည် အပျော်ဆုံးလဲ၊ ဘယ်ဘဝသည် စိတ်အညစ်ဆုံးလဲဟု သူမှတ်တမ်းပြန်ပြောသော အသက် ၄၅ နှစ်ရွယ်တွင် မေးကြည့်၏။ သူဖြေပုံကား အသက် ၁၂ နှစ်အထိ ကလေးဘဝသည် ပူရပင်ရမှန်း မသိ၍ ပျော်၏။ ကျောင်းသားဘဝတွင် ပျော်၏။ ငါ့အဖို့တော့၊ ဆရာဖြစ်တန်းသင်တုန်းက အပျော်ဆုံးဖြစ်၏။ ရန်ကုန်ကြည့်မြင်တိုင် ထီးတန်းတောင်ဖျား၊ ဗင်တန်လမ်းနေစဉ်က သားမယား တပည့်တပန်း အခြွေအရံ အိမ်အဆောက်အအုံ ကောင်းကောင်း၊ ငွေကြေး ပြည့်စုံသဖြင့် အပျော်ဆုံးဖြစ်၏။ ရည်းစားနှင့် ကွဲတုန်းဟာစိတ်အညစ်ဆုံး ဘဝပဲ၊ စစ်ပြေးဘဝ စစ်မြေပြင်တိုင်းပြည်တွင် နေရသောဘဝသည် ဒုက္ခ အရောက်ဆုံးပဲဟု အဆစ်ထည့်ပြောပြ၏။

mgyoe.com

mgyoe.com

ဆရာ့ဖြစ်တန်းတွင် အပျော်ဆုံးဆိုသည်ကား အထူးမှန်ကန်၏။ ကျက်စာ ကြည့်စာ နည်းပါးသဖြင့် ၉ တန်းတုန်းကထက် ပိုမို ဂျပိုးထိုးချိန်ရသည့် အပြင် သူရည်မှန်းထားသော ဘွဲ့, ဖရုံနှင့်လည်း ရင်းနှီးသော မိတ်ဆွေဘဝမှ မေတ္တာတုံ့လှယ်ကာ သမီးရည်းစားဘဝ သို့ ရောက်ရှိနေသောကြောင့်တည်း။

ကျောင်းမှာ ညနေ ၄ နာရီဆင်းက ၄ နာရီခွဲ ထမင်းကျွေး၏။ တစ်နာရီလောက်တွင် အပြင်သို့ လမ်းလျှောက်ထွက်ခွင့် ရကြ၏။ ကျောင်းသား တစ်သိုက်သည် တစ်စုတစ်ဝေးတည်းမလျှောက်ကြဘဲ၊ အရှေ့ပြင်, မြောက်ပြင်, အနောက်ပြင်, တောင်ပြင် လူခွဲလျှောက်ကြ၏။ ဈေးချိုရုံတော်ကြီးနှင့် ကျောက်သွေးတန်း, တောင်ပြင် လူခွဲလျှောက်ကြ၏။ ဈေးချိုရုံတော်ကြီးနှင့် ကျောက်သွေးတန်း, တရုတ်တန်းတို့သည် တောင်ပြင်တွင် ပါဝင်၏။ တစ်ဦးနှင့်တစ်ဦး သတင်းစုဆောင်းကြ၏။ တစ်ဦးဦးက မည်သည့်ရပ်ကွက်တွင် မည်သူ့အငြိမ့်, လူပြက် မည်သူဟု အကြောင်းကြားလျှင် ည ကျောင်းဆင်းချိန် ဖိနပ်ခါးထိုးကာ ကျောင်းဝင်း အုတ်တံတိုင်းကျော်ပြီး လစ်ကြတော့၏။ ဝါတွင်းမှာ ပွဲအများဆုံးဖြစ်၍ ညတိုင်းလို လစ်ကြ၏။ ထိုခေတ်က ဥက္ကလာအေးကြည်၊ လေဘာတီမြရင်၊ သြဘာသောင်းတို့ ခေတ်စား၏။ ပါးလ်ပွိုက်လည်းမခေလှ။ ဦးချစ်ဖွယ်–ဒေါ်စိန်သုန်ကြီးတို့ကလည်း တစ်မျိုးပင်။ လူပြက်မှာ သခ်ါနှင့် ဓာတ်ခိုးမှာ နာမည်အကြီးဆုံး၊ လူကြိုက်အများဆုံးဖြစ်၏။ မန္တလေးပွဲလမ်းသဘင်များတွင် ပုလိပ်အုပ်ထိန်းသည်ထက် ဘုန်းကြီးအုပ်ထိန်းသည်က ပရိသတ်များ ပိုမိုငြိမ်သက်၏။

ထိုသို့ လစ်ထွက်သူများမှာ တစ်ခါတစ်ရံ ဆရာကြီး ည ၁၀ နာရီ ၁၁ နာရီ တက်စစ်ချိန်၌ အိပ်ရာသံခုတင်ပေါ်တွင် မတွေ့လျှင် မှတ်သားသွား၏။ နောက်တစ်နေ့ စစ်ဆေးမေးမြန်းကာ အချို့ အရိုက်

mgyoe.com

mgyoe.com

ခံရ၏။ အချို့ ဒဏ်ပေးခံရ၏။ အသက် ၁၉– ၂၀ ကျော်တွေ ဖြစ်စေကာ၊ လက်ဝါးကို ပေတံနှင့်လောက်သာ ရိုက်တတ်၏။ ကြိမ်လုံးနှင့် အလွန်ရိုက်ခဲသည်။

ဒဗလျူမူလာဝါပ်သ်ကား ထိုအခါက အသက် ၂၅ နှစ်ခန့်မျှသာ ရှိသေး၏။ လူပျိုကြီးဖြစ်၏။ ဘီအေနှင့် ဟဲယားဂရိတ်အောင်၏။ သဘောအလွန်ကောင်း၏။ နှမပျိုများနှင့် ကျောင်းအလယ်ဆောင် အပေါ်ထပ်မှာပင် နေထိုင်ကြသည်။ ကျောင်းသားများက သူ့အား လှောင်ပြောင်၍ "မူလာ ဝါပ်သ်"အစား မုန်လာဥဟု ခေါ်လျှင် စိတ်ဆိုး၏။ တစ်ခါက ဘဆွေတို့ အိပ်သောကျောင်းခေါင်မိုးအောက် မျက်နှာကြက်တွင် မုန်လာဥ မုန်လာဥ စသော စာလုံးများ ပြည့်နှက်နေ၏။ နံရံကပ်မှီတက်စရာမရှိ လက်လှမ်း၍လည်း မမီသော ပေ ၃၀ ခန့်မြင့်သည့် ပျဉ်မျက်နှာကြက်တွင် ဝိုင်းစက်စွာ မြေဖြူနှင့်ရေးထားသည်ကိုတွေ့က အံ့သြကြမည်ဖြစ်၏။ အမှန်မှာ ခေါင်းအုံးတွင် "မုန်လာဥ"ဟူသော စာလုံးပြောင်းပြန်ကို ဝိုင်းစက်ညီညာအောင် ခပ်ထူထူပေး၍ ခေါင်းအုံးကို အပြားလိုက် မျက်နှာကြက်နှင့် ထိကပ်သည်အထိ မြှောက်ပစ်လိုက်သောအခါ ထင်နေခြင်းဖြစ်၏။ ဆရာကြီး မြင်သွားသောအခါ လက်ကမြင်းသူများအား စစ်မေးသော်လည်း မရ။ ဒရဝမ် ကုလားများခေါ်ကာ ထန်းတက် လှေကားလောက် ရှည်လျားသည့် လှေကားများဖြင့် အဝတ်ရေဆွတ်ကာ ဖျက်ပစ်စေလေ၏။

ထိုအချိန်က မြန်မာညွန့် ဆိနီမာတွင် သိန်းစွန်ရဲခြေရာ (ဟောက်ထရေးလ်)ခေါ် အင်္ဂလိပ်ဇာတ်ကား အပိုင်းရှည်ပြနေ၏။ တစ်နေ့မှ ၄ ပိုင်း လောက်သာလဲ၏။ အပိုင်းကား ၃၀ ကျော်၊ ဘဆွေမှာ ၁၄– ၅ နှစ်သားကတည်းက စစ်ကိုင်းတွင် ပြသွားသော အက်ဒီပိုလို၊ ဇီရိုးမား၊ ပလိုတီလာ စသော စတန့်ကားများကို စွဲလမ်းနှစ်သက်လာသူ ဖြစ်သဖြင့် ၆ နာရီပွဲအမီ ညနေတိုင်းလစ်ကာ သွားရောက်ကြည့်လေ့ရှိ၏။

mgyoe.com

mgyoe.com

တစ်နေ့ကား နေ့ခင်း ၁၀ နာရီသာသာကလေး အတန်းတက်နေစဉ် ဆရာဆောင်က "မောင်ဘဆွေ မင်းကို ဆရာကြီး ခေါ်နေတယ်"ဟု ဆိုသဖြင့် ဆရာကြီး၏ ရုံးခန်းရှိရာသို့ ထွက်ခဲ့ရ၏။ ၈ တန်း ၉ တန်းမှ အခြားကျောင်းသား လေးငါးခြောက်ဦးလည်း ရောက်နှင့်နေကြ၏။ ထိုသူများအား "မနေ့ညက ည ကျောင်းချိန် ဘယ်သွားသလဲ"ဟု မေး၏။ အချို့က အိမ်သာ။ အချို့က စာအုပ်မေ့ကျန်၍ အိပ်ခန်းသွား ယူနေကြောင်း လိမ်ပြော ကြ၏။ ဆရာကြီးက အချိန်၌ ကိုက်မေးသောအခါ ဘူးပေါ်သလို ပေါ်နေသဖြင့် ရိုက်ဒဏ်ပေး၍ လွှတ်လိုက်၏။

ဘဆွေလည်း ဆရာကြီးရုံးခန်းထဲသို့ ဝင်သွား၍ ဆရာကြီးရှေ့တွင် ခြေစုံရပ်ကာ လက်ပိုက်နေ၏။ ဆရာကြီးသည် မျက်နှာထားကြီးနှင့်ဘဆွေအား ခြေဆုံးခေါင်းဆုံးကြည့်၏။ ပြီးမှ–

"မင်း မနေ့ည ကျောင်းချိန်မှာ ဆရာကြီး မတွေ့ဘူး ဘယ်သွားနေသလဲ"

"ကျွန်တော် မြန်မာညွန့်ရုပ်ရှင်သွားကြည့် နေတယ်"

"မင်း ဘယ်သူ့ကို တိုင်ပြီးသွားသလဲ ဘိုဒါ ဆရာကို တိုင်သွားသလား"

ဆရာကြီးသည် လိုးလွဲလိမ်လည် ပြောလိမ့်မည် ထင်ရာက အမှန်ပြောသောအခါ ကျေနပ်ပြုံးယောင် ဖြစ်ပြီး မျက်နှာထားနှင့်မေး ပြန်၏။

"ဘယ်သူမှ မတိုင်ဘူး သူလည်းဂျပိုးထိုးနေတာပဲ ညက မရှိဘူး"

"နောက်ကို ဒီလိုမသွားနဲ့ သွားရင် အရိုက်ခံ ထိမယ် သွားတော့"

ဘဆွေ အပြင်သို့ ထွက်လာ၏။ အပြင်က စောင့်နေသော ကျောင်းသားများ မေး၍ ဘဆွေက အကျိုးအကြောင်းပြန်ပြောသောအခါ ရယ်မောကြ၏။

mgyoe.com

mgyoe.com

ဘဆွေမှာ ၉ တန်းတွင် မှူမှူတတရှိသလောက် ဆရာဖြစ်တန်းတွင် တစ်ခါတစ်ခါ အကြီးအကျယ် ဘိုင်ကျတတ်၏။ ကျုံးထိပ်ရှိ ကောင်းရိပ် အပေါင်ဆိုင်သို့ အဝတ်အထည်များ မကြာခဏ အပ်နှံရ၏။ မိဘများ ထောက်ပံ့သော ငွေဟာ လွန်ခဲ့သည့်နှစ်ကလိုပင် ပျမ်းမျှ တစ်လ ၃၀ ကျပ် ၃၅ ကျပ် ဖြစ်၏။ ထိုခေတ်က မနည်းလှပေ။ သို့ရာတွင် အလည်အပတ် အသုံးအဖြုန်းများသည့်အတွက် တစ်ခါတစ်ခါ အကျပ်တွေ့ခြင်းဖြစ်၏။ ရှေးအခါကမူကား ကျောင်းကကျွေးသော ထမင်းဟင်း သဘောမကျလျှင် ရုံးတော်ကြီး တရုတ်တန်းစသည်တို့ကို ကိုယ်ကြိုက်ရာထွက်၍ စား၏။ ညနေစာ မကောင်းလျှင် သာ၍ အဆိုးဆုံးဖြစ်၏။ ထိုအခါက ရန်ကုန် တရုတ်တန်းကဲ့သို့ပင် ထမင်း ၂ ပြား၊ ဟင်းတစ်ခွက် ၂ ပြား၊ ဟင်းချိုရေ နှင့် အငန် ငရုတ်သီး အလကားရသေး၏။ ၆ ပြား၊ တစ်မူးကုန်လျှင် ဝမ်းဗိုက်နေသာထိုင်သာဖြစ်တော့၏။ သို့ရာတွင် ထိုမျှလောက်ပင် မစားနိုင်သောအခါနှင့် ကြုံတတ်၏။ "ကိုကြွယ် ပိုက်ဆံရှိသေးလား ဆာလှပြီဗျာ၊ ဝမ်းထဲက တကြုတ်ကြုတ်နဲ့"ဟု ပြောလျှင် "အေး ငါ့မှာလည်း မရှိဘူးကွာ၊ ကြိတ်မှိတ်ပြီး အိပ်လိုက် မိုးလင်းတော့မယ်"ဟု ကိုဘကြွယ် ပြောသောစကားများကို ကြားယောင်၍နေ၏။

ဘဆွေသည် သူ ကြိုက်သော အစားအစာနှင့် တွေ့အံ့၊ သူများ မသဒ္ဓါချင်အောင် အစားကြီးလေသည်။ အစားကြီးသည်၊ အစားများသည်ဟု ပြောလျှင် အချို့ရှက်တတ်ကြသော်လည်း ဘဆွေကား ဤသို့ ချီးကျူးခြင်းကို ဂုဏ်ယူလေသည်။ ကျန်းမာသန်စွမ်းသူမှ စားနိုင်သည်။ လူမမာကို နတ်သုဓာ ကျွေးလည်း စားနိုင်မှာ မဟုတ်ဟု ဆင်ခြေပေးလေ့ရှိ၏။ ထိုခေတ်က ခေါက်ဆွဲ တစ်မူးတန် တစ်ခွက်ဆိုလျှင် ဟင်းသောက်ပန်းကန်အကြီးများနှင့် အပြည့်ထည့်ပေး၏။ သာမန်

mgyoe.com

mgyoe.com

ယောကျ်ားတစ်ယောက် ခေါက်ဆွဲတစ်ခွက်ဆိုလျှင် တင်းတိမ်နိုင်လေသည်။ ထိုထက်လျော့သော ယောကျ်ားနှင့် မိန်းမများမှာမူ ကုန်အောင် မစားနိုင်ကြသဖြင့် တစ်ပဲတန်, ခြောက်ပြားတန်ကိုသာမှာယူ စားသောက်ကြ၏။ ဘဆွေအဖို့မှာ ထိုတစ်မူးတန် ခေါက်ဆွဲမျိုး သုံးခွက် လောက်စားရမှ နေသာထိုင်သာ ရှိလေသည်။ ခေါက်ဆွဲစားပြီးလျှင် လက်ဖက်ရည်အချို အဆစ် ထည့်သောက်လေသေးသည်။

ပွဲရှာ၍ ကြည့်ကြရာ၌ တစ်ခါတစ်ရံ မော်မန်ကျောင်းမှ ရှမ်းစုဘူတာ အထိဖြစ်ရာ ခရီးကား မနီးလှပေ။ စီးစရာယာဉ်လည်း မရှိသဖြင့် စကားတပြောပြောနှင့်ပြန်ကြ၏။ ဘဆွေသည် လမ်းဘေးက ခဲတစ်လုံးကောက်ပြီး လမ်းစောင့် ပုလိပ်ကိုပစ်၏။ ပုလိပ်သည် များစွာ မနာသော်လည်း အဘယ်မှာ ခံနိုင်အံ့နည်း။ အပြေးလိုက်၏။ ကျောင်းသားများလည်း တင်ပါးနှင့် ခြေဖျား တစ်သားတည်းကျအောင် ပြေးကြ၏။ ပုလိပ်မော၍ ကျန်ရစ်မှ ကျောင်းသားတစ်ယောက်က မကျေနပ်သော အမူအရာနှင့်–

"ကိုဘဆွေ ခင်ဗျား ဘယ့်နှယ်လုပ်တာတုံးဗျ"

"ခရီးချုံ့တာလေ ပြေးပြီးပြန်ကြစို့ဆိုရင် ဘယ်သူပြန်မလဲ"

အခြားကျောင်းသားများ သဘောကျကာ ဝိုင်း၍ ရယ်ကြတော့၏။ ခရီး ၃ မိုင်မှာ နာရီဝက်လောက်နှင့် ရောက်ရှိလာကြ၏။ သို့ရာတွင် ဘဆွေ ခရီးချုံ့မည်ဆိုလျှင် အချို့ကျောင်းသားများ မလိုက်ရဲကြချေ။ ပုလိပ်ခဲနှင့် ပစ်ရုံသာမဟုတ်။ ကွမ်းယာဆိုင်က ဆေးလိပ်နှိုက်ပြေး၊ အကြော်ဆိုင်က အကြော်တစ်ခုနှစ်ခု နှိုက်ပြေးလေ့ရှိသည်မှာ ဘဆွေအဖို့ ပျော်စရာ ဖြစ်သော်လည်း အပြေးမသန်သော ကျောင်းသားများအတွက် မသက်သာချေ။

mgyoe.com

mgyoe.com

တစ်ည ၁၀ နာရီ သာသာအချိန် လသာသာတွင် ဘဆွေ၊ ဘတင်၊ အောင်ထွန်း သုံးယောက်သား အငြိမ့်ပွဲ ကြည့်ရာမှ ပြန်လာကြ၏။

"ကဲ...မင်းတို့ပြန်နှင့်ကြ၊ မန္တလေး လမ်းကြို လမ်းကြား မင်းတို့ မရေလည်သေးဘူး။ ငါတစ်ယောက်တည်းပဲ ဆောင်ရွက်ခဲ့မယ်"

အောင်ထွန်းနှင့် ဘတင်မှာ ဘဆွေထက် ငယ်၍ အစ်ကိုလို ခင်ကြ၏။ ဘဆွေစကားကို နားထောင်၏။ သူတို့လည်း ဝေစု ယူချင်ကြသည်။ လူများလျှင် မှားတတ် မိတတ်သည်ဟု ဘဆွေ အတန်တန်ပြောမှ ထွက်ခွာသွားကြခြင်းဖြစ်၏။ ခဏကြာသော် ဝင်းခြံတစ်ခုထဲမှ အုန်းဖြောင်းဟူသော အသံ, ကယ်တော်မူပါ ဟူသော အော်သံများကို ကြားရလေ၏။ အသက် ၂၀ ကျော် ကလေးခန့် လူရွယ်တစ်ယောက်သည် ခပ်တည်တည် ခပ်အေးအေး လမ်းလျှောက်လာရာ အော်သံကြား၍ ပြေးထွက်လာကြသော လက်နက်ကိုယ်စီ လူ ၄-၅ ယောက်နှင့် ရင်ဆိုင်တိုးနေ၏။ ထိုလူများက အရှေ့နားမှာ ဘာဖြစ်တာလဲ မေး၏။ လူရွယ်က "ညီအစ်ကိုချင်း ရန်ဖြစ်ကြတာထင်ပါရဲ့" ဟု ပြောကာ ခပ်တည်တည် ခြေလှမ်းမှန်မှန်ပင် လျှောက်၍ သွား၏။

"အို...မင်းတို့ မပြန်နှင့်ကြသေးဘဲ ကိုးကွ"

"ခင်ဗျား စိတ်မချလို့ ကျွန်တော်တို့ ဒီက စောင့်နေကြတာ"

"ငါ အနောက်ဘက်ကို ကိုယ်ရောင်ပြခဲ့လို့ အနောက်ဆီ မဲနေကြတယ်၊ ကဲ ပြန်ကြစို့"ဟု သုံးဦးသား ကျောင်းသို့ အေးချမ်းစွာ ပြန်ခဲ့ကြ၏။

တစ်နေ့သ၌ လူကြိတ်ကြိတ်တိုး စည်ကားလှသော မန္တလေးတောင်ခြေ ကုသိုလ်တော်ကြီး ဘုရားပွဲတော်သို့ ဘဆွေတို့ ကျောင်းသားတစ်သိုက် ညအချိန် သွားကြည့်ကြ၏။ အငြိမ့်ပွဲ၊ ဇာတ်ပွဲ၊ ရုပ်သေးပွဲများ ဟိုနေရာတစ်ခု သည်နေရာတစ်ခု အနှံ့အပြားရှိနေသဖြင့်

mgyoe.com

mgyoe.com

ကျောင်းသားများ ကိုယ်ကြိုက် ရာပွဲတွင် ကြည့်ကြ၏။ ဘုရားဖူးသူလည်း ဖူးကြပင်။ ပွဲဈေးတန်းတိုးဝှေ့ကြရာ၌ အချို့မိန်းကလေးများ ဖင်ဆိတ်ခံရ၊ ဟိုဟာသည်ဟာ အန္တိက်ခံရနှင့် အလွန်ယုတ်မာကြလေသည်။ ဘဆွေကား သေရည်သောက်စားခြင်း၊ လောင်းကစားခြင်း၊ မိန်းမလိုက်စားခြင်း၊ ထိုအရွယ်က လုံးဝမရှိသေးချေ။ ဤအပြုအမူမျိုးကိုလည်း အလွန်စက်ဆုပ်သူဖြစ်၏။

အဖော်တွေ ကွဲသွားကြကာ၊ ဘတင်နှင့် ဘဆွေနှစ်ယောက်တည်း အငြိမ့်ပွဲတစ်ခုတွင် မတ်တတ်ရပ်ကြည့်နေကြ၏။ "အိုး"ဟု မိန်းမသံကြား၍ ဘတင်က ဘဆွေအား တံတောင်နှင့်တို့ပြ၏။ အသက်အစိတ်ခန့်ယောကျ်ား တစ်ယောက်သည် သူ၏ရှေ့တွင် ပွဲထိုင်ကြည့်နေသော အသက် ၁၈နှစ်ခန့် မိန်းမပျိုကလေးအား နောက်ကနေပြီး လက်ဖောက်ပြန်နေခြင်း ဖြစ်၏။ မိန်းမပျိုသည် ရှက်ရှက်နှင့်ကြိတ်၍ ခံရှာကာ တံတောင်နှင့်တွက်၊ ကိုယ်ကလေးတွန့်နှင့် လုပ်ရာက အသံထွက်သွားခြင်းဖြစ်၏။

"ဘတင် မင်းခပ်လှမ်းလှမ်းက စောင့်နော် ဣန္ဒြေရရနေ၊ မပြာနဲ့"

ထိုသို့ပြောပြီးနောက် လက်ကမြင်းသူနှင့် တစ်ယောက်ခြားတွင် အသက် ၂၁ နှစ်ခန့် လူရွယ် တစ်ယောက်ထိုင်ကာ ပွဲကို ငေးကြည့်နေ၏။ ထိုလူရွယ်ကား ညပွဲကြည့်ထွက်လျှင် ဆိတ်ချိုရိုးတပ် ခြောက်လက်မ မောင်းချထား တစ်စင်း အမြဲဆောင်လေ့ရှိ၏။ သူသည် လက်ကမြင်းသူ အလစ်နှင့်အချက် ကောင်းကိုစောင့်နေ၏။ အချက်ကောင်းဆိုသည်ကား အငြိမ့်ပွဲသို့ပရိသတ် အလွန်အာရုံစူးစိုက်ချိန်ဖြစ်၏။ လူရွယ်သည်သူ့တာဝန်ပြီးလေပြီ။ ထ၍မပြေး၊ မသိလိုက်ဘာသာပွဲကြည့်နေ၏။ "ယော ဘာဖြစ်ပါလိမ့်"ဟု သွေးအိုင်ထဲလဲနေသော အသက်အစိတ်ခန့် လူတစ်ယောက်ကို

mgyoe.com

mgyoe.com

တွေ့ရှိပြောဆိုရာမှ ပွဲလန့်၍ မတ်တတ်ရပ်သူများနှင့် ဣန္ဒြေမပျက် ရော၍ ရပ်၏။

"တစ်ခါတည်း ကိစ္စချောသွားပလား ကိုဘဆွေ"

သန်းခေါင်ကျော်အချိန် ကျောင်းသို့ပြန်ခဲ့ကြရာ၌ လမ်းတွင် ဘတင်က မေးမြန်းခြင်းဖြစ်၏။ ဘဆွေက–

"မချောပါဘူး၊ ဆေးရုံတော့ ၁၅ ရက်၊ အရက် ၂၀ လောက် နားနေရမှာပဲ၊ ကောင်မလေး မောင် တစ်ယောက်က ထိုးတာပဲလို့ သူ တွေးနေမှာကွ"

ဘဆွေကားကိုယ်တိုင် အလွန်ရန်ဖြစ်ခဲလေသည်။ သူများနှင့် မတရားမှု ပတ်သက်လာလျှင် ဝင်ရောက် ကူညီလေ့ရှိ၏။ မိန်းမနှင့်ယောကျ်ား ရန်ဖြစ်လျှင် မိန်းမ ဘက်မှ၊ လူကြီးနှင့် လူငယ်ရန်ဖြစ်လျှင် လူငယ်၏ ဘက်မှ ယုတ်စွအဆုံး ခွေးနှစ်ကောင်ကိုက်သည်ကိုပင် ခွေးငယ်ဘက်ကနေ၍ ခွေးကြီးကို ခွနှင့် ဝင်ထုတတ်၏။ ဤကား ဘဆွေ၏ ပကတိသဘောပင် ဖြစ်၏။

❑

mgyoe.com

mgyoe.com

## ဇေယျ၏ ဇေယျ

ကျွန်တော်သည် စာရေးဆရာတစ်ယောက် ဖြစ်သည်။ စာကိုရေးသည်။ တွေးချင်ရာ တွေးသည်။ သို့သော် စာရေးဆရာတစ်ယောက် ဖြစ်သည်။ စာကို ရေးသည်။ တွေးချင်ရာ တွေးသည်ဆိုရုံနှင့် ကျွန်တော်၏ ဘဝကိစ္စ ပြီးပြီလား၊ ဒါပဲလားဟု တွေးမိပေသည်။

လောကဌ် လူတွေအများကြီးရှိသည်။ ကမ္ဘာဦး လူပေါ်စက ယခုအထိ မွေးလိုက်၊ သေလိုက်နှင့် လာ ခဲ့ကြသော လူအစုကို မဆိုထားဘိ။ ယခု ကျွန်တော် တို့ မျက်မှောက်မျက်မြင် လက်တွေ့ကမ္ဘာဌ်ပင် လူ ပေါင်း သန်း ၂၀၀၀ ကျော် ရှိသည်။ ကမ္ဘာဦးကစ၍ ဖြစ်ခဲ့သောလူများကို ရေတွက်ရသော် ဂဏန်းပေါင်း လောက်မည်မဟုတ်။ ဂင်္ဂါဝါလု သဲစုမျှရှိသည်ဟူသော အသချေသဘောသို့ ထည့်ရန်သာ ရှိပေတော့သည်။

လူတစ်ယောက် တစ်ဘဝဖြစ်သည်။ ကုန်သွယ် လယ်လုပ်အစ၊ စာရေးဆရာအဆုံး၊ မိမိဘဝလက်သင့်ရာ အလုပ်အမျိုးမျိုးတို့ကို လုပ်ကြသည်။ စာရေးဆရာက စာရေးသည်။ လယ်သမားကလယ်လုပ်သည်။ ဘုန်းကြီး က တရားကျင့်သည်။ ပညာရှိက တွေးတောသည်။ ရှင်ဘုရင်က မင်းပြုသည်။ တံငါက ငါးမျှားသည်။ သူခိုးက ခိုးသည်။ ခါးပိုက်နှိုက်က နှိုက်သည်။ လောက အလုပ်၊ ဘဝအလုပ် စသည်ဖြင့် ဆိုလိုက်ကြသည်။

mgyoe.com

mgyoe.com

ဒါပဲလား၊ ပြီးပြီလား၊ ဘာများရှိသေးသလဲဟု တွေး တောစရာတွေ ပေါ်၍ လာလေသည်။

ဘဝကို စစ်တမ်းထုတ်ရန် လိုသည်။ သူဌေးကြီး ငွေတွေစုသည်။ ငွေတွေရလျှင် ပြီးရောလား၊ စာရေး ဆရာစာကို ရေးသည်။ ဝတ္ထုတွေရေးသည်။ ဆောင်းပါး တွေ ရေးသည်။ ကဗျာတွေရေးသည်။ ကျမ်းတွေ ပြုသည်။ အတွေးအမျိုးမျိုး ထုတ်သည်။ ဒါတွေရေး ပြီးလျှင် ပြီးရောလား၊ ကျွန်တော်တို့ဘာကို လို၍ ရေးကြ သနည်း။ အသက်မွေးဝမ်းကျောင်းမှုတွင် ငွေကိုလို၍ ရေးသည်ဟု ဆိုရန်ရှိသည်။ အကျော်အစော အထင် အပေါ်ဖြစ်စေလို၍ ရေးသည်ဟုဆိုရန်ရှိသည်။ လက်ငင်း အဖို့ရာ မှန်ပေသည်။ ငွေရမှ အသက်ရှင်နိုင်မည်။ အကျော်အစောရှိမှ နာမည်ကြီးမှ ငွေရနိုင်မည်။ နာမည် မကြီးလျှင် ဘယ်လောက်ကောင်းသည့်စာဖြစ်စေ၊ ဘယ် ပုံနှိပ်တိုက်မှ လက်ခံမည်မဟုတ်ချေ။ ပုံနှိပ်တိုက်များက လက်ခံ၍ မရိုက်လျှင် ဘယ်ကမှ တစ်ပြားတစ်ချပ် ရနိုင်မည်မဟုတ်။ ဘယ်ကမှ ငွေမရလျှင် ဘယ်ဆန် ဆိုင်၊ ဘယ်ငါးသည်ကမျှ၊ ဆန်တစ်ဆုပ်၊ ငါးတစ်တစ် ပေးမည်မဟုတ်ချေ။ ထမင်းငတ်ပြီး သေရုံသာ ရှိပေ မည်။ ထို့ကြောင့် အကျော်အစောကို ရှာရသည်။ ငွေကို ရှာရသည်။

စာရေးဆရာမှတစ်ပါး ဖြစ်ကုန်သော လူတို့သည် လည်း ထိုနည်းပင် ရှာရပေသည်။ သို့သော် ကျွန်တော် တို့မှာ စာရေးဆရာဖြစ်၍ စာရေးဆရာဘဝကိုသာ သိသဖြင့် ကိုယ့်ဘဝကိုယ်သာ ကိုယ်စစ်တမ်း ထုတ်နိုင် ပေမည်။

စာရေးဆရာတစ်ယောက်အနေနှင့် ကျွန်တော့် ဘဝကို ကျွန်တော်စစ်တမ်း ထုတ်လိုသည်။ ကျွန်တော့် ဘဝဆိုရာ၌ ဖေယျ၏ဘဝ၊ ဉာဏ၏ဘဝ၊ တက်တိုး ၏ဘဝ၊ တင့်တယ်၏ဘဝ၊ တိုလီမိုလီ ဘဝတွေကို

mgyoe.com

mgyoe.com

မဆိုလို။ စာရေးဆရာ တစ်ယောက်၏ ဘဝကိုသာ ဆိုလိုပေသည်။

ကျွန်တော်သည် အသက် ၂၀ အရွယ်လောက်က စ၍ ယခုအထိ နှစ် ပေါင်း ၃၀ လောက် စာရေးခဲ့သည်။ ရှေးဦးစွာ ဝတ္ထုကလေးတွေ ရေးခဲ့သည်။ ကြို့ကြား ကြို့ကြား တေးထပ်၊ ရှစ်ဆယ်ပေါ်၊ ဒွေးချိုး၊ သဖြန် သံပေါက်ကလေးများ ရေးခဲ့သည်။ ပထမဆုံး ရေးသားသော ဝတ္ထုကလေးကို မဂ္ဂဇင်းတစ်ခုထဲတွင် စာပုံနှိပ်တိုက် စာလုံးကလေးများနှင့် တွေ့ရသောအခါ အတိုင်းမသိ ဝမ်းမြောက်သည်။ ထိုဝတ္ထုကလေးအတွက် ဥဏ်ပူဇော်ခ ၁၅ ကျပ်ရသည်။ ထိုစဉ်က ၁၅ ကျပ် ဆိုသောငွေသည် မနည်းလှပေ။ လူတစ်ယောက် တစ်လတွက် ဟင်းမကောင်းလှစေကာမူ၊ ထမင်းဝဝစားနိုင်လေသည်။ သို့သော် ကျွန်တော့်အတွက်ထို ၁၅ ကျပ်သည် အရသာ အထူးမရှိ။ စာရေးလိုက်ရခြင်း သည်သာလျှင် အရသာ ထူးကြီး ဖြစ်နေလေသည်။ ထို ၁၅ ကျပ်ကိုမရလျှင်လည်း ကျွန်တော်၏ ကျေနပ်မှု အရသာသည် တစ်စုံတစ်ရာ ဆုတ်ယုတ်ခြင်း ရှိမည် မဟုတ်ချေ။

ထို့နောက် စာရေးဆရာဘဝသို့ ခြေစုံပစ်၍ ဝင်လိုက်သည်။ ကျွန်တော် စာရေးဆရာပါပဲ ဆိုသည်ကလေးကို ဂုဏ်ယူမိသည်။ လောကဌ် တခြားလူတို့သည် စာရေးဆရာအလုပ်ကို အဘယ်ကြောင့် မလုပ်ကြသလဲ။ ကိုယ်ရထားသော စာရေးဆရာရာထူးကလေးသည် ဘုရင်ခံရာထူး၊ မင်းကြီးရာထူး၊ သူဌေးကြီးရာထူး၊ ငါးထောင်စား ရာထူးလောက်မျှမက ကောင်းသည်။ မြင့်မြတ်သည်။ ဂုဏ်ရှိသည်။ ကျက်သရေရှိသည်ဟု အထင်ရောက်လေသည်။ ပေ ၅၀ ထိပ်က တရုတ်ဆိုင်တွင် ၃ ပဲနှင့် နှစ်ပြားဖိုး ထမင်းစား၊ သုံးပြားတန် လက်ဖက်ရည်ကိုသောက်၊ သွားလေရာရာ ခြေကျင်လျှောက်၍ နေရသော်လည်း သောင်းငါးထောင်တန် ကရှောဇာလီကားကြီး စီးသွားသော သူဌေးကြီးသည်

mgyoe.com

ငါလောက်မျှ ဝုဏ်မရှိ။ "ငွေကလွဲ၍ ဘာမျှမရှိတဲ့ သတ္တဝါကို သူဌေးခေါ်သည်"ဟု အမေရိကန်၌ သောက်သောက်လဲ ချမ်းသာလှသော သူဌေးကြီးရော့ကီးဖဲလား၏သံဝေဂစကားကလေးကို တွေးလျက်၊ ဘယ်သတ္တဝါ၊ ဘာကောင်ကိုမျှ အထင်မကြီး အဖက်မတန်ဟု အထင်ရောက်ခဲ့လေသည်။

ကလောင်ကလေးက ချွန်တုန်း၊ ထက်တုန်းနေ့မနား ညမနား ရေးခဲ့သည်။ ဦးနှောက်ကလေးထဲက စိတ်ကူးတွေ လျှံတက်နေသဖြင့် ကလောင်ကလေးတစ်ချောင်းနှင့် ရေးရသည်ပင်အားမရ၊ ဘယ်တစ်ချောင်းညာ တစ်ချောင်း တစ်ကြိမ်တည်း ရေးလိုက်ရကောင်းမှာပဲဟု မချင့်မရဲ ဖြစ်မိလေသည်။ ဒဂုန်မဂ္ဂဇင်းတွင် လေးနှစ်ခွဲ တစ်လမပြတ်ရေးခဲ့သည်။ ဇေယျသတင်းစာတွင် ကိုးလလောက် တစ်ပတ်မပြတ် အစမှအဆုံးလိုလိုတစ်ကိုယ်တည်း ရေးခဲ့သည်။ ၎င်းနောက် လန်ဒန်အတ်မဂ္ဂဇင်း၊ ဗြိတိသျှဘားမား၊ ရူပမဂ္ဂဇင်း၊ ရူပဂျာနယ်၊ ရွှေဓားဗိုလ် မဂ္ဂဇင်း၊ ဝတ္ထုမဂ္ဂဇင်း၊ ဝတ္ထုပန်းချီမဂ္ဂဇင်း စသည် တို့တွင် အဆက်မပြတ် ရေးခဲ့သည်။ ထို့ပြင်ကြားပေါက် တစ်မတ်တန်၊ သုံးမတ်တန် စသဖြင့် လုံးချင်းဝတ္ထုတိုရှည်များစွာ ရေးခဲ့သည်။ လန်ဒန်အတ်၊ ဗြိတိသျှဘားမားစသော ရုပ်ရှင်ကုမ္ပဏီများအတွက်၊ ရုပ်ရှင်ဇာတ်ညွှန်း များစွာတို့ကိုလည်း ရေးခဲ့သည်။ မှတ်မှတ်ရရ အစိုးရကထုတ်သော သူကြီး ဂေဇက်တွင်၊ တစ်ပတ်လျှင် ဝတ္ထုတိုကလေး တစ်ပုဒ်၊ ကိုးနှစ်တိတိ တစ်ပတ်မလပ် ရေးသားခဲ့သည်။ သူကြီးဂေဇက်တစ်ခုတည်း စာရင်းကောက်လျှင် ဝတ္ထုကလေး ၄၅၀၊ ကဗျာဆောင်းပါး ၄၅၀၊ ခေါင်းကြီး ၉၀၀ အားလုံးပုဒ်ရေ ၁၈၀၀ လောက်ဖြစ်ပေသည်။ အခြားရေးသားခဲ့သော ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါး၊ သတင်းစာ ခေါင်းကြီး၊ တေးထပ်၊ ဒွေးချိုး၊ သံပေါက် စသည်တို့ကိုမူကား၊ စာရင်း အတိအကျကောက်၍ မရနိုင်ချေ။ အားလုံး

mgyoe.com

mgyoe.com

ပေါင်းရလျှင် တော်တော်များပေလိမ့်မည်။ ပုဒ်ရေ ၂၀၀၀အောက်လျော့ မည် မဟုတ်ချေ။ ဤမျှကျွန်တော် တစ်ယောက်တည်း ရေးလာခဲ့သည်။ အခြား မြမျိုးလွင်၊ တင့်တယ်၊ တက်တိုးစသော ဆရာ့ဆရာကြီးများလည်း ဤမျှလောက်ပင် ရေးကြပေလိမ့်မည်။

ရေးတော့ ရေးခဲ့ကြသည်။ ဘယ်ဆီ ဘယ်လမ်း၊ ဘယ်စခန်းကို မျှော်ခဲ့ကြသလဲ၊ ယခု ဘယ်ရောက်ကြပြီ လဲဟူသော မေးခွန်းကြီးများ ပေါ်ပေါက် လာပေသည်။

အချို့လည်း ရေးရပြီးရော၊ ငွေရပြီးရော၊ နာမည် ကြီးလျှင်ပြီးရော ဆိုသည့် သဘောများလည်း ရှိကောင်း ရှိပေလိမ့်မည်။ သို့သော် စာရေးဆရာ အများအား ဖြင့်ကား၊ ရည်မှန်းချက်တစ်ခုခု ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ ရှိကြပေသည်။

ကျွန်တော်တို့ ဆရာ့ဆရာ ပီမိုးနင်းသည် နှစ် ပေါင်းနှစ်ဆယ်ကျော် အစိတ်လောက်၊ တစ်နေ့မပြတ် ရေးခဲ့သည်။ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ သူ မရေးသော စာဟူ၍ မရှိခဲ့ချေ။ မြန်မာဘာသာနှင့်သာ မဟုတ်၊ အင်္ဂလိပ်ဘာသာနှင့်လည်း တော်တော်များများ ရေးသေး သည်။ ဆရာကြီး ရေးခဲ့သော စာများကို စုပေါင်း၍ ကြည့်လိုက်လျှင်၊ သစ်ပင်ပေါင်းစုံ၊ နွယ်ရော၊ ချုံပုတ် ရော၊ ရောထွေးနေသည့်တောကြီးနှင့်သာ တူနေလေ သည်။ ဤမျှ များပြား ရှုပ်ထွေးလှသော်လည်း၊ ဆရာ ပီမိုးနင်း၏ ရည်ရွယ်ချက်မှာ မြန်မာစာကို ရှင်းရှင်း နှင့်ခန့်ခန့် ရေးသားနိုင်ရန်ဖြစ်ကြောင်း ကောင်းကောင်း ကြီး ထင်ရှားစွာ တွေ့နိုင်လေသည်။ အနောက်နိုင်ငံ အယူအဆ၊ အတွေးအခေါ်များကို မြန်မာများနားလည် နိုင်အောင် မြန်မာစာ ရိုးရိုးရှင်းရှင်းနှင့် ရေးသားနိုင်ရန် အားထုတ်လေသည်။ ဘုရားကိုချီလိုလျှင် ဘုရား၏ တိတိကျကျ စကားတစ်လုံးတည်းနှင့် တိုက်ရိုက်ဆိုမှ ကြိုက်သည်။ ဘုန်းတော်ခြောက်စုံ ဂုဏ်တော် အနန္တ စသည်ဖြင့် ဘုရားဆိုသော စကားမရောက်မီ ရှည်ရှည်

mgyoe.com

mgyoe.com


ဝေးဝေးကြီးဆိုနေလျှင် မကြိုက်ချေ။ ပီမိုးနင်းသည် စိတ်ကကြံရွယ်တိုင်းလည်း ရိုးရိုးနှင့် ထိထိရောက်ရောက် ရေးသည်။ အင်္ဂလိပ်ဘာသာ ကျမ်းများ၌လာသော အယူအဆအတွေးအခေါ်များကို မြန်မာစာသက်သက် စာဖတ်ရုံမျှ ဖတ်သူများပင် နားလည်အောင် ရေးသည်။ မြန်မာစကား ပီပီသသ၊ ရှင်းရှင်းလင်းလင်း ရှိလှသော ကြောင့် ဆရာပီမိုးနင်း၏ စာများကို ဖတ်ရသူတို့သည် အင်္ဂလိပ်ဘာသာမှ ယူထားကြောင်းကို ရိပ်မိရုံမျှပင် မရိပ်မိကြချေ။ ဤရည်ရွယ်ချက် အတိုင်းလည်း အောင် မြင်သင့်သလောက် အောင်မြင်လေသည်။ ယခုခေတ် စကားနည်းနည်းနှင့် ရှင်းရှင်းလင်းလင်းရှိလာသော မြန်မာစာမှာ ဆရာပီမိုးနင်း၏ ကျေးဇူးများစွာပင် ပါဝင်လေသည်။

အင်္ဂလန်ပြည်သည် လွန်ခဲ့သည့် နှစ်ပေါင်း ၅၀၀ လောက် ဝိတိုရိယ ဘုရင်မကြီး လက်ထက်၊ အထင် အမြင် အတွေးအခေါ်များ ခေတ်သစ်ဘက်သို့ ဖြောင်း ဝင်စအချိန်တွင် ပေါ်ထွန်းကြသော ကာလိုင်း၊ ရပ်စကင်း၊ မောရစ်စသော ပညာရှိကြီးများ ရေးသားကြ သော စာများမှာလည်းရည်မှန်းချက်များ ရှိသည်ကို တွေ့ရပေသည်။ သုံးဦးလုံးပင် ခေတ်သစ်ကြီးသို့ လှမ် းမျှော်နေကြလေသည်။ ချမ်းသာဆင်းရဲ အလွန်ကွာ လျက် ရှိသည်။ ချမ်းသာသူများက ညစာတစ်ပွဲကို ငွေလေးငါးခြောက်သောင်း အကုန်ခံ၍ စားနေကြရာ၊ ဆင်းရဲသူများမှကား၊ ပေါင်မုန့်သိုးကလေးများမှ ဝဝ မစားရ ဖြစ်နေလေသည်။ ဤသို့ မညီမမျှ လူနှစ် ယောက် ပိုင်းကွဲနေသော်လည်း အားလုံးအရုပ်ဆိုးလျက် ရှိကြသည်။ ချမ်းသာသူများမှာ ငွေရဖို့ ဖိမ်ခံဖို့လောက်နှင့် အချိန်ကုန်နေသည်။ ဆင်းရဲသူများမှာ ဝမ်းဗိုက်ကလေး ပြည့်ဖို့အရေးနှင့် အချိန်ကုန်နေသည်။ ဤလောကကြီး ကား နေပျော်အောင် လုပ်ရမည့်လောကကြီး နှလုံး မွေ့လျော် ပျော်ဖွယ်ရာ ဖြစ်အောင် လုပတင့်တယ်အောင်

mgyoe.com

mgyoe.com

ပြုမည့်လောကကြီး ဖြစ်စေရမည်ဟု ချမ်းသာတွင်း၌ နစ်မွန်းလျက် ဆင်းရဲသူကလည်း ဆင်းရဲတွင်း၌ နစ်မွန်းလျက်၊ အဝတ်အစား၊ အနေအထိုင် အစစ အရုပ်ဆိုးဆိုးနှင့် နေကြလေသည်။ အဆိုပါ စာရေးဆရာကြီးသုံးဦးမှကား ဤမျှနှင့်မတန်ရသေး။ အရုပ်ဆိုး သောဘဝကြီးသည် သဘာဝမကျ လောကအခင်းအကျင်းနှင့် မကိုက်ညီ။ ဆင်းရဲချမ်းသာမရွေး အားလုံးအတွက် နှလုံးမွေ့လျော် ပျော်ဖွယ်ရာ ဘဝကြီး ဖြစ်စေရမည်ဟု ယူဆကြလေသည်။ ယူဆကြသည့်အတိုင်း ရေးကြသည်။ ဝတ္ထုတွေ ရေးသည်။ ဟောစာတွေ ရေးသည်။ ရာဇဝင်တွေ ရေးသည်။ ဇာတ်တွေရေးသည်။ ကဗျာလင်္ကာတွေ ရေးသည်။ အမျိုးမျိုးရေးကြသည်။ သို့သော် ၎င်းတို့ရေးသမျှကို သေတ္တာ ချခင်းကြည့်လိုက်လျှင် ဤဘဝကြီးသည် ဆင်းရဲချမ်းသာ မိန်းမယောကျ်ား၊ လူတိုင်းအဖို့ လှပသောဘဝကြီး ဖြစ်ရမည်။ နှလုံးမွေ့လျော် ပျော်ဖွယ်ရာဘဝကြီး ဖြစ်ရမည်ဟူသော ရည်မှန်းချက်ကြီးသည် မြေညီညီတွင် ဧရာဝတီမြစ်ကြီး စီးဆင်းသကဲ့သို့ စင်းစင်းကြီး ထင်ရှားလျက် ရှိလေသည်။

ဤသို့ ရည်မှန်းချက်ထားခဲ့ကြသလောက်လည်း အောင်မြင်ခဲ့ကြလေသည်။ ထိုဆရာကြီးများခေတ် မတိုင်မီက အင်္ဂလန်ပြည်တွင် အဝတ်အစား အဆင်အယင်မှစ၍ အားလုံးအရုပ်ဆိုးလေသည်။ သုံးရလျှင်ပြီးရော၊ စားဝလျှင်ပြီးရော၊ သဘောထားလျက် အရုပ်ဆိုးဆိုးထဲတွင်ပင် နေထိုင်ခဲ့ကြလေသည်။ မိမိတို့ဘဝ အရုပ်ဆိုးကြောင်း၊ မသက်သာကြောင်း မသိကြ၊ ကောင်းလျှင်လည်း ဘုရား၊ မကောင်းလျှင်လည်း ဘုရား၊ ဘုရားအပေါ်တွင် တာဝန်လုံးလုံး ပုံချလျက် အရုပ်ဆိုးထဲမွေး၍ အရုပ်ဆိုးထဲ သေကြလေသည်။ ထိုဆရာကြီးတို့ခေတ်သို့ ရောက်သာအခါမှုကား ၎င်းတို့၏ဟောပြောရေးသား လှုံ့ဆော်ချက်အရ ဇွန်းကလေး၊ ယောက်မကလေးကစ၍ လှလှပပပြုပြင် သုံးဆောင်လာ

mgyoe.com

mgyoe.com

ခဲ့ကြရာမှ ယခုခေတ်တွင် နှလုံးမွေ့လျော် ပျော်ဖွယ်ရာ ဘဝလှ ဘဝချောကြီးကို ရကြပေသည်။ မည်မျှလောက် ကွာခြားသည်ကိုအင်္ဂလန်ပြည် ထိုခေတ်က စာအုပ်များ နှင့် ယခုခေတ် စာအုပ်များကို နှိုင်းယှဉ် ကြည့်လျှင် ကောင်းစွာ သိနိုင်ပေသည်။

ကျွန်ုပ်တို့၏ တစ်သက်တာ လုပ်ငန်းများကို ရည်ရွယ်ချက်ရှိရမည်မှာ ထင်ရှားနေပေသည်။ စားရလျှင်ပြီးရော၊ ငွေရလျှင် ပြီးရော၊ အမည်ရလျှင်ပြီးရော၊ စာရေးရလျှင် ပြီးရောဆိုသော သဘောမျိုးနှင့် အမှုမဲ့ အမှတ်မဲ့ ရေးသားနေကြလျှင် အားထုတ်ရကျိုး မနပ် ရှိချေမည်။ ကလောင်သွားတုံးရုံသာ ရှိကြမည်။ ဘယ် ခရီးကိုမျှ ရောက်ကြမည် မဟုတ်ချေ။

လူ့ဘဝ အခြားလုပ်ငန်းများ၌ စားရလျှင်ပြီးရော၊ လုပ်ရလျှင်ပြီးရော သဘောမျိုးနှင့် ဖြစ်ကောင်းဖြစ်နိုင် ပေလိမ့်မည်။ စာရေးဆရာ ဘဝ၌မူကား ဤသို့ မဖြစ် နိုင်ချေ။ ရှေးပဝေသဏီကစ၍ ယခုအထိ စာရေးဆရာ တို့ ထုံးစံဓလေ့ကား ဤသို့မဟုတ်ချေ။ လူ့ဘဝကို တစ်နည်းနည်း ကောင်းအောင် ပြုပြင်မည်။ အရုပ်ဆိုး ဘဝကြီးမှ လှပသော ဘဝကြီးသို့ ပို့ဆောင်မည်ဟူသော ရည်ရွယ်ချက်၊ ကြွေးကြော်သံပါလျက် ရှိပေသည်။

ဤထုံးစံဥပဒေကို ယခုခေတ် ကျွန်ုပ်တို့ ကလောင်ဆရာများ လိုက်နာပါ၏လော။ ကျွန်တော် နှစ်ပေါင်း ၃၀ ကျော်မျှ ရေးသားခဲ့သော စာများကို ပြန်၍ စစ်ဆေးမိသည်။ သွေးကြော စမ်းခဲ့သည်။ အစပြန်၍ ကောက်ခဲ့သည်။ ဘယ်ဘက်ကို ဦးလှည့်နေ သလဲ သေချာစွာ မပြောနိုင်ချေ။

လူ့ဘဝကို ကောင်းအောင် မဖန်တီးနိုင်လျှင် ကျွန်တော်တို့ တာဝန်မကင်းချေ။

ကိုယ့်တာဝန် ကိုယ်မသိ ရေးရလျှင် ပြီးရော၊ ပိုက်ဆံရလျှင်ပြီးရော၊ နာမည်ကြီးလျှင် ပြီးရော၊ တာဝန်ကင်းသဘောထားကြလျှင် လက်ထဲကကလောင်

mgyoe.com

mgyoe.com

ကလေးကို လမ်းဘေးက အမှိုက်ပုံထဲပစ်ထည့်၍ ဈေးတောင်းခေါင်းရွက် မုန့်ဟင်းခါးတစ်ထမ်းနှင့် လမ်းတကာလည်၍ ရောင်းခြင်းက ပို၍သင့် မြတ်ကြပေလိမ့်မည်။

ဤတွင် ရွှေ့ကား၊ ကျွန်တော် ရေးနေကျ ကလောင်များကို ကြည့်ရင်း စဉ်းစားမိသော အချက်များတည်း။

မြဝတီမဂ္ဂဇင်း၊ ဇူလိုင်လ၊ ၁၉၅၈၊

ဇေယျ

❐

mgyoe.com

mgyoe.com

## ဒဂုန်ခင်ခင်လေး၏ ဒဂုန်ခင်ခင်လေး

အင်္ဂလိပ် လေယာဉ်ပျံများ လာရောက်ဗုံးကြဲချခြင်းမှာ ပြတ်သည်ဟုမရှိပါ။ မြို့တွင်းတွင် ပို၍ အထိနာကြပါသည်။ မြို့ပြင် ဆင်ခြေဖုံးရပ်ကွက်များမှာလည်း ကြို ကြားကြိုကြားအထိ ခံရလျက်ရှိ၏။ မြစ်ရိုးတစ်လျှောက် မီးရထားလမ်းတကာ လမ်းတစ်လျှောက်တို့မှာလည်း စီးပွားရှာသူများအတွက် အသက်စွန့်၍ သွားလာလုပ် ကိုင် စားရပါသည်။ ပြည်သူလူထုမှာ ကောင်းကင်က လေယာဉ်ပျံရန်ကို ကြောက်ရသည်တစ်မျိုး၊ ဆိုးဝါး ကြမ်းတမ်းသော ဂျပန်၏လက်ဝါးစောင်းကို ကြောက်ရ သည်က တစ်မျိုး၊ ရိုးရိုးသားသား နေထိုင်သူများမှာ ဂျပန်မာစတာများနှင့် မျက်နှာလိုအားရ မလုပ်တတ်ကြ၊ မပူးမကပ် တတ်ကြသဖြင့် ကင်ပေတိုင်အဖွဲ့မှ သက်ာ မကင်းမှုများ ခံရတတ်ပြီး အကြောင်းကြီးငယ်မပြဘဲ ဖမ်းဆီး ဆွဲခေါ်သွားတတ်ပါသည်။ အပြစ်ထင်ရှား မတွေ့ရသမျှ လက်သည်းခွာခြင်း၊ ရေနွေးပူလောင်းခြင်း စသည်တို့မှာ အချို့ အပြစ်မရှိသူများပင် အထင်မှားမှု အယူခံမရတော့ဘဲ သေသည်အထိ မချိမဆံ့ ဒုက္ခခံစား သွားကြရရှာသည်။

ဂျပန်နှင့် နာနာဖိ ပေါင်းတတ်သူများမှာ အပြစ် အနာတွေ ဒုနှင့်ဒေး ရှိနေစေကာမူ နေသာစားသာကြ သော်လည်း ပွတ်သီးပွတ်သပ် ပလူးပလဲ မလုပ်တတ် သူများမှာ အပြစ်မရှိ အပြစ်ရှာ ခံရတတ်ပါသည်။

mgyoe.com

mgyoe.com

ထိုအထဲမှာ ဗမာကို ဗမာအချင်း မနာလိုဝန်တို မိစ္ဆာစိတ်နှင့် ဂျပန်ကင်ပေတိုင်ကို မမှန်သတင်းပို့တတ်ကြသူတွေရှိသလို ကင်ပေတိုင်အဖွဲ့တွင် ဝင်ရောက် အမှုထမ်းနေသူများမှာလည်း လူတန်းစားအသီးသီးတွင် ခြေချင်းလိမ်လျက် ရှိ၍ မိတ်ဆွေအဖြစ် နေ့စဉ်အိမ်သို့ ဝင်ထွက်နေသူရယ်လို့လည်း သိပ်စိတ်မချရပါ။ ကင်ပေတိုင်၏ စုံထောက်များ ဖြစ်နေတတ်ပါသည်။ ခါတော်မီ ဂျပန်စကား နည်းနည်းပါးပါးကို သင်ကြားပြီး ဂျပန်စကားပြန်လုပ်သူတွေက တစ်သွယ်၊ စကားပြန်ရာဝယ် မလိုလျှင် မလိုသည့်အလျောက် ခြယ်လှယ်သွား ခြင်းခံကြရသေး၏။ ၎င်းပြင် ဂျပန်အဝယ်တော် ဆိုသူများကလည်း ဝင့်ဝင့်ကြွားကြွားနှင့် ခြေဖျားထောက်လျက်ရှိလေသည်။ လမ်းသွား လမ်းလာများအား လမ်းထိပ်မှဆီးပြီး ဆေးထိုးပေးသူ ဂျပန်နှင့် တပည့်ထိး တပည့်မများအထိ ထပ်တလဲလဲ နှိပ်စက်နိုင်သဖြင့် သူ့နေရာနှင့်သူ အဆိပ်အတောက်ကလေးတွေ ကိုယ်စီနှင့် ဖြစ်နေကြရာ ဂျာမနီပြည်မှ နာဇီဝါဒနှင့် ဂျက်စရာပို စုံထောက်အဖွဲ့တို့ ထုံးနည်းအလားတူဖြစ်ပြီး ဂျပန်သူလျှိုခေါ် စာအုပ်ထဲမှာ ပါသည့်အတိုင်းထက် ပို၍ ကိုယ်တွေ့လက်တွေ့ ဒုက္ခခံနေ ကြရလေသည်။

သည်အတောအတွင်းမှာ မြို့ထဲ၌ လူတွေမနေဝံ့၊ အလုပ်မလုပ်ဝံ့ လောက်အောင် ဗုံးကြဲလေယာဉ်၏ အန္တရာယ်က ဆိုးဝါးလာပြန်သည်။ ကျွန်မ၏ တိုင်းပြည်ပြု ပုံနှိပ်တိုက်မှာ အပြင်အလုပ်များအပြင် ဒဂုန်ခင်ခင်လေး စာအုပ်တိုက်မှ ထုတ်ဝေသော စာအုပ်များကိုလည်း ကြိုကြားထုတ်ဝေလျက် ရှိနေပါသည်။ ကျွန်မရေးသော တစ်ပိုင်းတစ်စ ဖြစ်နေသည့် "သဝဏ်လွှာ" ဝတ္ထုကို အပြီးသတ်ရေး၍ထုတ်အပြီး နောက်ထပ် စာရေးချင်စိတ်မရှိသေးသောကြောင့် မြေပဒေသာ ဝတ္ထုကို ဘာသာပြန်စေပြီး ထုတ်ဝေခဲ့သည်။ နောက်လမှာ ထိုခေတ်ပြန်ကြားရေးဝန်ကြီး သခင်နုရေးသော "ရက်စက်ပါပေ့

mgyoe.com

mgyoe.com

ကွယ်”နှင့် “ပုထုဇ္ဇနော ဥမ္မတ္တကော”ဆိုသော ဝတ္ထုများကို ရိုက်နှိပ်ထုတ်ဝေပါသည်။

ဒေါက်တာဘမော်၏ အဓိပတိ အစိုးရအဖွဲ့မှ ဗမာ့ခေတ် သတင်းစာကို ထုတ်ဝေလျက်ရှိရာ ပုံနှိပ်ဌာနမှာမြို့တွင်းရှိ အစိုးရ စာပုံနှိပ်တိုက်မှ ရိုက်နှိပ်ထုတ်ဝေနေပါသည်။ မြန်မာ့အလင်း သတင်းစာနှင့် သူရိယသတင်းစာ နှစ်စောင်မှာလည်း မြို့ထဲတွင် အလုပ်သမားများ အလုပ်မဆင်းဝံ့ကြဘဲရှိ၍ သူရိယသတင်းစာတိုက်မှာ ကုက္ကိုင်းလမ်းကွေ့တွင် ဖွင့်ထားပြီး မြန်မာ့အလင်း သတင်းစာမှာ ယခုလက်ရှိ ရွှေဂုံတိုင်အဝိုင်းကြီးအနီးရှိ တိုက်မှ ရိုက်နှိပ်ထုတ်ဝေလျက်ရှိရာ ဂျပန်ခေတ်၌ စုစုပေါင်းမှ သတင်းစာ ၃ စောင်သာ ထုတ်ဝေနေပါသည်။

ကျွန်မအိမ်မှာ လူတွေများသည်ထက် များလာရာ၌ စာပေနယ် သတင်းစာနယ်မှ လူများသာမက ပန်းချီဆရာ၊ ဂီတဆရာတွေကလည်း အတွဲကိုယ်စီ နှင့် လာနေကြပါသည်။ စာရေးဆရာအသင်းမှာလည်း ကျွန်မအိမ်မှာတစ်လတစ်ကြိမ် စည်းဝေးခြင်း ပြုကြပါသည်။ အခြားနေရာမှာဆိုလျှင် နံနက်ပိုင်း စည်းဝေးခြင်းဖြစ်၍ နံနက်စာအတွက်က ကိုယ်စီကိုယ်င ဒုက္ခတာဝန်ပိုကြရသည်ဆိုသော အခက်အခဲကို ကျွန်မက တာဝန်ယူပြီး ဂျပန်တစ်ခေတ်လုံး အမြဲဖြေရှင်းပေးခဲ့ပါသည်။ စာရေးဆရာအသင်းမှ စတင်ပြုလုပ်သော ပထမဆုံး စာဆိုတော်နေ့ အခမ်းအနားမှာ ကျွန်မအိမ်ရှေ့ရှိ မြက်ခင်းပေါ်၌ ခင်းကျင်းဖွင့်လှစ်ရာ ပိတ်စဝယ်မရသောကြောင့် မြန်မာဖြစ် ပင်ဖြူစကြီးကို အလံချုပ်လျက်လက်နက်နှင့် ကလောင်တံကိုင်ဟန် ပန်းချီခြယ်ပြီး နောက်ခံကားအဖြစ် ချိတ်ဆွဲရပါသည်။ စားစရာကလည်း ဝယ်ချင်တိုင်း ဝယ်မရ၊ ငတ်ပြတ်လှသော ဂျပန်ခေတ်နှင့် လျော်ညီစွာ မုန့်စိမ်းပေါင်းကြီး တစ်ခုလုံးကို စားပွဲ အလယ်မှာတင်ပြီး ကိတ်မုန့်ကြီးအမှတ်နှင့်

mgyoe.com

mgyoe.com
သုံးဆောင်ကြရင်း တပျော်တပါး မှတ်တမ်းတင်ထားရ ပါသေးသည်။

တေးဂီတ ကဗျာရေးဆရာနှင့် တူရိယာတီး အနုပညာသည်များ ဝင်ထွက်သွားလာရာ နေအိမ်ဖြစ်သောကြောင့် စန္ဒရားကြီးများ တစ်လုံးပြီးတစ်လုံး လာရောက်ရောင်းချသွား၍ အခန်းတစ်ခုအတွင်းမှာ စန္ဒရားကြီး သုံးလေးလုံး ဖြစ်လာပါသည်။ ထိုသောအခါ ကျောင်းစာမသင်ရဘဲ အားလပ်နေသော မိတ်ဆွေတစ်စုတို့၏ သားသမီးများမှာ စန္ဒရားတီး သင်လိုလာကြသည်။ အတီးသင်မည့် ဆရာများကလည်း အိမ်မှာပင် ထွက်ဝင်နေသူများ ဖြစ်၍ သူတို့မှာလည်း သင်ပြရသော အခ, ကြေးငွေရစေတော့၊ စန္ဒရား အတီးသင်လိုသော ကလေးများလည်း ပညာရစေတော့ဟု ကျွန်မက အခန်းရော စန္ဒရားများကိုပါ အခမဲ့ အသုံးပြုသင်ကြားကြစေခြင်းဖြင့် ဂီတ၏တန်ဆောင်ကို ထွန်းပြောင်နိုင်ရန် ကူညီအားပေးခဲ့ပါသည်။ ထိုစန္ဒရားသင် ဂီတအနုပညာကျောင်းကို အခမ်းအနားနှင့် ဖွင့်ပေးရာတွင် ကွယ်လွန်သူ ဘုရားဒကာ ဦးဘိုးစိန်ကြီးကိုယ်တိုင် လာရောက်ဖွင့်လှစ်ပေးရှာပါသည်။ ထိုကျောင်းမှာ ဂျပန်များ ဆုတ်ခွာပြေးသော အချိန်အထိ အသက်ဝင်လျက် ရှိပါသေးသည်။

### ဗမာ့ခေတ် သတင်းစာ လက်စံပုံနှိပ်ပေးခြင်း

ပုံနှိပ်တိုက်မှ အလုပ်သမားများမှာ ထိုအချိန်ထိုအခါက အလုပ်သမားနှင့် အလုပ်ရှင်ဆိုသော စိတ်ထားမျိုးမရှိဘဲ ကျွန်မ၏တစ်အိမ်တည်းသား မိသားစုများပမာ စားလိုသူစားဟု မီးဖိုတံခါးကို အမြဲဖွင့်ပေးထားသည်။ အဝတ်အထည် ရှားပါးသော ခေတ်ဖြစ်၍ အထက်အညာမှ ချည်လုံချည်များ ရောင်းရန်လာရောက်တည်းခိုသူ ဧည့်သည်များ ပြန်လိုသောကြောင့် ရောင်းမကုန် ကျန်သော အထည်ထုပ်ကြီးများကို အတင်း
mgyoe.com

mgyoe.com

ထိုးရောင်းသွားတတ်သည်တွင် ကျွန်မက အထည်သည် မလုပ်တတ်သူဖြစ်၍ ချည်လုံချည်တွေမှာ ပုံနှိပ်တိုက်မှလူများအား ပေးဝေပစ်ခြင်းဖြင့် အပြတ်ရှင်းလိုက်ရပါသည်။

ဖုံးခိုကျင်းကြီးများမှာ လူများသလောက် ဆံ့အောင် အိမ်ဝင်းပတ်လည် နေရာ အနှံ့အပြား တူးထားရပါသည်။ အကယ်၍ အလုပ်ချိန်အတွင်း လေကြောင်းရန် ဥသြဆွဲလျှင် နီရာကျင်းကို ဆင်းပြေး ပုန်းအောင်းကြရာ၌ အချို့အထုပ်သမားများမှာ စီလက်စ စာလုံးခွက်ကလေးများ ကိုင်လျက် လည်းကောင်း၊ စာပြင်ဆရာက ပရုဖ်စာရွက်နှင့် ခဲတံနီကိုင်လျက်လည်းကောင်း၊ သူတို့လက်ထဲမှ လုပ်လက်စ အလုပ်များကို ချမပစ်ခဲ့ရက်ဘဲ သံယောဇဉ် နှောင်ကြိုးတဲလျက် ရှိကြသလို ကျွန်မအဖို့မှာလည်း မတော်တဆ မီးလောင်ဖုံးကျ၍ အကုန်လုံး မီးလောင်ဆုံးပါသွားစေကာမူ သူတို့အဖို့ အခကြေးငွေပေးရန် ကျန်ပါစေဟူသော စေတနာဖြင့် ငွေစက္ကူထုပ်ကို ဆွဲကာ ဖုံးခိုကျင်းအတွင်း၌ သူတို့နှင့်အတူ ဆင်း၍ ပုန်းအောင်းခဲ့ရသော ဘဝတူများ ဖြစ်ခဲ့ပါသည်။

နောက်များမကြာမီ ဂျပန်လွတ်လပ်ရေးခေတ် ဒေါက်တာဘမော်၏ အဓိပတိ အစိုးရဌာနမှ ထုတ်ဝေနေသော ဗမာ့ခေတ် သတင်းစာမှာ အလုပ်သမားများ မြို့ထဲရှိ အစိုးရစာပုံနှိပ်တိုက်၌ အလုပ်မဆင်းဝံ့လောက်အောင် ဖုံးကြိလေယာဉ်ပျံများက နေ့စဉ်နှင့်အမျှ လာရောက်ဖုံးချကြလွန်းသဖြင့် သတင်းစာထုတ်ရန် အချိန်မှန်ရန် အခက်အခဲ ဖြစ်လာပါသည်။ ထို့ကြောင့် အလုပ်သမားများ အန္တရာယ်ကင်းစွာ အလုပ်ဖြောင့်ဖြောင့်လုပ်လျက် သတင်းစာ အချိန်မှန် ထုတ်ဝေရစေခြင်းငှာ ကျွန်မ၏တိုင်းပြည်ပြုပုံနှိပ်တိုက်တွင် လာရောက်၍ အငှားရိုက်လိုသည်။ အိမ်ခြံဝင်းအတွင်း နေရာလွတ်တစ်ခုမှာ အယ်ဒီတာများ၊ စာစီသူများ၊ အလုပ်လုပ

mgyoe.com

mgyoe.com

နိုင်ရန် တဲတစ်ခု ထိုးပါရစေဟု ဆိုလာသည်။ တဲတစ်ခု ထပ်ထိုးလျှင် အိမ်ရှင်က အိမ်ငှားခ တစ်ရာ ထပ်တိုးယူသည်။ ပထမ ကျွန်မ၏ပုံနှိပ်စက်များထားရန် တဲတစ်ခုနှင့် ဒုတိယ ဗမာ့ခေတ် အယ်ဒီတာအဖွဲ့ အလုပ်သမားများအတွက် တဲတစ်ခု ထိုးသောအခါ အိမ်လခသည် မူလတစ်ရာမှ သုံးရာအထိ တိုးပေးလာရပါသည်။

အစိုးရ၏ ဗမာ့ခေတ်သတင်းစာကို တိုင်းပြည်ပြုပုံနှိပ်တိုက်လာရောက် အငှားရိုက်မိသောအခါ တဲရှည်ကြီးတစ်ခု ဝင်းပေါက်ဝ မြေနိမ့်ပိုင်းမှာ ဆောက်သည့်တိုင်အောင်နေရာ မလောက်သောကြောင့် အိမ်ဘေးရှိ အမိုး အဖီအောက်များမှာ စာစီခုံတွေကို ဖြစ်သလိုချ၍ အလုပ်လုပ်ကြရပါသည်။ ဤတွင် နဂိုကအိမ်တွင် လူပြည့်နေရာတွင် အိမ်အပြင်ဘက်ပိုင်းမှာလည်း လူတွေ ဝိုင်းမိလျက် စည်စည်ကားကားကြီး ရှိနေပါသည်။

ကျွန်မ၏ သာလာယံအိမ်ကြီးမှာတော့ လူလျော့နည်းသွားသည်ဟု မရှိပါ။ တစ်သုတ်ဆင်းသွားလျှင် နောက်တစ်သိုက်က တက်လာခြင်းဖြင့် လူဦးရေဖြည့်တင်းလျက် ရှိပါသည်။ သတင်းစာရိုက်ရန် တာဝန်ပိုလာသောအခါ ပုံနှိပ်စက်နှင့် ဆိုင်ရာအလုပ်သမားများပိုပြီးထားရပါသည်။ စက်ကြီးနှစ်လုံးကို နေ့ရောညရော တဝုန်းဝုန်း အဆက်မပြတ် ရိုက်နေရသဖြင့် နေ့စက်ဆရာ၊ ညစက်ဆရာများနှင့် စက်နောက်ကြည့်များကို အဆိုင်းနှင့် ခွဲထားရပါသည်။ အချို့ အလုပ်လာလျှောက်သူများမှာ ကိုယ့်အိမ်ကိုယ့်ယာမှ လာရောက်အလုပ်ဆင်းနိုင်ကြသူများ ဖြစ်သော်လည်း အချို့မှာ နေစရာထိုင်စရာ မရှိဟုဆိုလျှင် နောက်ဖေး အဓေခံတန်းလျားကြီးရှိ အခန်းလွတ်တွင် သွင်း၍ ကယ်တင်ရှင် လုပ်လိုက်ရပါသည်။

မီးဖိုဆောင်၏ တာဝန်မှာလည်း မသေးလှပါ။ အိမ်ရှေ့အိမ်နောက်၊ နောက်ဖေးတန်းလျားက လူတွေအထိ အယုတ် အလတ် အမြတ် မရွေး လူပေါင်း

mgyoe.com

mgyoe.com

လေးဆယ်ကျော်ငါးဆယ် စားနိုင်ရန် ချက်ပြုတ်ပြင်ဆင် ကျွေးမွေးရသည်မှာ နေ့စဉ် အလှူအိမ်တစ်ခုကဲ့သို့ ရှိနေလျက် မနက်ထမင်းဝိုင်းနှင့် ညစာထမင်းဝိုင်းမှာ ဆက်၍သာ သွားပါသည်။ ဤလောက် များပြားသော စားအိုးအတွက် ထမင်းချက်ငှားမရသော အခါကာလမှာ အခက်အခဲ မဖြစ်တော့ဘဲ အားနေကြသော မိန်းမ များက တပျော်တပါး ဝိုင်းဝန်းလုပ်ကိုင် သွားကြခြင်း၊ မြစ်ဝကျွန်းပေါ်အရပ်မှ နေရေး၊ စားရေးကြပ်သဖြင့် လာရောက်ခိုလှုံနေကြသူ (...)၏ ဆွေမျိုးသားချင်း ယောကျာ်း မိန်းမများကိုလည်း တခြားနေရာတွင် အသုံးချ၍ မရသဖြင့် ပန်းကန်ဆေး အိုးဆေး၊ ထမင်း ပြင်ကျွေးသော အလုပ်တာဝန်များကို သာလာယံအလှူ အိမ်မှာ ကူညီလုပ်ကိုင်နေထိုင်ခွင့် ပြုထားခဲ့ပါသည်။

သာမန်အိမ်ရှင်မတစ်ဦးအနေနှင့်ပင် အိမ်ပေါ်မှာ လူပိုတစ်ဦးခေါ်ထားရန် ကိစ္စ၌ မယားမညီလျှင် ဧည့် မလှဟု ဆိုရိုးစကားရှိထားလေသည်။ ကျွန်မသည် အလုပ်တိုက်ရှင်လည်း ဖြစ်နေသော အိမ်ရှင်မဖြစ်ရာ ဤပရိသတ် ဤလူတစ်သိုက်ကို ကျွန်မ၏စိတ်ဆန္ဒအရ အလှူဒါနတစ်မျိုးကို ပြုရသည်ဟု ယူဆ၍သာ သူ့လူ ကိုယ့်လူဟူ၍မရွေး လက်ခံပေးကျွေးမှု ပြုခဲ့ခြင်း ဖြစ်ပါ သည်။ ကျွန်မသာ ဤအလှူဒါနမျိုးကို စိတ်မဝင် စားခဲ့လျှင် သာမညအိမ်ထောင်တစ်ခုကဲ့သို့ တာဝန် အေးအေး၊ နားအေးအေးနှင့် နေခဲ့မည်ပင်ဖြစ်ပါသည်။ သည်အထဲမှာ အလုပ်သမား ယောကျာ်းလွတ်များနှင့် နောက်ဖေးပိုင်းက မိန်းမလွတ်များကို သင့်လျော်သလို အိမ်ထောင်ချ၍ မိဘသဖွယ် ဆက်လက်စောင့်ရှောက် ခဲ့ရသည့် ကိစ္စမျိုးကလည်း ရှိခဲ့သေးသည်။ အချို့မိန်းမ လွတ်များမှာ အစောင့်အရှောက်မခံဘဲ အပြင်အပမှာ သွားလာ နယ်လွန်ခဲ့ကြသေးသည်။ သို့ရာတွင် သူ့ ကာယကံရှင်နှင့်သူ ပြနိုင်သူကပြ၍သာ တော်တော့ သည်။ မိန်းမလွတ် ယောကျာ်းလွတ်တွေ များလာလျှင်

mgyoe.com

mgyoe.com

ဤသဘောတရားမျိုးတွေ ဝင်လာတတ်သောကြောင့် ထိန်းသိမ်းရန် တာဝန်ကြီးလေးလာသည်။ လင်စုံမယား ဘက်များပင် စည်းမစောင့် လျှပ်ပေါ်လော်လည်မှု ရှိလာပါက ထိန်းသိမ်း၍ ရတတ်သောကိစ္စမျိုးမဟုတ်သည်ကို ကျွန်မ စိတ်ဝင်စားမှု မရှိခဲ့၊ သတိမပြုခဲ့မိပါ။ ယင်းသို့ သတိမပြုခဲ့မိသည်မှာလည်း အိမ်ရှိလူတွေထဲမှာ အကျင့်စာရိတ္တ ဖောက်ပြန်နေသူတွေ ရှိလိမ့်မည်ဟုလည်း ဘယ်အခါကမျှ ယုံမှားသံသယ မရှိခဲ့ဖူးသဖြင့် ဖြစ်ပါသည်။

သို့ရာတွင် ရိုးသားစွာ တင်ပြလာသော အိမ်ထောင်ချပေးရေး ကိစ္စများကိုမူ ကျွန်မသည် ငွေကြေးအကုန်အကျခံ၍ တာဝန်ယူခဲ့သည်။ လူကြီး လူကောင်း အပေါင်းအသင်း မိတ်ဆွေသင်္ဂဟများကို ဖိတ်ကြားကျွေးမွေး ဧည့်ခံလျက် တပည့်သားမြေးတို့၏ မင်္ဂလာပွဲမှာ မိဘပမာ ချီးမြှင့်ခဲ့ပါသည်။ ထိုစဉ်က ဧည့်ပရိသတ်အဖြစ် တက်ရောက်ဖူးသူ မိတ်ဆွေများသည် စက်ကြီးနောက်ကြည့်သမားဘဝမှ ဖိုမင်အထိ အလုပ်တိုးမြှင့်ပေးခဲ့သော မောင်ပါကြီးအား သားသမီးပမာ မင်္ဂလာဆောင်ကျင်းပပေးခဲ့ဖူးသည့် အထောက်အထားကို မှတ်မိကြပေလိမ့်ဦးမည်ဟု ယုံကြည်ပါသည်။

❑

mgyoe.com

mgyoe.com

# ကုသ၏ ကုသ

စာရေးဆရာ'ကုသ'သည် အဘယ်ကြောင့် 'ကုသ' ဟူသောကလောင်အမည်ကို ခံယူပါသနည်း။ အလောင်းတော်ကုသမင်းနှင့် အသို့စပ်ဆိုင်ပါသနည်း။ အလောင်းတော် ကုသမင်းသည် ထူးကဲလှပေသော ရုပ်ပါရုံကြောင့် အလှဂုဏ်မာန်တံခွန်ထူနေသော ပပဝတီမင်းသမီးအား မနေနိုင် မထိုင်နိုင် အချစ်ကြီးချစ် အစွဲကြီးစွဲခဲ့ပေသည်။ ရာဇဣန္ဒြေကိုမှုပင် မငဲ့ကွက်နိုင်ဘဲ မိမိစံမြန်းတော်မူရာ ကုသဝတီပြည်ကြီးမှ သာဂလတိုင်း 'မင်းပပ' နောက်သို့ ကောက်ကောက်ပါအောင် လိုက်တော်မူခဲ့ရရှာသည်။

ထိုနည်းတူစွာ စာရေးဆရာ 'ကုသ' ခမျာမှာလည်း ပပဝတီမင်းသမီး ကဲ့သို့ ရုပ်ပါရုံမာန်တံခွန်ထူနေသော ဣတ္ထိယဂိုဏ်းဝင် အကြင်ရွှယ်ပျိုစင် တစ်ဦးကို ချစ်မိသည့်တာကြောင့် ထိုပျိုကညာ နောက်သို့ ကောက်ကောက်ပါအောင် လိုက်ခဲ့ရဖူးလေသလော။

ဤသို့ မဟုတ်က 'ကုသ'သည် အလောင်းတော် ကုသမင်းကဲ့သို့ပင် မျက်နှာတွင် ကျောက်ပေါက်မှတ်များ ရှိနေချေရော့သလား။ အသားရောင် မည်းနက်၍ လွန်စွာ အရုပ်ဆိုးချေရော့သလား။

သို့တည်းမဟုတ်က 'ကုသ'ဟူသော အမည်မှာ ထင်မိထင်ရာ ပေါက်ကရမှည့်ထားအပ်သော 'ရဦ'

mgyoe.com

mgyoe.com

အမည်ပေလော စသည်ဖြင့် ကျွန်တော့်အား စာဖတ်သူ အပေါင်းတို့က နှုတ်ဖြင့်လည်းကောင်း၊ စာဖြင့်လည်း ကောင်း မကြာမကြာ မေးမြန်းစုံစမ်းကြပေသည်။

ကျွန်တော်သည် စာဖတ်ပရိသတ်တို့၏ သံသယ ကို ရှင်းလင်းရန်အချိန် သင့်ရောက်ပြီဟု ထင်မြင်မိသည့် အတိုင်း ဤစာစောင်ကိုရေးသား ဖြေရှင်းအပ်ပါသည်။ ဖတ်သူအပေါင်းတို့မှာ ပျော်ရွှင်ကြည်မွေ့ နှလုံးတွေ့ ကြပါစေသ တည်း။

'ကုသ'ဟူသော အမည်မှာ အနွတ္ထအမည်ပင် ဖြစ်ပေသည်။ အတိုချုံး၍ ဖော်ပြရမည်ဖြစ်ပါက ၁၉၃၁ ခု ဒီဇင်ဘာလတွင် ရန်ကုန်တက္ကသိုလ် ဗုဒ္ဓဘာသာ ဓမ္မာရုံဆောက်လုပ်ရေး ရန်ပုံငွေအတွက် တက္ကသိုလ် ကျောင်းတော်သား ကျောင်းတော်သူများ၊ ယုဒသန် ကျောင်းတော်သား ကျောင်းသူများနှင့် ဆရာအတတ် သင် ကျောင်းတော်သား ကျောင်းတော်သူတို့ ပါဝင် ဆင်နွှဲကြသော ကပွဲကြီးတစ်ခုကို ဂျူဗလီဟောရုံကြီး တွင် နှစ်ညတိတိ ခင်းကျင်း ပြသခဲ့ပေသည်။

ထိုကပွဲကြီး၌ ကျွန်တော်သည် အလောင်းတော် ကုသမင်းဇာတ်တွင် 'ကုသ' အဖြစ်ဖြင့် နှစ်ညတိုင်တိုင် ကပြအသုံးတော်ခံခဲ့ရပါသည်။

အလောင်းတော် ကုသမင်းဇာတ်ကို ကပြရာ၌ အထူးပင်အောင်မြင်၍ လူကြိုက်များသောကြောင့် ကပွဲ ကြီးပြီးမြောက်သွားသော် ကျောင်းသားထုက ကျွန်တော့် အား နာမည်ရင်းကို မခေါ်တော့ဘဲ 'ကုသ'ဟူ၍သာ ခေါ်ကြလေတော့သည်။ သို့ဖြစ်ရကား ကျွန်တော်သည် လူ့ဘုံနတ်ဘုံ မကျင်လည်ရဘဲ ၂ ည တာမျှနှင့်ပင် သာမညဘဝမှ မဟာမျိုးမဟာနွယ် 'ကုသ' ဘဝသို့ အချောင်ဝင် သွားတော့၏။ လွန်စွာမှပင် ထူးသော ကုသိုလ်ပင်တည်း။

ရှေးဖြစ်ဟောင်းများကို စားမြုံ့ပြန်ကာ တွေးတော ရသည်ရှိသော် မိမိ စိတ်ထဲတွင်ထူးသော အရသာကြီး

mgyoe.com

mgyoe.com


ကို ခံစားမိတော့သည်။ ထို့ကြောင့် ကျွန်တော်သည် ရန်ကုန်တက္ကသိုလ် ဓမ္မာရုံ ဆောက်လုပ်ရေး ရန်ပုံငွေ အတွက် ခင်းကျင်းပြသခဲ့သော ယင်းကပွဲကြီးတွင် မိမိကိုယ်တိုင် 'အလောင်းတော် ကုသမင်း'အဖြစ်ဖြင့် မိတ်ဆွေများနှင့် တွဲဖက်ပါဝင်ကပြဆင်နွှဲခဲ့သော 'ကုသ' ဇာတ်ကို ရေးသားဖော်ပြလိုပါသည်။

ထိုသို့စတင်၍ မရေးသားမီ တက္ကသိုလ်ဓမ္မာရုံ ရန်ပုံငွေကပွဲကြီးနှင့် စပ်လျဉ်း၍ သိသင့်သမျှကို အနည်း ငယ်ဖော်ပြပါမည်။ ထိုကပွဲကြီးတွင် ပါဝင်သည့်ဇာတ် ယိမ်းအစရှိသည်တို့ကို နည်းညွှန်ပြသပေးရန် တက္ကသိုလ် ကျောင်းတိုက်များမှ ဆရာများက အသီးသီးတာဝန် ယူကြပေသည်။ အောက်ပါတို့မှာ ယင်းကပွဲကြီး၏ အစီအစဉ်ဖြစ်ပါသည်။

(၁) မင်္ဂလာ စည်တော်အက (တက္ကသိုလ်နေ့ ကျောင်းသားများ)
(၂) ပုဏ္ဏားယိမ်း (ယုဒသန်ကျောင်းသားများ)
(၃) သုဝဏ္ဏသာမဇာတ် (ပဲခူးကျောင်း ဆောင် သားများ)
(၄) တစ်ပါးသွားအကနှင့် တူရိယာအဖွဲ့ (ယုဒသန် ကျောင်းသားများ)
(၅) ကုသဇာတ် (သထုံကျောင်းဆောင်သားများ)
(၆) ဒေါင်းယိမ်း (ဆရာအတတ်သင် ကျောင်းသူ များ)
(၇) စန္ဒရား၊ တယော၊ အတီးနှင့်အဆို (နေ့ ကျောင်းသားများ)
(၈) မနော်ဟရီနန်းကိန္နရီဇာတ် (အင်းလျား ကျောင်းဆောင်သူများ)
(၉) ရှမ်းဓားသိုင်းယိမ်း (ရှမ်းပြည်မှပညာ တော်သင်များ)
(၁၀) ရေသည်ပြဇာတ် (ဆရာအတတ်သင် ကျောင်းသားများ)

mgyoe.com

mgyoe.com

ကျွန်တော်ဝင်ရောက်ကပြရသော 'အလောင်းတော် ကုသ'ဇာတ်ကို ဆရာဦးဖေမောင်က တာဝန်ယူ၍ ဇာတ်လမ်း အစီအစဉ်၊ သီချင်းနှင့် ပြောရ မည့်စကားများကို သင်ကြားပြသပေးသည်။

ဆရာဦးဖေမောင်ကား ယခုသော်မူ ရန်ကုန် တက္ကသိုလ်ကြီးတွင် မြန်မာစာပေ ပါမောက္ခနှင့် ဝိဇ္ဇာပညာဌာနမှူးကြီး ဖြစ်နေပေပြီ။

ဤကုသဇာတ်ကား နှယ်နှယ်ရရမဟုတ်။ ကပြရန် လွန်စွာမှပင် ခက်ခဲသော ဇာတ်ကားကြီးပေတည်း။ သို့ခက်ခဲသည့် ဇာတ်ကြီးကိုပင် ဇာတ်ဆရာကြီး ဦးဖိုးစိန်မှလည်း ထိုနည်းတူပင် ဖြစ်သည်။ ပါမောက္ခ ဦးဖေမောင်နှင့် ဦးဖိုးစိန်တို့မှာ တစ်ဦးနှင့်တစ်ဦးအထူး သိကျွမ်းခင်မင်ကြ ပေသည်။ ထို့ကြောင့် တစ်နေ့သော် ဦးဖေမောင်သည် ကုသဇာတ်ကို မည်သို့ မည်ပုံ ကပြရမည့်အကြောင်း ဆွေးနွေးနည်းခံရန် ကန်တော်ကြီး အနီးရှိ ဇာတ်ဆရာကြီး ဦးဖိုးစိန်၏ နေအိမ်သို့ ကျွန်တော့်အား ခေါ်ဆောင်သွားရောက် ခဲ့သည်။

ကျွန်တော်တို့ ရောက်သော အချိန်သည်ကား အင်္ဂလိပ်မြန်မာ ကပြား ပျိုများအား မြန်မာအဝတ်အစားများ ဝတ်ဆင်စေပြီးသော် လန်ဒန်မြို့ ဂျော့ဘုရင် ရှေ့တော်တွင် ဝင်ရောက်ကပြနိုင်ရန်အတွက် မြန်မာသီချင်း၊ အကများကို ဦးဖိုးစိန်နှင့် ကောလိပ်စိန်တို့က သင်ကြားပြသနေသောအခါ ဖြစ်ပေသည်။ မြန်မာသွေးပါသော အင်္ဂလိပ်မများသည် မြန်မာအဆိုနှင့် အကများကို နှစ်သက်စဖွယ် ဆိုနေကြသည်ကို တွေ့ခဲ့ရသည်။

ကျွန်တော်တို့သည် ဇာတ်ဆရာကြီး ဦးဖိုးစိန်နှင့် ကုသဇာတ်အကြောင်းကို ဆွေးနွေးကြလေသည်။ ဇာတ်လမ်းကို အဘယ်ပုံ စီစဉ်ရမည် မည်သို့မည်ပုံ ကပြရမည်တို့ကို ဦးဖိုးစိန်ထံမှ နည်းနာခံယူကြပြီးလျှင် သူနှင့်အတူ ညစာ စားကြလေသည်။ ဦးဖိုးစိန်ကား

mgyoe.com

mgyoe.com

လွန်စွာမှပင် ဖော်ရွေ၍ ဗေဒ္ဒဝတ်ကျေပွန် ပါပေသည်။ ကုသဇာတ်ကို အဆင့်အတန်းမြင့်မြင့် ကပြနိုင်ရန် စိတ်ရှည်ရှည်နှင့် သင်ကြားပြသပေးသည်များကို အထူးကျေးဇူးတင်မိပါတော့သည်။

ကုသဇာတ်ကို အပြီးပိုင် မကပြမီလေ့ကျင့်နေစဉ်အတွင်း အခက်အခဲများကို မကြာမကြာ တွေ့ရလေသည်။ 'ဇာတ်ဆရာ' ဦးမောင်ကားများစွာ သည်းခံ၍ သင်ကြားပြသပေးသည်။ ထို့ပြင်မကသေး ဇာတ်ထဲတွင် ပြောရမည့် စကား သီဆိုရမည့် သီချင်း စသည်တို့ကို အထူးကြိုးစား ရေးသားပေးပေသည်။ ရေမြေကိုလိုက်၍ ထင့် ဇာတ်သဘင် တူရိယာဂီတနှင့် ကဗျာလင်္ကာ စပ်ဆိုမှုများတွင် လွန်စွာမှပင် နိုင်နင်းပါပေသည်။ ဦးမောင်၏ ပြောင်မြောက်သော အနုပညာနှင့် မလျှော့သောဇွဲများကြောင့်လည်း 'အလောင်းတော်ကုသ' ဇာတ်ကြီးကို အထစ်အငေါ့မရှိဘဲချောမောစွာ ကပြအသုံးတော်ခံနိုင်ခဲ့ပေသည်။

ကုသဇာတ်အတွက် ရှိရင်းစွဲပြက်လုံးများမှာ မလုံလောက်သေးရကား ပြက်လုံးများများရနိုင်ရန် ကျွန်တော်တို့သည် နာမည်ကျော် လူရွှင်တော် 'ဒန်ပေါက်'နှင့် 'ညှပ်ကြီး'တို့ထံသို့ သုံးကြိမ်တိုင်တိုင် သွားရောက်နည်းယူခဲ့ရပေသည်။ ပရိသတ်တို့ စိတ်နှလုံးကို ရွှင်ပြုံးစေရန်ကား မလွယ်ကူလှချေ။ မြန်မာစာပေလောကတွင် အလွမ်းစာကများ၍ 'အရွှန်းစာက နည်းနေသည်ကို ထောက်သော် 'ရွှန်းမှု'ကို ဖန်တီးရန်မည်မျှခက်ခဲကြောင်း သက်သေခံနေပေ တော့သည်။

ထို့ခက်ခဲလှရကား 'ဒန်ပေါက်နှင့် ညှပ်ကြီး'တို့ထံ ပြက်လုံးများကို သင်ယူနည်းခံခဲ့ရပေသည်။ သူတို့အားလည်း ဉာဏ်ပူဇော်ခဆုတော်လာဘ် တော်ငွေများကို ပေးခဲ့ရာ မယူလိုကြောင်း ငြင်းဆန်ကြသည်။ သို့ငြားလည်း အတင်းပင် ဆုချခဲ့ပါသည်။

mgyoe.com

mgyoe.com

(ရန်ကုန်တက္ကသိုလ် ဓမ္မာရုံဆောက်လုပ်ရေး ရန်ပုံငွေအတွက် အလှူ ပွဲကြီး)

၁၉၃၁ ခု၊ ဒီဇင်ဘာလ ၁၉ နှင့် ၂၀ ရက်ညများ (အလောင်းတော် ကုသဇာတ်) ပါဝင်အသုံးတော်ခံ သူများ။

(၁) ဇာတ်ညွှန်းရေး၍ စီစဉ်သင်ကြားပြသသူ (မဟာဝိဇ္ဇာဂုဏ်ထူးဘွဲ့ရ ဆရာဦးမောင်) ယခု 'ဝဏ္ဏကျော်ထင်ဘွဲ့ရ' ရန်ကုန်တက္ကသိုလ် မြန်မာစာပေဌာန ပါမောက္ခနှင့် ဝိဇ္ဇာပညာ မဟာဌာနမှူးကြီး။

(၂) အလောင်းတော် ကုသမင်း (မောင်တိုး အောင် ပထမဝိဇ္ဇာတန်း) ယခု 'မဟာဝိဇ္ဇာ ဂုဏ်ထူး'ဘွဲ့ရ မန္တလေးတက္ကသိုလ်ကျောင်း မြန်မာ စာပေဌာနမှူး။

(၃) မင်းပပ (မောင်လှထွန်းလွင်။ ဒုတိယနှစ် သိပ္ပံတန်း) ယခု သံလျင်မြို့ ဘီအိုစီကုမ္ပဏီ ဇာတ်ခွဲဆရာကြီး။

(၄) ခုဇ္ဇာ(မောင်သန့်တင် ဒုတိယနှစ် ဝိဇ္ဇာတန်း) ယခုဝန်ကြီးချုပ် သခင်နု၏ အပါးတော်မြဲ ဝိဇ္ဇာဘွဲ့ခံ၊ 'မိုးနက်' ဦးသန့်တင်။

(၅) စားတော်ကဲ(မောင်မောင်၊ ဒုတိယနှစ် ဥပစာတန်း) ရေနံချောင်းမြို့။

(၆) စားတော်ကဲ၏ တပည့်များ။

(က) စောစင်ကျိုင် (ဝိဇ္ဇာနှင့် ဥပဒေ ဝိဇ္ဇာနှစ်ဘွဲ့ရ) ယခု ဝတ်လုံတော်ရနှင့် ထားဝယ်မြို့၏ ဖဆပလ အမတ်။

(ခ) မောင်သန်းအောင် (ဒုတိယနှစ် ဥပစာ တန်း) ယခု မီးရထား ရာဇဝတ်ဌာန။

(မှတ်ရန်) ဤကုသဇာတ်တွင် ပါဝင်ကပြသူ အားလုံးမှာ ရန်ကုန် တက္ကသိုလ် သထုံကျောင်းဆောင် သားများ ဖြစ်ပေသည်။ အလောင်းတော် ကုသ

mgyoe.com

mgyoe.com

ဇာတ်မှာ ရှည်လျားလွန်းရကား အစမှကပြရန် အချိန် မရပါသောကြောင့် ကုသမင်းကြီး ပွဲတော်ချက်ခန်းမှစ၍ ကပြရသည်။

*

## အခန်း (၁)

(ဘုရားလောင်း ကုသမင်းကြီးသည် မထင်မရှား ဆင်းရဲသားအသွင် ဆောင်လျက် စားတော်ကဲအိမ်သို့ ဝင်ရောက်ကာ မင်းပပထံ ပို့ဆက်ရန် ပွဲတော်ချက်ခန်း)

ကုသမင်းသည် ဟင်းအိုးကို ယောက်မဖြင့် မွှေ သည်။ စားတော်ကဲ၏ တပည့် ၂ ယောက်လည်းအနား မှာထိုင်ရင်း တစ်ယောက်က ငရုတ်သီးထောင်းနေ သည်။ တစ်ခါတစ်ရံ ကျည်ပွေ့နှင့် ငရုတ်ဆုံမတည့်ဘဲ အပေါက်လွဲသွားပြီးလျှင် ကြမ်းပြင်ကိုထောင်းမိသည်။ ငရုတ်သီးထောင်းနေစဉ် မျက်လုံးထဲသို့ ငရုတ်သီးဖတ် ဝင်သွားသဖြင့် ပူစပ်ရကား ခြေမပေါ်တွင် ဆားပုံ၍ ရေလောင်းဟန် ပြုသည်။ တစ်ယောက်ကမူ ကြက်သွန် နီဥကြီးတစ်လွှာ နွှာနေရာ ကြက်သွန်ဥမှာ ဆီးသီးခန့် သာ ရှိတော့သည်။

ဟင်းအိုးမွှေရင်း ကုသဆို။။ "သြော်...ပပ...ပပ မယ်တော် သီလဝတီ ကြံဆောင်လို့ ပေးတဲ့ ချစ်သူလေး ရယ်။ တကယ်မျှော်မဆ မဆင်ခြင်ပါတယ်။ နင်ကြံ့ရွယ် တာကြောင့် လက်ကိုင်တွေရှော အမယ်မင်း ကျုပ် ကြေသမှာဖြင့် လက်ကိုင်တွေရှော"

ခနောင်တိုက မောင်ညို (စောစင်ကွိုင်)။ ။ "ဟေ... ဒလက မောင်ဘရေ အခု တို့အိမ်ကို ရောက် လာတဲ့ လူသစ်ကဖြင့် သိပ်ချောသိပ်လှ ပါပေတယ်။ မျက်နှာကဖြင့် နာနတ်သီးလိုလိုနဲ့ ဘာတွေရှုးပြီး လျှောက်အော်နေတယ် မသိပါဘူးကွယ်"

ဒလက မောင်ဘ(မောင်သန်းအောင်)။ ။ "အေးကွယ် ဒီအကောင်ဟာ ခြတောင်ပို့လိုလိုနဲ့ အရင်

mgyoe.com

mgyoe.com

ဘဝက ချစ်တီးကုလားဖြစ်ခဲ့ပြီး မျက်နှာမှာ သံတွေစူးခဲ့တယ်ထင်ပါရဲ့၊ တို့ကိုသရဲကဖြင့် ပါဏာတိပါတကံတွေ ဖြည့်ခဲ့တယ် ထင်တယ်။ သင်းတော့ဖြင့် နံ့ဘဝမှာ ရွတ်တီဖြစ်ခဲ့လိမ့်မယ်။ ငါဖြင့် သူ့မျက်နှာမြင်ကတည်းက ဝမ်းဆွဲပြေးခေါ်ချင်ပြီ"

. ကုသ (မောင်တိုးအောင်) ဆက်ဆို။ ။ "အမယ်လေးပပ ကျုပ်ချစ်တဲ့ မိပပရယ် အစုတ်ကလေးတွေ ထုပ်ထုပ်ပြီးတော့ လူထဲကျခါမှ ဖြေပြတဲ့ အလားကဲ့သို့ လွဲရသည့်ဇမ္ဗူမဟီချာ၌ ဘယ်သူမမိစရာ ခြောက်ပြစ်ကင်းအောင် လှတဲ့သူမို့ ပပရယ် မင်းရက်စက်ပါဘိတယ်။ တောက်တောက် သေချင်းဆိုး ဖိနပ်စာမ… မိပပ"

(မောင်ညို)"ပပ, ပပနဲ့ ဘယ်နတ်ကို ပသနေတယ် မသိပါဘူးကွယ် ဗျို့…မျက်နှာမှာရေတွင်းတူးထားတဲ့ ဆရာကြီး ခင်ဗျားသိပ်လှသဗျာ၊ သိကြားသာကီဝင် အမျိုးအနွယ်က ဆင်းသက်ပေါက်ဖွားလာခဲ့လေရော့သလားကွယ်"

(မောင်ဘ) "ဟော့ မင်းမသိရင် အသာတိတ်နေပါ တို့ ကိုသရဲကြီးဟာ တောက်တဲ့ရူးပြန်နေတာပါကွ။ ဒါကြောင့် ဂယောင်ချောင်ကမ်းပါးတွေ ပြောနေတာပေါ့ကွ။ မင်းအသာနေစမ်းပါ။ ဟေ့မောင်ညိုလာလှည့် လာလှည့် ငါ့သား"

(ကုသဆက်ဆို) "ဟိုအရင် သိကြားဆက်တဲ့ ကောကနဒစောင်းတော်ကြီးကို ပိုက်ပိုက်ပြီးတော့ တသီးမေ, မော်ကညာရဲ့။ ရွှေနားတော်သာအောင်လေ စောင်းသံနှင့် ကလိစဥ်က အမယ်မင်း မျက်မာန်တော်တိုးပွား ကြိမ်ဒဏ်များတောင် ထားလိုက်သေးတယ်။ ထိုပြီးတစ်ဖန် အိုးတော်ဖျာတော်များကို ဆက်သစဉ်ကလည်း၊ အသနားမဖက်၊ အလကားသက်သက်၊ သင်းရက်စက်လိုက်တာများ၊ အလှဂုဏ်မောက်ကြွားလို့ ယောက်ျားသားအပေါ်မှာ သင်းပြုရက်တာဖြင့် အပါယ်

mgyoe.com

mgyoe.com

ငရဲကို တကယ်မလွဲကျမှာ သင်းကလေးမသိလေဘူးနော် ဟဲ့မိပပ ဖနောင့်စာမ မင်းကိုမရရင် ငါမနေဘူးဟ လှိုင်းကြီးလေ့အောက် တောင်ကြီး ဖဝါးအောက် မင်း… မင်း… မင်းတစ်နေ့ကျရင် ငါ့အောက်ကို ရောက်ရမှာ ပါပဲ၊ ဟဲ့ သေခြင်းဆိုးမကြီးရဲ့ ကြည့်စမ်းပါဗျာ ကျုပ်ကို ရိုက်ထားတာများ ကျောမှာအရှိုးတွေနဲ့"

မောင်ညို (အနားတိုး၍)"ဩော်…ဟုတ်လား ဘယ်မလည်း မှန်းစမ်း အောင်မာ ဟုတ်သားပေပဲ မင်းကျောရိုးကြီးဟာ အထက်နဲ့အောက်ကို တန်းနေတာ ပဲပါကလား အင်း အရှိုးကြီးက ချိုင့်တောင်နေပါကလာ းကွယ်။ အလို မင်းခြေထောက်မှာလည်း ပေါင်ကြီးနဲ့ ပါကလား မင်းကို မုဒိတာ သက်လိုက်ပါဘိတော့ သကွာ"

(မောင်ဘ) "အောင်မာ့ ဒီခွေးမသားကလည်း မုဒိတာသက်သလေး ဘာလေးနဲ့ မင်းက ဘုန်းကြီး လူထွက်လား ဒီလိုအဓိပ္ပာယ်ယတ္တမမှန်တဲ့ စကားမျိုးကို မပြောရဘူး မှတ်ထားကွဲ့၊ ဒုက္ခသစ္စာ သက်တယ်လို့ ပြောရ =တယ်။ မင်းမယုံရင် အနက်ကို သမ္ဘန်ကြည့်ပါ လား၊ သမ္ဘန်ကြည့်ရင် ကျွိကျွိနဲ့ လှော်ခေတ်သွား တာမြင်ရမည်ဟူ၍ တွံသင်သည်"

(မောင်ညို) "အောက်အစ်အစ်အွတ်"

(ကုသဆက်ဆို)"မာန်ဝင်ကာ အလှဂုဏ်တိုးသူရဲ့ အန်ချင်စရာ ငါ့ရုပ်ပုံက ဆိုးရှေ့သလား၊ ဘုံကြိုးပြတ် ပါတဲ့ နတ်မိမယ်တောင်၊ ဓာတ်သိလျှင် မပယ်လေဘူး၊ ကျုပ်လူထူးပါရမီရှင် အောင်မယ်မင်း သာဂလကျေး၊ ကညာနှမပြေးပေါ့ထင့်၊ ဟောသည်ကတိုင်ကို ငါ့ခေါင်း ကိုင်ကာဆောင့်လိုက်ရင် အတော့်ကို နာမှာပါပဲနော် အိုတတ်နိုင်ပါဘူး။ အမယ်လေး ငါ့သဏ္ဍာန် အလား၊ ပမာထားရရင်၊ ဘုံကြိုးပြတ်ပါတဲ့ နတ်သမီးများတောင်မှ ဓာတ်သိရင်လေ မရှောင်မလွဲ၊ အတူ ယှဉ်တွဲတန် ကာင်း

mgyoe.com

mgyoe.com


ပါလျက်နှင့်၊ သင်းဘာကြောင့် မာန်ဂုဏ်ဝိရတာတုံး ဟဲ့...အမိုက်မ မိပပဖနောင့်စာမ သေခြင်းဆိုး မြွေ ဟောက်မဟဲ့ မိဂွက်ထော်"

(မောင်ညို) "အတော်လာတဲ့ ကိုသရဲပါလား။ ယော့...သူ့ကို ဘုံကြီး ပြတ်လာတဲ့ နတ်သမီးများတောင် မပယ်ဘူးဆိုပါကလား ရယ်ချင်ဗျာ။ အို့ ယံမင်္ဂလာဒွါ သဿ အစိန္တယုံကြီးရဲ့ ကိုကီးကူ"

(ကုသဆက်ဆို)"ကမ္ဘလာအစုတ်အနုတ်၊ မသိသူ ကျော်သွားသတဲ့"

မောင်ညိုနှင့် မောင်ဘတို့ ခြေလှမ်းကျဲကျဲလှမ်း၍ ကျော်သွားကြသည်။

(ကုသဆို) "အမယ်လေး သိသူတွေကတော့ ဖော်စားကြသတဲ့"

မောင်ညိုနှင့်မောင်ဘတို့ အိတ်ထဲက ငှက်ပျောသီး တစ်လုံးစီ ထုတ်စားကြသည်။

(ကုသဆို) "အင်း အချိန်ဖြင့် နှောင်းလေရော့ မယ် ဘဘလည်း ရောက်ချိန်နီးပြီ ဟင်းကလေး ဘာက လေးချက်ဦးမှပဲ" သို့ပြောပြီးနောက် ကုသသည် ဟင်းအိုးကို .ယော်က်မဖြင့် မွှေနေသည်သာ။

(မောင်ညို) "ယော့ မောင်ဘ တို့များ ကိုသရဲက ဖြင့် ဟင်းချက်နေပြီကွဲ့ မင်းကော ဘာဟင်းများ ချက် မလို့လဲကွ"

(မောင်ဘ) "အင်း ငါချက်ချင်တဲ့ ဟင်းကဖြင့် အစ်ကို့မယားအိပ်ချင် တယ် ဟင်းကွ"

"အောင်မာ မင်းမို့ ကြံကြီးစည်ရာ အစ်ကို့မယား နဲ့ အိပ်ရင် .ငရဲကြီးမှာ ပေါ့ကွဟဲ့ ဗာလပဏ္ဍိတောရဲ့"

"မင်း တယ်ဉာဏ်နည်းတဲ့ အသူရကာယ်ပါပဲ၊ အစ်ကို့မယားကို ဘယ်လို ခေါ်သလဲ"

"အဒေါ်လို့ ခေါ်တယ်ပေါ့။ ငါ့အစ်ကိုမယားဟာ ငါ့အဒေါ်ပါပဲ"

mgyoe.com

mgyoe.com


"ဟဲ့ ခွေးခြသေ့်မျိုး အစ်ကို့မယားကို မရီးလို့ ခေါ်တယ် မဟုတ်လား။ အိပ်ချင်ရင် ဘာဖြစ်လို့လဲ"

"အိပ်ငိုက်လို့ပေါ့ကွ၊ မေးနေရသေးသလား"

"အလိုတယ်ခက်တဲ့ အကောင်ပါကလား ပညာ ဉာဏ်တစ်ပဲသားမှ မရှိတဲ့ မဟော်သဓာ ယောက္ခမရဲ့ အိပ်ချင်ရင် သန်းတယ်မဟုတ်လား မရီးနဲ့ သန်းနဲ့ ပေါင်းရင် ဘာရသလဲ"

"ဘီးစိပ်ရတယ်ကွ ငါ့မရီးခေါင်းမှာ သန်းအတော် ပေါနေမှကိုး"

"အိုဘယ့်နွား၊ မရီးနဲ့ သန်းနဲ့ပေါင်းရင် မရီးသန်း မရန်းသီးရတာပေါ့ကွ ငါ မရန်းသီး ဟင်းချက်ချင် သကွာ"

"ဟာ မင်းဟင်းက မနိပ်ပါဘူး အားကြီးခါးမယ့် ဟင်းပါပဲ။ ငါကတော့ ဟင်းတစ်မျိုးချက်ချင်တယ်"

"ဩော် ဘာဟင်းတုံး မိန့်ကြားစေခလို"

"ငါချက်ချင်တဲ့ဟင်းကတော့ ခြေလေးချောင်း လူ့အလယ်ကောင်က ဟင်း"

"အောင်မာ အတော်ကြီးကျယ်တဲ့ ဆဒ္ဒန်ဆင်မင်း မယားပါ သားပါ့ကလား။ ငါဖြင့် မင်းချက်ချင်တဲ့ ဟင်းရဲ့ ပိဋကတ္တကို နာဇာနာမိ မသိရိုးအမှန်ပါ"

"အင်း မသိဘူးလည်းဆိုရဲ့ ဘာမှလဲ နားမလည် ဘူး ကိုင်း သေသေချာချာ မှတ်ထားစမ်း မာရ်နတ် သားရဲ့"

"မှန်လှပါ လင်းစမ်းပါ့ မလင်းနိုင်ရင် ဓာတ်မီး ထွန်းပါဘုရား"

"ကောင်းပြီ အောရိုက်၊ ခြေလေးချောင်းဆိုတာ ဘာလဲ"

"ခွေးပေါ့ကွ"

"ခွေးမသား မင်းအဖေကို ထည့်မပြောနဲ့ ခြေလေး ချောင်းဆိုတာ ခုတင်ကွ"

mgyoe.com

mgyoe.com

"ဒါဖြင့် ကုလားထိုင်တို့ စားပွဲတို့ကော ခြေလေးချောင်းမဟုတ်ဘူးလား"

"အို . မဟုတ်ဘူး။ မဖြစ်နိုင်ဘူး။ ငါ့ဆီရှိတဲ့ စားပွဲနဲ့ ကုလားထိုင်တွေဟာ ခြေတစ်ချောင်းစီ ကျိုးနေလို့ သုံးချောင်းသာရှိကြတယ်"

"ဟုတ်လား . ဓောတိကကြီးရဲ့"

"ဟုတ်၏ မှန်၏ယောက်ဖရဲ့ လူ့အလယ်ကောင်က ဆိုတာဘာလဲ"

"လူ့အလယ်ကောင်ကဆိုတာဟာ ရှက်စရာကြီးကွယ် ငါဖြင့် သိပ်ပြီးမတော့ ဟီရိအော့တတ်တာပဲ"

"ဟာ ဒီသုခမိန်ကလည်း တယ်ရှော်ပါကလား။ လူ့အလယ်ကောင် ဆိုတာ ချော်မတွေးနဲ့ကွဲ့ချက်ပေါ့ကွ၊ ခုတင်နဲ့ ချက်ပေါင်းတော့ ခတက်ချဉ် ဟူ၍ အသင်ကြက်ဖသည် အောက်အစ်အစ်အွတ်ပေလော့"

"ဟာ မင်းဟင်းကဖြင့် အတော်ပူမယ့်ဟင်းပဲ ငါက နောက်တစ်မျိုးချက် ချင်တယ်ကွ"

"ဘာဟင်းတုံး မောင်ရယ်"

"ဓမ္မာသောကဟင်း ချက်ချင်တယ်ကွ"

"ဘာ...ဘာ... အဇာတသတ် အသတ်ခံရတဲ့ သီရိဓမ္မာသောကမင်းကြီးလား မင်းက မင်းအစ်ကို သတ်ပြီး ချက်မလို့လား ထွီ ငါဖြင့် မစားချင်ပေါင် ခွေးကျွေးပစ်လိုက်မှာပဲ"

"ဟော...ခက်တော့တာပဲ မင်းတော့ဖြင့် မိုးကြိုးအပစ်ခံရဖို့ နီးနေပြီ ဓမ္မာသောကဆိုတာ မတည့်သောဟင်းကို ပြောတာပါကွ"

"ဒါဖြင့်ရင် အင်္ဂကထာကလေးချဲ့စမ်းပါဦး။ လင်းစမ်းပါဦး"

"ကိုင်း ငါလင်းပြမယ် ဘယ်မလဲ မီးချစ်ယူလာရှဲရှဲ လင်းပလား သောက်မြင်ကတ်လာပြီ"

"အို...ကောင်းကောင်း ဟောပါဆရာရယ်"

mgyoe.com

mgyoe.com

"အေး တောင်းပန်လို့ရှိမှဖြင့် ဟောရတာပ။ ငါချက်ချင်တဲ့ ဓမ္မာသောက ဟင်းဆိုတာဟာ လက်ခုပ်သီးနဲ့ လိပ်ခေါင်းပေါ့ကွ"

"ဟာ...မင်းဟင်းကဖြင့် မနိပ်ပါဘူး။ အိုးဖင်ဖောက်ထွက်မယ့် ဟင်းပါလား အလို တို့စကားများနေကြလို့ မေ့နေလိုက်ကြတာ ကိုသရဲဘာတွေ ရွတ်နေပါလိမ့် နားထောင်စမ်း"

(ဟင်းမွှေရင်း ကုသဆက်ဆို)

"မယားအကြိုက်ကိုလ။ တအားစိုက်ပါလို့ အသွယ်သွယ်။ လျှာအရင်းမျက်တဲ့အောင် ဘာဟင်းများ ချက်ရမတုံး။ လက်နက်စုံ နံ့နံ့မြိတ်ကလေးတို့နဲ့၊ မွှေးစေ့ဖို့ကွယ်။ စားရင်လေ အမူပျက်စေဖို့။ ငါးချဉ်ရည်သူတစ်ခွက်ငဲ့ပြင်။ ဖြူကြက်သွန် ငရုတ်နှော ကျုပ်ရောကာကြဲပါမယ့်၊ ဟန်ရဖွယ်မှ ရှိနိုင်ပါ့မလား။ ကြောင်းစရယ်ဆိုင် အောင် ယောင်းမငယ်ကိုင်ကာမွှေလိုက်တော့မယ်။ ငါးပိရည် အဖျော်ကလည်း သင်းပါဘိ တမိမေ စားတော်သွင်းစေလို့ တညင်းသီးတချို့တို့စရာ၊ ကညွှတ်လည်း ပါပါရဲ့ သခွား။

## အခန်း (၂)

သိကြားမင်းထွက်လာစေ။ ။ ထက်ဝက်တိမ်ပိုင်စိုး၊ ကျွန်ပ်မိုးသိကြား ဖြစ်တော့သကိုး၊ အလောင်းတော် ကုသမင်းသည် ပါရမီဖြည့်ဖက် မင်းပပကို ချစ်သည့်တာကြောင့်၊ စားတော်ကဲအိမ်တွင် မဟာဒုက္ခ ခံတော်မူနေရရှာပြီ။ စောင်မကြည့်ရှုရန် ဝတ္တရားအတိုင်း အလောင်းတော် ကုသမင်းချက်သော ဟင်းတွင် နတ်သုဓာထည့်လိုက်မည်။ ဇမ္ဗူဒိပါ တစ်ကျွန်းလုံး မွှေးရော့ဟယ်။

(ဆိုင်းသံ) ဖြုန်းနန်း... ဖြုန်းနန်း...တူနယ်တဲ့နယ်...ဘောချိ ဘောချိ ဗြန်းဗြန်းဖြုန်းဖြုန်း (တိုင်းသူပြည်

mgyoe.com

mgyoe.com

သားများ) ဟာ မွှေးတယ်မွှေးလိုက်တဲ့ ဟင်းနံ့ပါပဲ တယ်မွှေးပါလား ဘယ်သူ့အိမ်ကချက်တဲ့ ဟင်းလဲ စားချင်လိုက်တာ"

(မောင်ညို) "ဟာ တယ်မွှေးပါလား ထမင်းတောင် ဆာလာပြီ ဘာဘူဆိုင်က စိန်နားကပ်ငှား ပြီးတော့ ယောဟိုထောင့်မှာထိုင်နေတဲ့ အဒေါ်ကြီး ရေခင်ဖျားဆီက မွှေးတာလားဗျု၊ သိပ်မွှေးတာပဲဟာ ဟုတ်ပါဘူး၊ ဟို ထောင့်မှာ ထိုင်နေတဲ့ ထောင်ကဲကြီးဆီက ထင်ပါရဲ့"

(မောင်ဘ) "ဟဲ့...ခွေးသား၊ ဘာတွေလိုက်ယောင်နေတာလဲ အရမ်း မယောင်နဲ့ဟေ့ တစ်နေ့ကျရင် မင်းယောကျ်ားမဖြစ်ချင်ဖြစ်လာမှာ မွှေးတာဟာ ငါ့ခြေထောက်ကပါကွ ကိုင်းမင်းနမ်းကြည့်စမ်း"

မောင်ညိုသည် မောင်ဘ၏ ခြေထောက်ကြီးကို ငုံ့နမ်းပြီးလျှင် "ထွီ ခွေးမသား နံလိုက်တဲ့ အပုပ်ကောင် တန်တော့ တန်တော့ ဗျို့ ဆိုင်းဆရာကြီး၊ ခင်ဖျားဆီက လေလည်တာ ထင်ပါရဲ့"

## အခန်း (၃)

စားတော်ကဲ (မောင်မောင်) ထွက်လာစေ။

"အောင်မာ ငါ့အိမ်ထဲမှာ တယ်မွှေးနေပါကလား ဘယ်သူချက်တဲ့ ဟင်းပါလိမ့် မှန်းစမ်း"

(မောင်ညို) "ဘဘရေ ကျွန်တော့် မရန်းသီးဟင်းကမွှေးတာပါ"

"ဟင် ... ဟုတ်လား မှန်းစမ်း၊ ထွီ ထားဝယ်ငါးပိစော်နံလိုက်တာ"

(မောင်ဘ)"ဘဘရေ ကျွန်တော့် ဒဟန့်ဒတွန့်သီးဟင်းမွှေးတာပါ"

"ဟင်...ဘယ်မှာလဲ မှန်းစမ်း ထွီ...ကုလားမဆလာစော်နံလိုက်တာ ယောဗျ ငါ့သား ကိုသရဲဆီ

mgyoe.com

mgyoe.com

ကထင်ပါရဲ့ မှန်းစမ်း အို နိပ်သဟ လူကလေး ကိုသူရဲ မင်းဟင်း တယ်မွှေးပါလား၊ ဘဘတော့ ကော်ဦးမှာပါပဲ အသပြာ တစ်ထောင်ထုပ်ကို တောင်စမုတ်က ချီးမြှင့်ခြင်းခံရတော့မှာပဲ"

(မောင်ညို)"ဘဘ ငွေတစ်ထောင်ရရင် ကျွန်တော့်ကို နှစ်ကျပ်ချေး နော်"

"ခွေးမသား မင်းကို တစ်ပြားမှမချေးဘူး"

(မောင်ဘ) "ကျွန်တော့်ကို ငါးမူး တစ်ပဲပေး နော်"

"ခွေးသားမင်းကိုလည်း တစ်ပြားမှ မပေးဘူး ဆုငွေရရင်တော့ ဆံရစ်ရှယ် မိန်းမတစ်ယောက် ယူရဦးမယ်၊ ပွဲတော်အုပ်ပြင် ဘဘကိုယ်တိုင် နန်းတော်ထဲကို သွားဆက်မယ်"

(ကုသ) "ဘဘရယ်"

"ဘာလဲလူကလေး ကိုသရဲ"

"ကျွန်တော် နန်းတော်ထဲကို မရောက်ဖူးလို့ ဘဘနဲ့ လိုက်ပါရစေနော်၊ ပွဲတော်အုပ် ကျွန်တော်ပင့်ဆောင်သွားပါစေနော်"

(မောင်ညို) "ကျွန်တော်လည်း 'ဂိုး'ချင်တယ် ဘဘ"

(မောင်ဘ) "ကျွန်တော်လည်း ဂစ္ဆာမိချင်တယ် ဘဘ အပျိုတော် ပိုးချင်လို့ပါ"

"ဟာ... မင်းတို့ဘယ်သူမှ မလိုက်ရဘူး။ ငါ့သားကိုသရဲကဖြင့် သိပ်အရုပ် ဆိုးလေတော့ မင်းသမီးက သူ့ကိုမြင်လိုက်ရင် လန့်ပြီးသေသွားလို့ ဘဘမှာ ရာဇဝတ်သင့်ပါလိမ့်မယ် မင်းတို့ ဘယ်သူမှ မလိုက်ရဘူး"

(ကုသ, မောင်ညို, မောင်ဘ) "ဟင့်အင်း လိုက်ပါစေ ဘဘ ခေါ် သွားပါ၊ ကျွန်တော်တို့ ဟိုကျရင် နန်းတော်ထဲ မဝင်ပါဘူး။ အပြင်ကလည်း နေပါမယ့်

mgyoe.com

mgyoe.com

ဘဘက သေဆိုရင် ကျွန်တော်တို့ သေပါ့မယ်၊ ရှင်ဆိုရင် ရှင်ပါ့မယ်။ လိုက်ခွင့်ပြုပါ ဘဘ"

"အင်း ခက်တော့တာပဲကွယ် ကဲ ကဲ မင်းတို့ ဒီလောက်တောင် လိုက်ချင်နေရင် မင့်တို့ လိုက်ရတာပ၊ ဟိုကျရင် နှာခေါင်းမလှုပ်ရဘူး ငြိမ်ငြိမ်နေရမနော်၊ ဟင် မင်းတို့ကို ငါမယုံနိုင်သေးဘူး စမ်းကြည့်ရဦးမယ်"

"ထလိုက်စမ်း"

အားလုံးထကြသည်။

"ထိုင်လိုက်စမ်း"

အားလုံးထိုင်ကြသည်။

"ဖိုးပေစေ, ဘဂဝါ, မတ်"

အားလုံးနောက်သို့ ခြေလေးလှမ်း ဆုတ်ကြသည်။

"ထလိုက်ဦးဟော့ ဟိုအကောင် ဘာကြောင့် မထတာလဲ။ ဟိုခွေးကောင်လေ အဲ...ဟုတ်ပြီ ကိုင်းလာကြလာ ကြသွားမယ် မင်းတို့ ဟိုရောက်ရင် အပျိုတော် မပိုးရဘူးနော်"

မောင်ညိုနှင့်မောင်ဘတို့က 'ဟုတ်ကဲ့' ဆို၍ မျက်စပစ်ကြသည်။

(ကုသ, မောင်ညိုနှင့် မောင်ဘ, သံပြိုင်ဆို)

"တပင်တိုင်မြနန်းသို့ ကြွမြန်းစို့ ဘဘဆို၊ အို တပင်တိုင် မြနန်းသို့ ကြွမြန်းစို့ ဘဘဆို၊ ကျွန်တော်တို့မှာ နော်ဗျာ ကိုလူပျိုမို့၊ ခင်အပျိုလှပဂေး တို့ရယ်၊ ပြေးကြိုလှည့်လေး"

သူတို့သုံးယောက်သည် ဤသို့ သံပြိုင်ဆိုပြီးလျှင် ကကြတော့သည်။ မောင်ညိုက ခေါ်တော အကကို ကသည်။ မောင်ဘက ဟာဝေယံအကကို ကသည်၊ သို့က နေစဉ်ဆိုင်းက 'ဗေတုန်းပူးတုန်းဗလောင်း'နှင့် လိုက်ပေးသည် 'တူနယ်တဲ့ နယ်တောင်' နှင့် အဆုံးချပေးသည်။

mgyoe.com

mgyoe.com

## အခန်း (၄)

(မောင်ညို) "အလို ပြောရင်းဆိုရင်း နန်းတော်ကြီးပေါ် လာကြပြီ ဟေ့"

(မောင်ဘ) "ဟုတ်တယ်ဟေ့ ဇာတ်ခုံပေါ်ပြန်ရောက်နေကြပြီ"

"အောင်မာ ခွေးမသား သဏ္ဍာန်လုပ်တော့သရုပ်နဲ့ တူစေရသတဲ့ ဘာတွေ အရမ်းအူနေရတာလဲ၊ ဟောကြည့်စမ်း နန်းတော်ကြီးဟာ ပတ္တမြားရောင်တွေ ဝိုင်းဝိုင်းဝင်း၊ လိုးလိုးလက်လက်နဲ့ ပါကလား"

"ဟုတ်သဟေ့ ပုလင်းကွဲတွေစီထားတယ်။ အလိုဘုန်းကြီးပျံကပါ ကလား။ ဟေ့ ဦးဇင်းမင်းလား ပျံတော်မူတာ"

(စားတော်ကဲ) "အို ဒီခွေးကောင်တွေ ခေါ်လာမိတာမှားပေါ့ဟေ့ ကောင်တွေ ဒါနန်းတော်ကွ၊ ဘာမှတ်ကြသလဲ မထိလေးစား မလုပ်ကြနဲ့နော်၊ အခု ဇက်ပြတ်ကုန်ကြမယ်ဟေ့ ကဲ မင်းတို့အပြင်က စောင့်နေကြ ငါနန်းတော်ထဲ ဝင်နှင့်ဦးမယ်"

စားတော်ကဲ မဝင်မီကုသသည် နန်းဆောင်တွင်းသို့ တစ်ဖက်မှအလစ် ဝင်သွားတော့သတည်း။

ကားလိပ်ဆွဲတင်လိုက်သည်။

## အခန်း (၅)

သဠာလီ သလွန်ညောင်စောင်းပေါ်တွင် ပပဝတီ ထိုင်နေသည်။ အနီးတွင် အပျိုတော် ခုဇ္ဇာကြီးက ခစားဝန်နေသည်။ ပပဝတီရှေ့တွင် စားတော်ကဲနှင့် မင်းကုသတွေ့ဆုံကြသည်။ စားတော်ကဲကား ကြောက်ဒူးတုန်နေသည်။ 'ခက်တော့တာပဲ ငါတော့ သေရတော့မယ်'ဟု ရွတ်နေသည်။ ကုသမင်းသည် အရေးမစိုက်သောဟန်ဖြင့် စားတော်ကဲထံမှ ပွဲတော်အုပ်ကို ယူလိုက်ပြီးလျှင် ပပဝတီအနားသို့ ကပ်သွားတော့သည်။

mgyoe.com

mgyoe.com

(ကုသဆို) "မယားတစ်ယောက်ကိုလ၊ စားသောက်ရန် အချိုအချဉ် နှင့် မငြိုငြင်အောင်၊ အစ်ကို့ လင်က ဆက်ရတော့။ ပပရယ် မင်းအမျက်ထန်။ အကဲနော် ပါပါအခြေလုပ်ချင်လွန်းလို့ ပွဲတော်စာ မသွေ တစ်လုတ်ကိုဖြင့် ရွှေ့တစ်ဆုပ် အဖိုးတန်တယ်၊ အကျိုးတော်ခံချင်လို့၊ အလောင်းတော်ခဲ၊ ရော့ဟဲ့သေခြင်း မြွေဟောက်မသောက်ပင်းဆို့ ဆို့ ဆို့"

(မင်းပပ) "အမယ်လေး သရဲကြီး သရဲကြီး ခုန္ဓာရေ မောင်းထုတ်လိုက်စမ်း ခပ်မြန်မြန်၊ ဟဲ့ သေနာ ကောင်ကြီး မြန်မြန်ထွက်သွားစမ်း"

(စားတော်ကဲ)"ခက်တော့တာပဲ အမယ်လေး ကျုပ်ဖြင့် အိုမှပဲ ဒုက္ခတွေ့ရတော့မယ် မသေခင် ရိက္ခာယူဦးမှပဲ အမယ်လေး"

သည်တွင် မောင်ညိုနှင့် မောင်ဘတို့ ပြေးဝင်လာကြပြီးလျှင် 'ဟေ… အဘခင်ဗျား ရိက္ခာယူဖို့ ရော့ငွေတပ်"

(မောင်ညို) "အလို လက်စသတ်တော့ ငါတို့ ကိုသရဲကြီးဟာ မင်းကုသပါကလား"

(မောင်ဘ) "ခက်ပြီဟော့ မင်းက ဘာကြောင့် သူ့ကို နာနတ်သီးက ပဋိသန္ဓေတည်လာတဲ့ အကောင်လို့ သွားခေါ်ရတာတုံး"

(မောင်ညို) "မင်းကကော ဘာဖြစ်လို့ ခြတောင်ပို့နဲ့ တူတယ်လို့ သွားပြောရတာတုံး။ ကဲ ကဲ ဝန်ချလိုက်ရအောင်"

(မောင်ညိုနှင့်မောင်ဘ) "ရှင်ဘုရား တပည့်တော်တို့ကို သီလပေးပါ ဘုရား တပည့်တော်တို့နှစ်ယောက်ကို အရှင်ဘုရားရဲ့ ခြေရင်း အလုပ်အကျွေးပြုတော်မူပါဘုရား"

(ပပဝတီ) "ကိုင်း မခုဇ္ဇာ သင်းမျက်နှာမည်းကြီးကို ငါ မကြည့်ချင်ဘူး အခုချက်ချင်း နှင်ချလိုက်စမ်း"

mgyoe.com

mgyoe.com

(ခုဇ္ဇာ) "ခက်တော့တာပါပဲ ဘုရား ဘုရားကျွန်မတော့ဖြင့် ဘာမျှ မတတ်နိုင်ပါဘူး" ဆို၍ ကုသမင်းအား မျက်စပစ်ပြလေသည်။

ကုသမင်းလည်း ပပဝတီအနားသို့ တိုးသွားပြီးလျှင် ပွဲတော်အုပ်ကို ပေးလေသည်။ ပပဝတီလည်း အထူးဒေါသထွက်ပြီးလျှင် ပွဲတော်အုပ်ကို ကိုင်၍ ပေါက်ရာ ကုသမင်း၏ နဖူးကိုထိ၍ သွေးများ ယိုစီးကျဆင်းလာတော့သည်။ ထို့နောက် ပပဝတီသည် အဆောင်တော်တွင်းတို့ ဝင်သွားတော့မည် ပြုစဉ်–

(မောင်ညိုနှင့်မောင်ဘ) "ဟော့ ကမြင်းမ, ဒါဘာလုပ်တာလဲကွ၊ ဒါတို့ ရှင်ဘုရင်ကွ မိုက်သလားကွ သတ္တိရှိချင်ရင် စမ်းရအောင်လေ နပန်းသတ်မယ်ကွ ဘယ်သူနိုင်မလဲ သိရအောင်လာလေ ဟော့ မဂုတ်ဆာမင်းနဲ့ငါတို့ ဖက်သတ်ရအောင်လာခဲ့လေ"

ကုသမင်းကြီးသည် သွေးကို သုတ်ရင်း "အောင်မယ်လေးဟဲ့အောင် မယ်လေးဗျ ကြည့်ကြစမ်း။ ကျုပ်ကိုသင်းလုပ်ရက်တယ် ကျုပ် သေပါတော့မယ်၊ မိပပ မိပပ သင်းကိုယ်တိုင် လာမထူသမျှ ကျုပ် မထတော့ဘူး"ဟု ဆိုကာ ကြမ်းပေါ်သို့ ပစ်လှဲလိုက်တော့သည်။

(ခုဇ္ဇာ) "အလို ကိုယ်တော်ဘုရား နာသွားတော်မူသလားဘုရား သွေးတွေ ထွက်ကုန်ပါပကော ထတော်မူပါ ဘုရား"

ကုသမင်းသည် ကြမ်းပေါ်မှထတော်မူလာပြီးလျှင်။

"အစစမူ၊ ခဏာ ခဏာ မြှုသလေလေ၊ ပပကလေး ထူမှ ထမယ် ထမယ်"ဟု ဆိုရင်း မိမိကိုယ်ကို ဒိုင်ဗင်နှင့်ကြမ်းပေါ်သို့ ပစ်လှဲလိုက်တော့သည်။ ခုဇ္ဇာလည်း အနားသို့ ချဉ်းကပ်လာပြီးလျှင် "ကိုယ်တော်ဘုရား ဘုရားကျွန်မ ထူပါ့မယ် ထတော်မူပါ ဘုရား"

(ကုသ) "ဟဲ့ ခုဇ္ဇာ နင်ထူလို့ ငါမထဘူး မင်းမမ ပပဝတီ ကိုယ်တိုင်ထူမှ ငါထမယ် မင်းငါ့ကို လာမထူနဲ့"

mgyoe.com

mgyoe.com

ကုသမင်းလည်း တစ်ဖန်ထလာပြီးလျှင် 'အစစမှူ ခဏာခဏာ မြှုသလေလေ၊ ပပကလေးထူမှ ထမယ် ထမယ် ထမယ်' ဆို၍ မိမိကိုယ်ကို ပစ်လှဲလိုက်ပြန်တော့သည်။

(ခုဇ္ဇာ) "ထူလိုက်ပါ မမဘုရား နန်းတော်ထဲမှာ နတ်ရွာစံလို့ရှိရင် အားလုံးရာဇဝတ်တော် သင့်ကုန်လိမ့်မယ်။ မချစ်သော်လည်း အောင့်ကာနမ်း ဆိုသလို ထူတော်မူပါဘုရား။ သခင်မရဲ့ လက်ချောင်းကလေး ပွဲမသွားပါဘူး ဘုရား"

(ပပ) ကဲလေ သင်းသွားမှ သွားစေတော့ မတတ်နိုင်တော့ဘူး အောင့်လိုက်ရတော့မယ် ဟဲ့ သေနာကောင်ကြီး ထထ" ဆိုကာ လက်ကိုလှမ်းပေးလေသည်။

အလောင်းတော် ကုသမင်းလည်း ပပဝတီ၏ ဖြူဖွေးသော လက်နှစ်ဖက်ကို တင်းကျပ်စွာ ဆွဲကိုင်ပြီးလျှင် ထလာတော့သည်။ ထို့နောက် ကိုင်ထား သောလက်ကို မလွှတ်သေးဘဲ ပပဝတီ၏မျက်နှာကို ခပ်တင်းတင်း ရှုစားရင်း–

ဟဲ့ အမိုက်မ မိပပနင့်ကိုယ်ကိုယ်နင် ချောတယ် လှတယ်ထင်ပြီးတော့ အလှဂုဏ်မောက်ကြွားလို့ ငါ့ အပေါ်မှ သို့ကလိုမှောက်မှား ပြုကျင့်တာလား၊ ကြည့်စမ်း ငါ့ကို သွေးထွက်သံယိုဖြစ်စေတာ နင်လွန်လွန်းပြီ၊ ဒီလိုနှိပ်စက်တာ မင်းမှားလွန်းပြီ၊ မိပပ မင်းက ငါဟာ မင်းကို စွဲလွန်းချစ်လွန်းနေပြီထင်ပြီး ဒီလိုမာနထောင်လွှားတာ မင်းမိုက်လှပြီ၊ဟော့ မင်းရဲ့ရုပါရုံကို ငါမက်မောလွန်းလို့ လာရတာမဟုတ် မင်းနဲ့ငါနဲ့ဟာ ရှေးအတိတ်တောလွန်လေသော ဘဝပေါင်းများစွာက ဆုမွန်များတောင်းဘက် ဖြစ်လေတဲ့အတွက် မင်းကို သံသရာကြီးထဲက ကယ်တင်မလို့ ငါလာခဲ့တာ။ လှိုင်းကြီးလှေအောက် တောင်ကြီးဖဝါးအောက် မင်း ဘယ်လိုပင် မာနကြီးကြီး တစ်နေ့ကျ ငါ့အောက် ရောက်ရမှာပဲ။ မင်း ငါ့ကို

mgyoe.com

mgyoe.com

နို့ပ်စက်ကလူပြုတာများကို ဤကမ္ဘာမှာဖြင့် ငါဘယ်တော့မှ မကျေဘူး။ ငါ၏ခြေတော်အစုံကို မင်းဆံပင်နဲ့ ပွတ်တိုက်ပြီး မောင်တော်ဘုရားရယ် ဘုရားနှမကလေးမှားပါပြီ အပြစ်လွှတ်တော်မူပါလို့ ဝန်ချတောင်းပန်ခြင်း မပြုသေးသမျှဖြင့် ငါဘယ်တော့မှ မကျေဘူး။ ထို့ဟု ပပဝတီ၏ မျက်နှာကို တံတွေးဖြင့် ထွေးပြီးလျှင် တွန်းလှဲလိုက်တော့သည်။

ထို့နောက် "ဟော့ ခုဇ္ဇာ ငါ မြို့အရှေ့ဘက် ရေကန်ကိုကြွတော်မူမည်" ဟု မိန့်ကာထွက်ခဲ့လေသည်။

ပပဝတီလည်း တွန်းလိုက်သော အရှိန်ကြောင့် လဲရရှာတော့၏။ (ပွဲကြည့်ပရိသတ်များ၏အသံ) "ပွိုင့် ပွိုင့် point ထိတာပဲ"

ညီိုသည် နောက်တွင် ချန်နေသည်။ ထို့နောက် "အင်း ငါ့ဆရာတော့ အသားယူသွားပြီ ငါလည်း အသားယူဦးမှပဲ"ဟု မိမိကိုယ်ကို ပစ်လှဲလိုက်တော့သည်။

(ခုဇ္ဇာ) "ဟဲ့ သေခြင်းဆိုး ထပါဟဲ့ ဒီနေရာဟာ နန်းတော်ဟဲ့ ခွေးအိပ်တဲ့ နေရာမဟုတ်ဘူး"

မောင်ညိုလည်း ထလာပြီးလျှင် "အစစမူ၊ ခဏခဏမြူသလေလေ၊ ဂုတ်ဂုတ်ကလေးထူမှ ထမယ် ထမယ်" ဟုဆိုကာ ကြမ်းပြင်ပေါ်သို့ ဒိုင်ဗင်ထိုး၍ လှဲချလိုက်တော့သည်။

(ခုဇ္ဇာ) "ထပါ မောင်ရယ်"

(မောင်ညို) "ဟင့်အင်း နှမလေးဂုတ်ဂုတ် ထူမှ ထမယ်"

"တကယ်ကို မထဘူးလား"

"တကယ့်ကို မထဘူး ဂုတ်ဂုတ်နှမလေး ထူမှ ထမယ်"

ခုဇ္ဇာလည်း အသင့်ဝှက်ယူလာသော စက္ကူလိပ်လုံးဖြင့် 'ကဲ မထသေးဘူးလား သေခြင်းဆိုး' ဆို၍ အတွင်းရိုက်ရာ မောင်ညို ထ၍ ပြေးရရှာတော့၏။

mgyoe.com

mgyoe.com

## အခန်း (၆)

သိကြားမင်းနှင့် နတ်အများ ထွက်လာကြပြီးလျှင် ခုနစ်ပြည်ထောင် မင်းများ၏အဟန့်ဖြင့် သာဂလတိုင်းကို ပိုင်းကာ သာဂလပြည့်ရှင်အား ၎င်း၏ သမီးတော်ပပဝတီသည် အလောင်းတော် ကုသမင်းကို နှိပ်စက်ကလူပြုသည့်အတွက် သမီးတော်ကို ခုနစ်ပိုင်းပိုင်းပြီးလျှင် ခုနစ်တိုင်းသို့ ဝေရမည်ဟု ကြွေးကြော်ကြိမ်းပကြလေသည်။

သာဂလပြည့်ရှင်လည်း ထိတ်လန့်စိုးရိမ်လှသဖြင့် သမီးတော် ပပဝတီအား အလောင်းတော် ကုသမင်းထံသို့ သွားရောက် တောင်းပန်ဝန်ချ၍ အရှင်သခင်အဖြစ်ရည်မှတ် နေထိုင်ပေါင်းသင်း ဆက်ဆံခြင်းပြုရန် အမိန့်တော်ချ မှတ်လိုက်တော့သည်။ သို့မလိုက်နာပါက သူမခန္ဓာကိုယ်ကို ခုနစ်ပိုင်းပိုင်း၍ ခုနစ်တိုင်းသို့ ဝေရလိမ့်မည်ဟု ပြင်းထန်စွာ အမိန့်ထုတ်ပြန်တော်မူသည်။

(ပပ) "အို ခက်တော့တာပဲ မခုဇ္ဇာရယ် ခက်တော့တာပဲ အလှမာန်တံခွန် ထူမိတဲ့ မိပပမှာဖြင့် လှလှကြီး ဒုက္ခတွေ့ရပေါ့ မခုဇ္ဇာရယ်၊ ယောကျ်ားတို့ ဘုန်းမဆုံးတော့ပါကလား မောင်တော်ဘုရား အခု ဘယ်မှာ ရှိနေပါလိမ့် မခုဇ္ဇာရယ်"

(ခုဇ္ဇာ) "အောင်မာ အခုမှ သူ့မောင်တော် ဘုရားကို တမ်းတနေတာကိုး နှိပ်စက်လို့ဝမှ သေရမှာကြောက်တယ်ပေါ့လေ ဘုန်းကြီးကိုခေါင်းခေါက် ပြီးမှကန်တော့ချင်လို့ ရနိုင်ပါ့မလား။ အို သိနိုင်ပေါင်တော် ဘယ်က မောင်တော်ဘုရားလဲ"

(ပပ) "ဩော်. မခုဇ္ဇာ ဘယ့်နှယ်ပြောပါလိမ့် မြေနိမ့်ရာလှံစိုက်ချင် လို့လား ကျွန်မကို မသနားတော့ဘူးလား မိန်းမတွေဟာ ဘယ်လိုပင် မာန တက်တက် တစ်နေ့ကျတော့ ယောကျ်ားတွေကို အန်မတုမလွန်ဆန်

mgyoe.com

mgyoe.com

နိုင်ပါ ကလားနော်၊ ကျွန်မဖြင့် ကောင်းကောင်းကြီး သိပါပြီ၊ မခုဇ္ဇာရဲ့အိုသည်လောက်တောင် မိုက်လှတဲ့ အမိုက်မမိပပ သေမှပဲ အေးပါတော့မယ်"ဆိုငို၍ မိမိ ကိုယ်ကိုယ် ပစ်လှဲလိုက်တော့သတည်း။ (ဆိုင်းက သောချိ)

(ပရိသတ်များ) "ပွိုင့် ပွိုင့် ဖိုနတ " ခုဇ္ဇာလည်း ပပဝတီကို ထူရင်း "ထတော်မူပ ါသခင်မဘုရား ဘာမျှအားငယ်တော်မမူပါနဲ့ဘုရား၊ မောင်တော်ဘုရားထံ ဘုရားကျွန်မကြဲဆောင်ပြီး ပို့ပေးပါမယ်။ ထတော်မူပါ အခုပဲ ကြွချီကြစို့ရဲ့ဘုရား"

ပပဝတီလည်း မနိုင့်တစ်နိုင်နှင့်ထလာပြီးလျှင် လမ်းသွားရင်း မှိုင်ယိုးဒယားကို သီဆိုလိုက်တော့၏။

"ဖြေမဆည်နိုင် ငယ်ကကျွမ်းမို့ လွမ်းမိခွေက ၁ယိုင် ဘုန်းကြော့ကေခိုင် မနေနိုင်စိတ်မှာပန်း၊ အို မခုဇ္ဇာရဲ့ ကျွန်မဖြင့် မှားပါပြီ အို မောင်တော့်ဘုရား ကုသကြီးရဲ့ ကျွန်မ အသည်းစွဲချစ်ပါတဲ့ မောင်တော် ကုသဘုရား၊ ဩော်... ကုသ, ကုသ ကျွန်မ အသည်း စွဲပါတဲ့ ကျွန်မလင် ကုသဘုရား"

ဆိုင်းကလည်း လွမ်းစရာတီးပေးသည်။

## အခန်း (၇)

မြို့အရှေ့ဘက်ရှိ ရေကန်တွင် အလောင်းတော် ကုသမင်းသည် ရှုံ့ညှုန် လူးနေသည်။ မောင်ညိုနှင့် မောင်ဘတို့ ကန်ပေါင်ရိုးပေါ်တွင် ထိုင်နေကြသည်။

(မောင်ညိုဆို) "ထောင်ရောင်နေ နှုတ်ခမ်းမွေ... မန္တလေးက အိဗ္ဗာဟင်၊ စခန်းမဝေး၀၊ ပလီဒါလင်ရယ်၊ မဒီကညာခင်၊ အောက် တစ်ဟီးတူးတေးချင်း ဆိုတယ်။ ခွေးမင်းကို ကိုက်တဲနသိုး"

(မောင်ဘ) "အောင်မာ လက်စသတ်တော့ အရည်းကြီး ယောက်ဖ ရောက်နေတာကိုး ဟဲ့ကောင်

mgyoe.com

mgyoe.com

မင်းဘာတွေ သရုဏ်ချာယ်နေတာတုံး မြေမျိုသွား မနော်၊ ဟောဟောဟိုရှေ့က လူသံလိုလိုကြားရတယ် နားထောင်စမ်း"

(မောင်ညို) "အေး ဟုတ်တယ် ထင်တယ်။ ဂုတ်ဆာကြီးအသံနဲ့ တူတာပဲ၊ ဒီကောင်မကြီး ငါ့ကို လွှမ်းပြီး လိုက်လာတာထင်ပါရဲ့၊ ဟိုရှေ့က လာနေတာ မဟုတ်ဘူးလားဟေ့"

(ခုဇ္ဇာ) "အေးဟေ့...လူပါပဲ၊ လူပါပဲ အခု ဟောင်နေတာ ဘယ်က ခွေးလဲ"

(မောင်ဘ) "အောင်မာ ကမြင်းမပါကလား နင့်ပ်ာလူဆိုရင် (လ) နှစ်ချောင်းငင်လူလား၊ (လ) တစ်ချောင်းငင်လူလား"

(ခုဇ္ဇာ) "လူဟေ့ လူသုံးချောင်းငင် လူဟေ့ နင်တို့ခွေးတွေလား"

(မောင်ညို) "ဟေ့ တိတ်တိတ်နေ တို့ကိုယ်တော် ကုသမင်းကြီး ရေစိမ် နေတယ်။ ရေစိမ်ကွဲကြီးကွ။ နင်တို့အထီးလား အမလားဟေ့"

(ခုဇ္ဇာ) "အမဟေ့ အမ"

(မောင်ညို) "အမဆိုရင် မလာနဲ့ ဝေးဝေးက ရှောင်ပေတော့ တို့ကိုယ်တော် ကြီးအနားကို ခွေးမ တောင်လာလို့ မရဘူးကွ၊ အောင်မာပြောရင်း ဆိုရင်း ရောက်လာကြပြီ၊ လက်စသတ်တော့ ဂုတ်ဆာကြီးပါက လား။ ဟဲ့ ဂုတ်ဆာ နင့်ဂုတ်က ဆာတာလား ဘယ်က ဆာသလဲ"

(ခုဇ္ဇာ) "အောင်မာ လက်စသတ်တော့ကမြင်းထီး တွေပါလား သေပေတော့ဟဲ့" ဆိုကာဖိနပ်ကိုင်၍ လိုက်ရာ မောင်ညိုနှင့် မောင်ဘသုတ် လေတော့သည်။

ကုသမင်းသည် ညွှန်အလိမ်းလိမ်းကပ်သော ကိုယ်ဖြင့် ကန်ထက်သို့ တက်လာတော့သည်။

ပပဝတီလည်း "အို မောင်တော်ဘုရားရဲ့"

mgyoe.com

mgyoe.com

ဟုအော်၍ ကုသမင်း၏ ခြေတော်အစုံကို မိမိဆံပင်ဖြင့် ရှိသေဝပ်တွားကာ ပွတ်တိုက်နေတော့သည်။

"အို မောင်တော်ဘုရား ဘုရားနှမ မှားမိပေါ့။ ဘုရားနှမကို ကယ်တော် မူပါဘုရား။ ဘုရားနှမလေး မဆင်မခြင်ဘဲ အလှဂုဏ်မောက်ကြွားပြီး မောင်တော်ဘုရားအပေါ်မှာ နှိပ်စက်ကလူ ပြုကျင့်မိတာတွေကို အခွင့်လွှတ် တော်မူပါဘုရား"

(ကုသ, မျက်နှာထားတင်းတင်းနှင့်)"ဟဲ့ ဘယ်သူ တုံး" (ဆိုစဉ် ခုဇ္ဇာက ကုသမင်းအား မျက်စပစ်ပြနေ သည်။

(ပပ) "ဘုရား နှမတော်အမိုက်မ မိပပပါဘုရား၊ မောင်တော်ဘုရား နှမတော်ကို ဒီလို မျက်နှာထား တင်းတင်းနဲ့ မရှုစားပါနဲ့ဘုရား"

(ကုသ) "ပပလား နင်ဘာလာလုပ်တာတုံး"

(ပပ) " ဘုရားနှမမှားပါပြီဘုရား၊ မောင်တော် ဘုရားရဲ့ ဘုန်းတန်ခိုး စွမ်းအင်ကို မသိခဲ့သူ ဖြစ်လို့ ရူပါရုံမာန်တံခွန်ထူပြီး မောင်တော်ဘုရားအပေါ်မှာ ရက်စက်မိတာများကို အခွင့်လွှတ်တော်မူပါ ဘုရား၊ ဘုရားတပည့်တော်မသည် မောင်တော်ဘုရားရဲ့ ခြေ တော်အစုံကို ရှိသေလေးမြတ်စွာ ပွတ်တိုက်ပါပြီ ဘုရား"

ကုသမင်းလည်း အထူးကရုဏာသက်ဟန်ပြုပြီး လျှင် ပရိသတ်ဘက်သို့ လှည့်ကာမျက်စပစ်ပြလိုက်တော့ သည်။ ထို့နောက် ပပဝတီ၏ မျက်နှာကို ရွှန်းရွှန်း စားစား ကြည့်ပြီးလျှင်

"ဟဲ့...ပပ"

"ဘုရား မောင်တော်မြတ်ဘုရား"

"နင် အရင်ကလိုပဲ မိုက်သေးသလား ငါချော တယ် ငါလှတယ် ငါနဲ့ အဖက်တန်တဲ့လူ ဒီဇမ္ဗူပေါ် မှာဖြင့် မရှိတော့ဘူးလို့ ငါ့အပေါ်မှာ မာန်တံခွန် ထူနေတုန်းပဲလား"

mgyoe.com

mgyoe.com

"မထူဝံ့ပါပြီဘုရား၊ မမိုက်ဝံ့ပါပြီဘုရား ဘုရား နှမလေးမှားမိတာတွေကို အခွင့်လွှတ်တော်မူပါ ဘုရား"

သည်တွင် ကုသမင်း၏ မျက်နှာတော် အသွင် အပြင်မှာ အထူးကြည်လင် ပြုံးရွှင်သွားတော့သည်။

"တကယ်ပဲ မှားမှန်းသိပြီလား အရင်ကလိုပဲ မိုက်ဦးမှာလား ကဲထဲထ"

"မမိုက်ဝံ့တော့ပါဘူးဘုရား နှမတော် လိမ္မာလာ ပါပြီဘုရား"

"မောင်တော်ကို အရင်ကလိုပဲ ချစ်သေးရဲ့လား နှမတော်"

"လေးဆူဒိပါ သိတာရေမြေ ဆုံးစေတော့ ဘယ်တော့မှ မမုန်းနိုင်အောင် ချစ်ပါတယ် ဘုရား"

"တကယ့်ကိုလား နှမတော်"

"တကယ်ကေန်ပါ မောင်တော်ဘုရား"

"အဲဒါကြောင့်ပါ နှမတော်ကို မောင်တော်ဘုရား ချစ်မဝနိုင်တာပဲ"ဟု ဆိုကာ အလောင်းတော် ကုသမင်း သည် ပပဝတီအား ပွေ့ချီလိုက်တော့သည်။

ထိုစဉ်ကပင် မောင်ညိုနှင့်မောင်ဘတို့ ပုန်း အောင်းနေရာမှ ပြေးဝင်လာကြ ပြီးလျှင် ခုဇ္ဇာကြီးကို နှစ်ယောက်သားပွေ့ချီကြတော့သည်။

ခုဇ္ဇာကြီးလည်း 'လွှတ်ဟဲ့ ခွေးသားတွေလွှတ်ဟဲ့' ဟု အော်ဟစ်ကာ ရုန်းကန်နေစဉ်ပင် ဖုံးလိုက်တော့ သတည်း။

ရှုဝမဂ္ဂဇင်း ၁၉၅၀၊ ဒီဇင်ဘာလ

ကုသ

□

mgyoe.com

mgyoe.com

## တင့်တယ်၏ တင့်တယ်

အသက် ၅၀ နီးကပ်လာသောအခါ ကိုယ်သည် တော်တော်အူကြောင်ကြောင် နိုင်၍လာ၏။ ဤကား လူ့ဓမ္မတာပင် ဖြစ်မည်ထင်သည်။ ကိုယ်တို့ မြန်မာလူမျိုးများ၏ သက်တမ်းသည် အနှစ် ၆၀ လောက်သာ ရှိတတ်သည်ကို ပျမ်းမျှကြေးအားဖြင့် တွေ့မိသည်။ အမှည့်တဝင်းဝင်း အကင်းတဖြိုက်ဖြိုက် ဆိုသောစကားအတိုင်း မြန်မာလူမျိုးများအနက်တွင် စောစောစီးစီး သေသူတွေလည်းရှိသည်။ ဆံဖြူသွားကျိုးဖြစ်ကာ နံရိုးပြိုင်းပြိုင်း ခါးကိုင်းကိုင်း အရွယ်သို့ရောက်မှ သေသူတွေလည်း ရှိကြသည်။ သို့ရာတွင် မြန်မာလူမျိုး၏ သက်တမ်းမှာ ပျမ်းမျှကြေးအားဖြင့် အနှစ် ၆၀ လောက်သာ ရှိသည်ဟု ယေဘုယျအားဖြင့် ကိုယ်ထင်မိရာ ယခုကဲ့သို့ ကိုယ်သည်အသက် ၅၀ နား သို့ နီးကပ်လာသောအခါ၌ဆရာ့ဆရာများ၏နည်းတူ ကိုယ့်အကြောင်းကို ကိုယ်ရေးချင်သော စိတ်သည် ပေါ်၍လာ၏။ အနှစ် ၆၀ လောက်သာ မြန်မာတွေနေကြရသည်ဟူသော ကိုယ့်အယူအဆတွင် "အရွယ်သုံးပါးရှိသည်" ဆိုသော စကားကလည်း ထောက်ခံ၍ နေသည်။ ငယ်စဉ်က တည်းကသချာကို နှစ်သက်သဘောကျခဲ့သော ကိုယ်သည် "ကိုယ့်အသက်သည် မြန်မာပီပီ အနှစ်နေရမည်။ ပထမအရွယ်ကို အသက် ၂၀ လောက်အထိ

mgyoe.com

mgyoe.com

ပိုင်းဖြတ်ပြီး ဒုတိယအရွယ်ကို အသက် ၄၀ လောက် အထိထားမည်။ တတိယအရွယ် ဆိုတာကတော့ အသက် ၆၀ လောက်အထိ တရွေ့ရွေ့သွားလာရမည့် ဘဝခရီးနောက်ဆုံးပိုင်းဖြစ်သည်သာ စသဖြင့် တွေးချင်ရာကို တွေးမိသည်။

ထို့ကြောင့် ကိုယ်သည် ကိုယ့်အကြောင်းကို ကိုယ်ပြန်၍ ရေးသောအခါ ဘာ့ကြောင့် ရေးမိသည်။ နည်းနည်းကျဉ်းကျဉ်းတော့ ဖော်ချင်သည်။ ကိုယ်သည် စာရေးခြင်းအတတ်ပညာကို ခုံမင်မြတ်နိုးသူဖြစ်ရာ ထိုအတတ်ပညာ ဖြင့်ပင် ဖြစ်တတ်သည်။ အသက်မွေးဝမ်းကျောင်းကို ရှာဖွေ၍ နေသူဖြစ်သည်။ သေသည် အထိလည်း ဤပညာဖြင့်ပင် ထမင်းတစ်နပ်ကို ရှာ၍ စားပြီးသား မယားတို့ကို စောင့်ရှောက်နိုင် စောင့်ရှောက သွားတော့မည်ဟု စိတ်က ပိုင်းဖြတ်ထားသည်။ သို့ဖြစ်ရာ ကိုယ်သေ၍ ပြီးသောအခါတွင် အကယ်၍ ကိုယ့်အသုဘစရိတ်ကလေးကိုပင်ရရ စာတစ်ပုဒ်နှင့် စရိတ်ရှာခဲ့ချင်သော စိတ်ရှိရှာလည်း ရှာရမလို ဖြစ်၍ နေ၏။ အဘယ့်ကြောင့်သော် ဤစာကို ကိုယ်ရေးနေချိန်တွင် ကိုယ်စာရေးခြင်း အတတ်ပညာက ပေးသော ဝင်ငွေအပြင် အခြားသော ဝင်ငွေမရှိချေ၊ ထိုပညာဖြင့်ပင် ကိုယ့်မသာစရိတ်ကို ကိုယ်ရှာ ဖွေထားနှင့်ရခြင်းပင် ဖြစ်သည်ဟု ကိုယ်ဆိုချင်သည်။ ဆိုချင်သည့် အတိုင်းလည်းမှန်၏။ အဘယ့်ကြောင့်ဆိုသော် ကိုယ့်မိခင်သည် ငွေကြေးချမ်းသာသော သူမဟုတ်၊ ထုထုထည်ထည် ငွေကြေးအမွေရဖို့ မျှော်လင့်ချက်လည်းမရှိ ကိုယ်ဇနီးသည်များကမူ ချမ်းသာကြွယ်ဝသော မိဘများမှ ဆင်းသက်ပေါက် ဖွားလာကြသော သူများဖြစ်ကြသည်။ သူတို့တစ်တွေက ကိုယ့်အပေါ်တွင် စေတနာထားကာ သင်္ချိုင်းသို့ ပို့ဆေးကြနိုင်စရာရှိသည်။ ဤစာကို ကိုယ်ရေးနေချိန်မှာ ၁၉၅၃ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့ နံနက်ခင်းဖြစ်သည်။ နေရာမှာ ရန်ကုန်တံတားကလေး

mgyoe.com

mgyoe.com

စိတ္တဇရောဂါကုဆေးရုံဟု ယဉ်ယဉ်ကလေး နာမည်ပေး၍ထားသော အရှုးထောင်ဝင်းကြီးအတွင်းက တစ်လလျှင် ၁၅၀ ပေး၍နေရသော အခန်းငယ် တစ်ခန်း၏အတွင်း ဖြစ်သည်။ ဤစာကို ရေးနေဆဲ စိတ်ရောဂါဖြစ်သူ တပ်မတော် ဗိုလ်တစ်ဦးကလာ၍ စကားပြောနေသဖြင့် စာရေးခြင်းကို ရပ်ထားပြီး ကိုယ်ကသူ့ကို ဧည့်ထောက်ခံ၍ နေရ သေးသည်။ ဤဆေးရုံထဲ၌ နေကြရသည်မှာ တော်တော်ပျင်းစရာကောင်းသည်။ ယောင်ချာချာလည်နေသည်။ တစ်ဦးနှင့်တစ်ဦး မဟုတတာရော ဟုတ်တာရော ပြောချင်ရာတွေကိုပြောကြသည်။ စကားကြောရှည်၍ ဇာတ်မြောလာသောအခါ လူချင်းခွာ၍ တွေးမိတွေးရာ ငေးမိငေးရာတို့ကို ငေးကြပြန်သည်။ တချို့ကစာတတ်သည်။ ကိုယ်ကတော့ ဤစာကိုဆက်၍ ရေးရလေသည်။ ကိုယ်သည် အသက် ၄၀ ကျော်၍ လာကတည်းက ကြောက်စိတ် တစ်ခုဝင်၍ နေခဲ့သည်။ ယင်းသည်မှာ ကိုယ်သည်သေဘက်သို့ နီး၍လာခဲ့ပြီ ဆိုသော အချက်ပင်ဖြစ်သည်။ ကိုယ့်တွင် လူတစ်ယောက်ရယ်လို့ နေထိုင် လာခဲ့ရာ၌ ဟိုကမ်းတင်သည်သောင်ဆိုက်၊ မိုက်တစ်ခါ လိမ္မာတစ်လှည့်နှင့် ရေစုန်မျော၍ လာခဲ့ရာ (တစ်ခါတုန်းက "တင့်တယ်" အမည်ခံ စာရေးဆရာတစ်ယောက် ရှိခဲ့ဖူးတယ်) ဟု ဆိုသော စကားတစ်လုံးကို အလျဉ်းသင့်သောအခါ၌ ကိုယ်နှင့် နီးစပ်သူတို့ ကြားကောင်းကြားရ ပြောကောင်းပြောကြရမည့် အမွေအနှစ်တစ်ခုမှ တစ်ပါးအခြားဘာမျှ မည်မည်ရရ ကျန်ရစ်စရာရှိသောသူ မဟုတ်ချေ။ သို့ဖြစ်၍ ကိုယ့်အကြောင်းကလေးကိုတော့ စာရေးဆရာအဖြစ်နှင့် အသက်မွေးခဲ့သောသူပီပီ ကိုယ့်အကြောင်းစာ Auto biography ကလေးတစ်ခုကို မသာစရိတ်ဖြစ်ဖြစ်ရစေ၊ ကိုယ့်ကိုယ်ကိုယ် တိုင်းပြည်တွင် ထင်ရှားသော လူတစ်ယောက်အနေဖြင့် ထင်မှတ်နေသော Eco အတ္တစိတ်အစွဲကလေး၏ မှတ်သိပ်မှု

mgyoe.com

mgyoe.com

ပြေပြောက်စရာလည်း ဖြစ်စေ ဟူသော ရည်ရွယ်ချက်ဖြင့် ကိုယ်ဝါသနာပါသော စာရေးချင်စိတ်ဖြင့် ဤ စာကို ရေးသားနေခြင်းဖြစ်လေသည်။

စာရေးခြင်း အတတ်ပညာ၌ ဝါသနာထုံကြသော သူများသည်သူများ အကြောင်းတွေကို တကယ်ဟုတ်တာရော မဟုတ်တာတွေကိုပါ ရေးချင်စိတ်ရှိတိုင်း ရေးကြသည်။ ဝါသနာထုံသော ထိုအတတ်ပညာဖြင့်ပင် တစ်ဝမ်း တစ်ခါးအတွက် ပိုက်ဆံကြေးငွေရအောင် ရှာကြံကြရသည်။ ကိုယ့်မယား ကိုယ့်သားအတွက်လည်း ပါလေသည်။ ထိုကဲ့သို့ တလူးလဲလဲနေ၍ လာခဲ့ကြရာ၌ အသက်ကလေးထောက်၍ အနှစ် ၄၀ ကျော် တတိယပိုင်းသို့ရောက် သောအခါ၌ "အလဲ့ - ဘာလိုလိုနဲ့ ငါအသက် ၄၀ တောင် ကျော်လာပါကပေါ့လား၊ သူများတွေလို ကိုယ့်အကြောင်းကိုယ် စာတစ်ပုဒ်တော့ ရေးဦး မှဖြစ်မယ်။ ဒါမှကျန်ရစ်ခဲ့သူတွေနဲ့ နောင်လာနောင်သားတွေက (ငါတည်းဟူသော လူတစ်ယောက် ဗမာပြည်မှာ ပေါ်ပေါက်ခဲ့ဖူးပါတကား၊ ငါတည်းဟူသော စာရေးတတ်သည့် ငနဲသား တစ်ယောက် ရှိဖူးပါကလား) ဆိုတာကို တွေးပြီး ငါ့ကို သတိရကြမယ်၊ အထင်ကြီးမယ်၊ သင်တို့တစ်တွေဟာငါတည်း ဟူသော ဤကိုယ်ငါ၏အကြောင်းကို သိချင်ကြပေလိမ့်မည်တကား" အစရှိသဖြင့် တွေးစပြု၍ လာတတ်သည်။ ဤကား စာရေးခြင်း အတတ်ပညာဖြင့် အသက်မွေးဝမ်းကျောင်းကို ရှာဖွေ၍နေကာ သေသွားတတ်သည့်စာရေးသမား၏ ရှိတတ်သော စိတ်တစ်ခုပင်ဖြစ်သည်။ ကိုယ်အကိုးကွယ် အဆည်းအကပ်ဆုံးဖြစ်သော စာရေးဆရာကြီး ပီမိုးနင်းသည် မသေမီကလေးမှာပင် ပီမိုးနင်း၏ ပီမိုးနင်းဆိုသော ကိုယ်တိုင်ရေးအတ္တုပ္ပတ္တိ စာတစ်ပုဒ်ကို ရေးခဲ့သည်။ ကိုယ့်မိတ်ဆွေ "ဒဂုန်တာရာ" အမည်ခံ အောက်မြန်မာပြည်သား ငါးပိစား ကိုဒွေးမြိုင်

mgyoe.com

mgyoe.com

သည်လည်း "မေ"ဝတ္ထုဖြင့် စတင်၍ လူသိများလာပြီးနောက် နိုင်ငံကျော် စာရေးဆရာအဖြစ်သို့ "လေနုအေးသည် နော့နေဆဲကို" ဟူသော စာတစ်ကြောင်းဖြင့် ထင်ရှားပေါက်ရောက်သော ဟိုသည်သည်ဟာတွေကို အများကြီး ရေးသည်။ ပြီးတော့မှ သူ့အကြောင်းကိုသူ "ဒဂုန်တာရာ၏ဒဂုန်တာရာ" ဟူသော အမည်နှင့် စာတစ်ပုဒ်ရေးလေသည်။ ဤနေရာတွင် ကိုယ့်အယူအဆကလေး တစ်ခုကို တင်ပြချင်သည်။ ဆရာပီမိုးနင်း၊ ဒဂုန်တာရာနှင့် ကိုယ်တို့သည် ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိကို ရေးသားရာ၌ အယူအဆများ တော်တော်ကွဲသည်။ ဆရာပီမိုးနင်းက သူ့အတ္ထုပ္ပတ္တိကိုဆရာ (ဂျာနယ်ကျော်) ဦးချစ်မောင်က တိုက်တွန်း၍ စက်ဘီးတောဝါနှင့်တွေ့ကာ မသေမီကလေးမှာ သုတ်သီးသုတ်ပြာရေးခဲ့သည်။ ဆရာပီမိုးနင်း၏အကြောင်းကို ဆရာပီမိုးနင်းရေးရာ၌ စင်စစ်တွင် ဆရာသည် ပီမိုးနင်းဆိုသော စာရေးဆရာတစ်ယောက်၏ အကြောင်းကို ရေးသည်ကား မှန်သည်။ သူ့လူနာမည်မှာ ငယ်မည် မောင်ကျော်ညွန့်ဖြစ်သော်လည်း လူတိုင်းက အမှတ်ထားသော အမည်မှာ ပီမိုးနင်းဖြစ်သည်။ သူသည် လူမှန်းကောင်းကောင်းသိတတ်သော အရွယ်၌ ဘရင်ဂျီကျောင်းတစ်ကျောင်းတွင် အလုပ်လျှောက်ရာ အင်္ဂလိပ်နာမည်နှင့်မှ အလုပ်ရနိုင်မည်ဖြစ်၍ သုံးဆယ်မြို့ ဘရင်ဂျီကျောင်းတွင်နေစဉ်က ရခဲ့သော ဖိလစ် (Phillip) ဆိုသော အမည်ကို ငယ်မည် "မိုးနင်း"၏ ရှေ့တွင်ထည့်ကာ "ဖိလစ်မိုးနင်း"ဟု အင်္ဂလိပ်ဆန်ဆန်မှည့်ထားသည်ကို ယူကာ ပီမိုးနင်းဟု အမည်ပြောင်းခဲ့သည်။ မောင်ကျော်ညွန့်ဘဝမှ ပီမိုးနင်းဖြစ်လာသည်။ ကလောင်သမားဖြစ်လာသော အခါတွင်လည်း ကလောင်အမည်ကို အမည်ရင်းဖြစ်သော ပီမိုးနင်းဟုပင် ယူခဲ့ပြန်သည်။

ထို့ကြောင့် "ပီမိုးနင်း၏ ပီမိုးနင်း" အတ္ထုပ္ပတ္တိစာအုပ်သည် လူအမည် ပီမိုးနင်းဟု ခေါ်သော စာရေး

mgyoe.com

mgyoe.com

ဆရာ ပီမိုးနင်းက သူ့အကြောင်းကို သူရေးခဲ့သော စာအုပ်ဖြစ်ခဲ့သည်။ နာမည်ရင်းနှင့် ကလောင်အမည်မှာ တစ်ခုတည်း ဖြစ်၍နေလေသည်။ သို့ဖြစ်လေရာ ပီမိုးနင်း ဆိုသောသူတစ်ယောက်၏ အကြောင်းကို စာရေးဆရာ ပီမိုးနင်းက "ပီမိုးနင်း၏ ပီမိုးနင်း" ဟူသော အမည်ဖြင့် ရေးသားခြင်းမှာ ကိုယ့်အကြောင်းကို ကိုယ်ရေးခြင်းဖြစ်မှန်း သိသာထင်ရှားသည်။ သို့ရာတွင် "ပီမိုးနင်း၏ ပီမိုးနင်း"ထဲ၌ မောင်ကျော်ညွန့်၏အကြောင်း (ပီမိုးနင်း မဖြစ်မီကအကြောင်း) တွေ့ပါ၍နေလေသေးသည်။

ကိုငွေးမြိုင်က ဒဂုန်တာရာဟူသော ကလောင်အမည်ကို ဒဂုန်မဂ္ဂဇင်းတွင် ရတုပိုဒ်စုံရေးပြိုင်ပွဲ ရခဲ့ပြီး ဟိုခေတ်ကထုံးစံအတိုင်း ဒဂုန်မဂ္ဂဇင်းတိုက်က "ငါတို့ ဒဂုန်က မြေတောင်မြှောက်ပေးလိုက်တဲ့ စာရေးဆရာကွ" ဟူသော အစွဲနှင့် "ဒဂုန်"ဆိုသော ဘွဲ့တံဆိပ်ခလောက်ကို ဆွဲဆင်၍ ပေးလိုက်သည်။ ဒဂုန်မဂ္ဂဇင်း၏ ဟိုတုန်းခေတ်က ဉာဉ်မှာ သူတို့မြေတောင်မြှောက်ပေးလိုက်သော ကလောင်သမား ဟူသမျှကို ဒဂုန်၏ ကျေးဇူးခံ ကျေးဇူးစားဖြစ်ကြောင်း ထင်ရှားစေရန် "ဒဂုန်ဘွဲ့"ကိုပေးသည်။ စင်စစ်တွင် ဒဂုန်မဂ္ဂဇင်း ကလောင်ရှင်အဖြစ် အလားမြှောက်ရသော စာရေးသမားတို့ကလည်း "ဒဂုန်"ဟူသော အမည်ရှေ့က တပ်ဆင်ရသည်ကိုပင် ဂုဏ်တစ်ဂုဏ်ဟု ထင်မှတ်ကြသည်။ ထင်မှတ်စရာလည်း ကောင်းသည်။ အကြောင်းမှာမူ ကိုယ်တို့ ငယ်ငယ်ခေတ်က ဒဂုန်မဂ္ဂဇင်းသည် ကြီးကျယ်ခမ်းနားသော ရှေ့ဆောင်ရှေ့ပြေး မဂ္ဂဇင်းကြီးဖြစ်သည်။ အပြိုင်အဆိုင်ထုတ်ဝေကြသော ကဝိမျက်မှန်၊ ကဝိတံခွန် အစရှိသော အခြားမဂ္ဂဇင်းများမှာ ဒဂုန်လောက်"ဟိတ်"မရှိကြ၊ စောင်ရေမှာလည်း ဒဂုန်ကို မမီကြချေ။ မီးရထား သင်္ဘောများပေါ်တွင် စီးနင်းလိုက်ပါသွားရင်း အပျင်းပြေ စာဖတ်ကြရာ၌ ဒဂုန်

mgyoe.com

mgyoe.com


မဂ္ဂဇင်းကို ဖတ်နိုင်သော သူများမှာအခြား သူများထက် ပါဝါရှိသလိုလို ဘာလိုလိုထင်ရသောခေတ် ဖြစ်သည်။

ထို့ကြောင့် “ဒဂုန်”ဟူသော ကလောင်အမည်ကို ခံယူနိုင်သောစာရေး ဆရာများမှာ “ဒဂုန်”ဘွဲ့ကို ခံယူရခြင်းသည်ပင် အလွန်ကျေနပ်စရာဖြစ်၍ နေခဲ့ကြသည်။ ဒဂုန်ရွှေမျှား၊ ဒဂုန်ခင်ခင်လေး၊ ဒဂုန်နတ်ရှင် အစရှိသော ကလောင်ရှင်ကြီးများသည် ဒဂုန်မဂ္ဂဇင်းမှ စတင်၍ ထင်ရှားလာကြသော သူများ ဖြစ်ကြပေသည်။ ဤနည်းဖြင့်ပင် ကိုဌေးမြိုင်သည် “ဒဂုန်တာရာ” ဟူသောဘွဲ့ကို ရ၍လာကာ သူ့အကြောင်းကို သူပြန်၍ ရေးသားရာ၌ “ဒဂုန်တာရာ၏ ဒဂုန်တာရာ”ဟူသော ခေါင်းစဉ်ဖြင့် ရေးသားခဲ့သည်။ ကိုယ့်အကြောင်းကို ကိုယ်ပြန်၍ ရေးသော အခါတွင်မူကား ကိုယ်သည် ကိုယ့်စာရေးဆရာ ဘဝကိုသာ ရေးချင်သည်မဟုတ်၊ မွေး၍ လာကတည်းက အချိန်မှစ၍ အသက် ၅၀ တင်းတင်းပြည့်သောအချိန်အထိ အဖြစ်အပျက် ကိုယ်တွေ့ကလေးများကို ရေးချင်လေသည်။ သို့ဖြစ်၍ ကိုယ့်အကြောင်းမှာ ဝင်းစိန်ဆိုသော လူတစ်ယောက်၏ အကြောင်းများသာဖြစ်၍ ထိုအကြောင်း အရာများ အနက်တွင် နောက်ပိုင်း၌ ဝင်းစိန်သည် တင့်တယ် ဟူသောကလောင်အမည်ကို ခံယူကာ စာရေးဆရာဘဝ နှင့် အသက်မွေးဝမ်းကျောင်း ရှာဖွေသည့် အကြောင်းအရာများ ပါဝင်မည်ဖြစ်ရာ ကိုယ်၏အကြောင်းကို ကိုယ်ပြန်၍ရေးရာ၌ အဓိကမှာ ဝင်းစိန်ဆိုသူ တစ်ယောက်၏ အကြောင်းတွေသာ ဖြစ်သည်။ တင့်တယ် ဆိုသော စာရေးဆရာတစ်ယောက်၏ အကြောင်းအရာများမှာ ဝင်းစိန်၏ဘဝတွင် အဆစ်အပိုင်းတစ်ခုသာ ဖြစ်သည်။ ထို့ကြောင့်ပင် ဤကိုယ့်အကြောင်း ကိုယ်တိုင်ရေးသော အတ္ထုပ္ပတ္တိကို ခေါင်းစဉ်တပ်ရာ၌ ‘ပီမိုးနင်း၏ ပီမိုးနင်း’၊ ‘ဒဂုန်တာရာ၏ ဒဂုန်တာရာ’၊ ‘ရွှေဥဒေါင်း၏ ရွှေဥဒေါင်း’ အစရှိသော ခေါင်းစဉ်မျိုးကို မသုံးချင်ပေ။

mgyoe.com

mgyoe.com

ဝင်းစိန်ဆိုသော လူတစ်ယောက်၏ အကြောင်းကို တင့်တယ် ဆိုသော စာရေးဆရာတစ်ယောက်က နှစ်ပေါင်း ၅၀ တာကာလအတွက် ရေးသားခြင်းသာ ဖြစ်စေရမည်ဟု ကိုယ့်စိတ်တွင် ပိုင်းဖြတ်မိပေသည်။

ကောင်းပြီ တင့်တယ်ဆိုသော စာရေးဆရာ တစ်ယောက်က ဝင်းစိန် ဆိုသော လူတစ်ယောက်၏ အကြောင်းကို အဘယ်ကြောင့် ရေးချင်ပါသနည်း။ ဝင်းစိန်သည် စာဖွဲ့လောက်သော လူထူးလူဆန်း တစ်ယောက် ပေလောဟု မေးစရာရှိသည်။ မေးလည်း မေးထိုက်ပေသည်။ ဝင်းစိန်ဆိုသော လူတစ်ယောက် သည် တကယ်စင်စစ်တွင် တိမ်ကြားမင်းခေါင်သာ ဖြစ်သည်။ "တိမ်ကြားမင်း ခေါင် တိမ်ကြားမင်းခေါင်နဲ့ နာမည်ကြီးလိုက်တာ ကားလိပ်ကြားထဲက ထွက်လာ တော့ လက်စသတ်တော့ တို့ရွာက ဖိုးဆိပ်ပဲ သူလိုငါလို ပါပဲကလား" ဟူသော စကားကဲ့သို့ ဝင်းစိန်သည်လည်း သူလို ငါလိုထဲကလို ဗမာ တစ်ယောက်သာ ဖြစ်လေ သည်။ သို့နှင့်ပင် စာဖွဲ့ရသေးသလား၊ ဘာများ ထူးဦး မှာလဲဟု ဆိုစရာက ထပ်ဆင့်၍ ပေါ်လာပြန်လေသည်။ ဤနေရာတွင်ကား ကိုယ့်ကိုယ်ကိုယ် အထင်ကြီးစိတ် ကလေးက လှုံ့ဆော်၍လားမသိပေ၊ တင့်တယ်က ဝင်းစိန်အကြောင်းကို ရေးသားရာတွင် တင့်တယ်၏ အဖို့၌ ဤသို့ရေးသား၏။ အကြောင်းတစ်ရပ်နောက်ခံ တွင် ဝင်းစိန်ဆိုသော လူတစ်ယောက်သည် သူ့ဘဝကို အစီအစဉ်အတိုင်း ဘဝကံကျိုးပေးသမျှ လောကစံနှင့် အညီ နေထိုင်၍ လာခဲ့ရရာတွင် ခေတ်အမျိုးမျိုးတို့ကို ဖြတ်သန်း ကျော်လွှား၍ လာခဲ့ရသော သူတစ်ယောက် ဖြစ်လေသည်။ ဝင်းစိန်ကို မွေးဖွားသောခေတ်မှာ ဒိုင်အာခီ အုပ်ချုပ်ရေးခေတ် ဖြစ်သည်။ ထို့နောက် ၉၁ ဌာန အုပ်ချုပ်ရေးခေတ်၊ အင်္ဂလိပ်ကို တော်လှန် သော ခေတ်၊ ဂျပန်ကို တော်လှန်သောခေတ်၊ လွတ်လပ် ရေးရသောခေတ်၊ လွတ်လပ်ရေးရပြီးနောက် ဖဆပလ

mgyoe.com

mgyoe.com

အဖွဲ့ ကြီးစိုးသောခေတ်၊ ဖဆပလ နှစ်ခြမ်းကွဲသော ခေတ်၊ ပြည်တွင်း စစ်ဖြစ်သောခေတ်၊ တပ်မတော် အစိုးရ တက်၍လာသောခေတ် စသည့်ခေတ် အမျိုးမျိုး တို့၏ လှိုင်းတံပိုးကြီးများသည် မြန်မာနိုင်ငံကို ပြင်း ထန်စွာ ရိုက်ခတ်ခြင်းခံခဲ့ရလေသည်။ ထိုခေတ်ပြောင်း ခေတ်လွှဲ လှိုင်းတံပိုးကြီးများ၏ ဏာကို ဝင်းစိန်ဆိုသော လူတစ်ယောက် ခံစားရပုံတို့ကို ရေးသားရင်းခေတ် ပြောင်းပုံများကို စာတင်လိုသည်။ စာတင်ရာတွင် တင့်တယ်မှာ သမိုင်းတွင် စိတ်ဝင်စားသော သူတစ် ယောက်ဖြစ်သဖြင့် ရေးသားနိုင်သောစွမ်းရည်ရှိတန် သလောက် ရှိကောင်းလိမ့်မည်ဟု ယုံကြည်ထားမိသည် "စာပေလောက"ဟူ သော ခေါင်းစဉ်ဖြင့် စာရေးဆရာ ငွေဥဒေါင်းသည် ခေတ်သစ် မြန်မာစာပေသမိုင်းကို ရေးသားနေရာ၌ အများသိပြီး ဖြစ်သည့်အတိုင်း သူ၏ ကိုယ်တွေ့ အဖြစ်အပျက်များကို မြန်မာနိုင်ငံ၌ စာပေ အရေးအသား အတွေးခေါ်များ တစ်စတစ်စ ပြောင်းလဲ လာပုံတို့ကို နိုင်ငံရေးပြောင်းလဲမှုများနှင့် စရနယ်ကာ ရေးသားထားသည်ကို တွေ့ရ၏။ သူ၏ရေးနည်းမှာ ကား ငွေဥဒေါင်းအမည်ခံ စာရေးဆရာတစ်ဦးက စာပေရှုထောင့်မှနေ၍ နိုင်ငံတွင် ဖြစ်ပေါ်လာခဲ့သော အပြောင်းအလဲများကို တစေ့တစောင်း ကြည့်ရှုကာ ရေးသားသွားခြင်း ဖြစ်သည်။ ဝင်းစိန်ဆိုသော လူ တစ်ယောက်၏ အကြောင်းကို ရေးရာတွင်မူ စာရေး ဆရာ တင့်တယ်သည် စာပေရှုထောင့် တစ်ခုတည်း ကသာမက မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အစရှိသည်တို့ကို မိမိမြင်သမျှ ရေးသားတင် ပြရန် စိတ်ကူးဖြင့် ဤစာကို ရေးသားပြုစုခြင်းဖြစ်ရာ ရည်ရွယ်ချက်မှာ ကျယ်ဝန်းလှသည်ဟု ဆိုစရာဖြစ်၍ နေလေသည်။ ဝင်းစိန် မွေးဖွားလာစဉ် အချိန်ကစ၍ အသက် ၅၀ ပြည့်သည့်အထိ နှစ်ပေါင်း ၅၀ အတွင်း မြန်မာနိုင်ငံ၌ ဖြစ်ပေါ်လာသော အဖြစ်အပျက်မျိုးစုံတို့

mgyoe.com

mgyoe.com

နှင့်တကွ အပြောင်းအလဲမျိုးစုံတို့ကို ငုံမိအောင် ရေးသား ချင်ရာတွင် ဆင့်ခေါင်းကို မချည်နိုင်မှာ စိုးရလေသည်။

သို့သော် တင့်တယ်တွင် သမိုင်းဉာဉ်ကလေးရှိကာ စာရေးရာ၌ မိမိ ကိုယ်တွေ့ သမိုင်း အဆစ်အပိုင်းများ နှင့်တကွ နီးစပ်ရာ အကြောင်းအရာတို့ကို ရေးချင်စိတ် ရှိသောကြောင့် ဤစာကို တတ်အားသမျှ၊ စွမ်းနိုင်သမျှ စတင်ရေးသားရန် စိတ်ကူး ပေါ်ပေါက်၍ လာရခြင်း လည်း ဖြစ်ပေသည်။ ဤစာတွင် ဝင်းစိန်ဆိုသော လူ တစ်ယောက်၏ ဘဝဖြစ်စဉ် နှစ်ပေါင်း ၅၀ အတွက် ပင်စည်သာမက ထိုနှစ်ပေါင်း ၅၀ အတွင်း၌ မြန်မာ နိုင်ငံတွင် နေထိုင်ရပုံ ဖြစ်ပျက်ပုံ အကြောင်းအရာ မျိုးစုံတို့သည်လည်း အကိုင်းအခက်များသဖွယ် ပါဝင်၍ လာအောင် ရေးသားရန်ကြိုးစားမှုများလည်း ပါဝင်ပေ မည်။ စုံစေသည် မစုံစေသည်ကိုမူကား အာမခံချက် မရှိနိုင်ပေ။ အထင်အမြင်နှင့် ယူဆချက်များသည်လည်း သူတစ်ပါးနှင့် တူမည်မထင်ပေ။ သို့ရာတွင် ခေတ်ပေါ် ပညာ လူတန်းစေ့ တတ်ကျွမ်းသည်ဟု ဆိုစရာရှိပြီး စာပေရေးသားခြင်းဖြင့် အသက်မွေးကာ သမိုင်းဘာသာ ရပ်တွင် ဝါသနာထုံသူတစ်ဦးက အတ္တနောမတိ၊ ကိုယ်ပိုင်အယူအဆများကို ပွင့်လင်းစွာ ရေးသား တင်ပြ ချက်များ ဖြစ်မည်မှာကား သေချာသည်။ အဘယ့် ကြောင့်ဆိုသော် ဤစာသည် တင့်တယ်၏အဖို့၌ စိတ် ရွှင်လန်းဖွယ် ဖတ်ပျော်သော ခါတိုင်းစာမျိုး မဟုတ်မူ၍ အနှစ် ၅၀ တာကာလကို ဉာဏ်မီသမျှ ရေးသားဖော်ပြ သော စာမျှသာ ဖြစ်လေသည်။ မည်သို့ပင်ဖြစ်စေ တင့်တယ်၏ ဤစာကြိုးပမ်းချက်သည် တစ်ခါသော တစ်ခါက ဘယ်လိုဘယ်ပုံတွေ ဖြစ်ခဲ့ကြသည်ဆိုသော အချက်များနှင့် ထို အချက်များပေါ်တွင် သာမန်လူ တစ်ယောက်နှင့် စာရေးဆရာတစ်ယောက်တို့၏ ရှုမြင်ပုံ များကို ဖော်ပြနိုင်လိမ့်မည်ဟု ထင်မိသည်။ ထင်သည့် အတိုင်း မပေါက်ရောက်နိုင်သည့်တိုင်အောင် နှစ်ပေါင်း

mgyoe.com

mgyoe.com

၅၀ တာကာလ မြန်မာလူမျိုး တစ်ယောက်၏ အတွေ့ အကြုံများနှင့် တွေးခေါ်ချက်များကိုမူကား ရိုးသား ပွင့်လင်းစွာဖြင့် တင်ပြနိုင်လိမ့်မည်ဟု ယူဆပါ၏။ ဤမျှနှင့်ပင် ဤစာကို ရေးသားရခြင်းအကြောင်းရင်း ပေါ်လွင်ထင်ရှားလောက်ပြီဟု ဆိုချင်ပေသည်။

## ကလေး

ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိတို့၏ ထုံးစံအတိုင်း ကလေးဘဝမှစ၍ အသက်အစီအစဉ်အတိုင်း ရေးသားရ မည်ရှိရာ၌ ကြိုတင်ဖော်ပြထားလိုသည်မှာ ငယ်စဉ် တောင်ကျေး ကလေးဘဝကို ကိုယ်မှတ်မိသမျှ ရေးသား ရာ၌ အတိတ်ကာလကားချပ်တို့သည် နှစ်ပရိစ္ဆေဒ ကြာမြင့်ခဲ့ပြီဖြစ်သည့်အတွက် မှုန်မှုန်မှေးမှေးသာ ကျန် တော့သည်ကို တွေ့ရ၏။ နှစ်ပေါင်းငါးဆယ်အတွင်း၌ အဖြစ်အပျက် အမျိုးမျိုးတို့သည် တစ်ခုပြီးတစ်ခု ဆက် တိုက် ဖြစ်ပေါ်လာကြကာ အဖြစ်အပျက် အဟောင်း တို့၏အပေါ်၌ အဖြစ်အပျက်အသစ်တို့သည် ယခု ကိုယ်ရေးနေသော လက်ရေးစာမူ စာရွက်များလို တစ်ခု အပေါ်သို့တစ်ခု ထပ်၍ထပ်၍သာ သွားကြလေရာ ဤ စာမျက်နှာကို ရေးသားနေချိန်၌ လက်ဦးဆုံးရေးသား နှင့်ခဲ့သော စာမျက်နှာများက စာလုံးများကို ခရေစေ့ တွင်းကျပြန်၍ မမှတ်မိနိုင်တော့သလို ကလေးဘဝ ကအကြောင်းအရာ ဖြစ်စဉ်များကိုလည်း ကိုယ်သည် စဉ်းစား၍ရသမျှ ခေါင်းထဲတွင် ပြန်လည်၍ ပေါ် ပေါက်လာသမျှတို့ကိုသာ ရေးသားရမည်ဖြစ်လေသည်။ ရှေ့နောက်အစီ အစဉ်များကား မှန်ချင်မှမှန်ပေမည်။ ပြန်လည်၍ သတိရသမျှလောက်ကိုသာ ရေးသားရ ခြင်းဖြစ်ရာ စုံစေ့မည်ကားမထင်၊ မစုံစေ့သော်လည်း အရေးကြီးလှ မည်ကားမဟုတ်၊ အဘယ့်ကြောင့်ဆိုသော် လူမှန်း သိတတ်သေးသော အရွယ် မဟုတ်သဖြင့် လိုရာ မရလျှင် ငိုကာမျှဖြင့် အချိန်ကုန်ခဲ့ရသည်ကသာ များ

mgyoe.com

mgyoe.com

ပြားပြီး လိုရာရလျှင် ဆိုကာကသော အရွယ်မျိုးသာ ဖြစ်ခဲ့ချေသည်။

မှတ်မိသမျှကို ရေးသားရမည်ဆိုသော် ကိုယ်သည် ခပ်ငယ်ငယ်ကပင် ကျန်းမာရေးချို့တဲ့သော ကလေး တစ်ယောက်ဖြစ်ခဲ့လေသည်။ ကိုယ်တွင် ရေချိုးမှားကာ အပူဝင်ရာက ချောင်းဆိုးရောဂါ စွဲကပ်လာခဲ့လေသည်။ တချို့ ကကြက်ညှာဟု ရောဂါအမည်ပေးသည်။ တချို့က ပန်းနာဟု ဆို၏။ မည်သူတို့က မှန်သည်ဟုကား မပြောတတ်ချေ။ ကိုယ်တွင်မူကား ချောင်းတဟွပ်ဟွပ် နှင့် ပိန်ချုံးချည့်နဲ့သော ကိုယ်ကာယဖြင့် တစ်ညလုံး ချောင်းတဟွပ်ဟွပ်ဆိုးကာ ပင်ပန်းဆင်းရဲစွာဖြင့် လူ့ဘဝ အတွင်းသို့ စတင်ဝင်ရောက်လာခဲ့ရသော သူသာလျှင် ဖြစ်ချေသည်။

ကိုယ်တွင် အတော်ကလေး ထူးခြားချက်ကား ရှိပေသည်။ ယင်းသည်မှာကား အခြားသောသူများ ကြုံဖူးအံ့ခဲယဉ်းသော ဘိုးကြီး၏ လက်ပေါ်တွင် ကြီးပြင်း လာခဲ့ရခြင်း ဖြစ်လေသည်။ ကိုယ်မှတ်မိသမျှကို ပြန် ပြောင်းရေးသား ဖော်ပြရမည်ဆိုပါက စာရေးနေဆဲ၌ စိတ်ထဲတွင် ခပ်ရေးရေး မှုန်တမှေးမှေး ပေါ်ပေါက် လာသည်မှာ ကိုယ်ဘိုးကြီး၏ ပေါင်ခွင်ထဲ၌ ထိုင်၍ နေကာ မုန့်စားနေ၏။ ဘိုးကြီးကမူ ကြေးငရုတ်ဆုံ အသေးစားကလေးထဲတွင် ကွမ်း၊ ကွမ်းသီး၊ ထုံး၊ စမုန်စပါး စသည်တို့ကိုထည့်ကာ ကွမ်းစားရန် ထောင်း ထု၍ နေ၏။ ကိုယ်ဘိုးကြီးမှာ အသက် ၇၀ လောက် ရှိပြီဖြစ်ရာ ကွမ်းကြိုက်တတ်သော်လည်း သွားတွေ မကောင်းတော့သဖြင့် ကွမ်းသီးကို ကောင်းကောင်းမစား နိုင်တော့ချေ။ ထို့ကြောင့် ကွမ်းကို ဆုံငယ်နှင့် ထောင်း ကာ မြုံ့၍နေရသောအချိန် ဖြစ်လေသည်။

ကိုယ်ဘိုးကြီးသည် မျိုးရိုးအားဖြင့် အတော်ပင် လူတန်းစား ကြီးမြင့်ခဲ့သောသူ ဖြစ်လေသည်။ ကိုယ် တို့၏ ဘေးကြီးမှာ တော်လှန်ရေးသမားကြီး တစ်

mgyoe.com

mgyoe.com

ယောက် ဖြစ်ခဲ့သည်ဟု ကိုယ်ငယ်စဉ်က ကြားရဖူးလေသည်။ သီပေါမင်း နန်းအတက်တွင် ဘေးကြီးမှာ လွှတ်တော် တက်ရသော ဝန်မင်းကြီးတစ်ပါးဖြစ်၍ အမည်မှာ ဦးလှိုင်ဖြစ်လေသည်။ ဦးလှိုင်၏ဇနီး ဝန်ကတော်ကြီးမှာကား ဒေါ်ဖူးဟု အမည်ရှိသည်ဆို၏။ ဘေးကြီးဦးလှိုင်သည် ခေတ်ပြင်သမားကြီး ဖြစ်ခဲ့သည်။ သီပေါမင်းသား နန်းတက်သည်ကို မကြိုက်၊ မြင်းကွန်း မြင်းခုံတိုင် မင်းသားများ နန်းတက်သည်ကိုသာ မြင်လိုသည်။ အကြောင်းမှာမူ ထိုခေတ်က အင်္ဂလိပ်တို့ ရခိုင် တနင်္သာရီစသော ပင်လယ်ကမ်းရိုးတန်း ဒေသများနှင့် အောက်မြန်မာပြည်ကို သိမ်းပိုက်ထားကြပြီဖြစ်ရာ မြန်မာဘုရင်တို့၏ ဩဇာအာဏာမှာ အထက်မြန်မာပြည်ပိုင်းနှင့် ရှမ်းပြည်ဘက်လောက်မှာသာ အာဏာစက်ပျံ့နှံ့ကြီးစိုးနိုင်ကြသည်။ မြင်းကွန်းနှင့် မြင်းခုံတိုင် မင်းသားနှစ်ပါးတို့က ပြင်သစ်တို့၏ အကူအညီဖြင့် အင်္ဂလိပ်တို့ကို ပြန်လည် တိုက်ထုတ်လိုကြသည်။ နန်းရ၍ နေကြသော သီပေါမင်းမှာကား နဂိုကပင် ဘုန်းကြီးကျောင်းထွက် ဖြစ်သောကြောင့် စိတ်နှလုံး နူးညံ့သိမ်မွေ့သည်။ တရားပေစာ၌ပင် မွေ့လျော်တတ်သောသူဟု ဆိုသည်။ တစ်ဖန် ခပ်အေးအေး နေတတ်သော သူတစ်ဦးဖြစ်သည့်အတိုင်း ယောက္ခမနှင့် ဇနီးသည် စုဖုရားလတ် တို့၏ ဩဇာလွှမ်းမိုးခြင်း ခံနေရသူ ဟူ၍လည်း ဆိုသည်။

ထိုခေတ်တွင် အင်္ဂလိပ်ကလည်း အမျိုးမျိုးဉာဏ်နီ ဉာဏ်နက်ထုတ်၍ တစ်ပြည်လုံးကိုသိမ်းယူချင်နေသည်။ သိမ်းယူရန် အကြောင်းအမျိုးမျိုးကိုလည်း ရှာဖွေ၍ နေလေသည်။ တစ်ဖန် ထိုခေတ်က အင်္ဂလိပ်နှင့်ပြင်သစ် တို့မှာ ကမ္ဘာ့အရှေ့တောင်ပိုင်းနှင့် အပြိုင်အဆိုင် နယ်ချဲ့၍နေကြရာ အင်္ဂလိပ်က ပြင်သစ်တို့ကို အိန္ဒိယမှ တိုက်ထုတ်ပြီး ခြေကုတ်ယူကာ မြန်မာနိုင်ငံကို ဖဲ့ရွဲ့ယူနေသည်။ ပြင်သစ်တို့မှာ အိန္ဒိယခြေကုတ်လွတ်ရသော

mgyoe.com

mgyoe.com

အခါ၌ အင်ဒိုချိုင်းနားမှာ ခြေကုတ်ထားပြီး မြန်မာမင်းကို အင်္ဂလိပ်တို့အား ပြန်လည်တိုက်ခိုက်ရန် အားပေးနေကြသည်။ အင်္ဂလိပ်နှင့် ပြင်သစ်တို့သည် အပြိုင်အဆိုင် နယ်ချဲ့နေကြခိုက်ဖြစ်ရာ ပြင်သစ်က မြန်မာတို့အား မြှောက်ပေးနေသည့်အတွက် အင်္ဂလိပ်က အထက်မြန်မာပြည် ကွက်ကွက်ကလေးကို သိမ်းယူရန် ဆုံးဖြတ် သည်။ နောက်ဆုံး၌ သီပေါမင်း၏ ပျော့ညံ့ညံ့ နိုင်ပုံကို မကျေနပ်သဖြင့် မြင်းကွန်းမြင်းခုံတိုင် အရေးတော်ပုံကြီး ပေါ်ပေါက်လာရသည်။ ထိုအခါက ကိုယ်တို့၏ဆောကြီးဦးလှိုင်းမှာ မြင်းကွန်းမြင်းခုံတိုင် မင်းသားတို့၏ဘက်တော် သားဖြစ်သည်။ မင်းသားနှစ်ပါးတို့ ပုန်ကန်ကြရာတွင် အရေးနိမ့်၍ အင်္ဂလိပ် ပိုင်နက်ကို ထွက်ပြေးသည်။ ထို့နောက်မှတစ်ဆင့် ပြင်သစ်တို့ ထံတွင် ခိုလှုံမိကြကာ ဆိုင်ဂုံမြို့၌ စစ်ရှုံးစစ်ပြေးမင်းသားများဘဝနှင့် နေထိုင်ကြရသည်။

နန်းတွင်းရေးရှုပ်ထွေးကာ နိုင်ငံအားပျော့နေခိုက်တွင် အင်္ဂလိပ်တို့က အကွက်ကောင်းယူကာ ဒုတိယ အင်္ဂလိပ်မြန်မာစစ်ပွဲက စစ်ကြွေးများ လျော်ကြေးများ မတန်တဆ တောင်းယူပြီးနောက် တတိယ အင်္ဂလိပ်မြန်မာစစ်ပွဲကို ဆင်၍ မြန်မာတစ်ပြည်လုံး သိမ်းယူလိုက်ကြသည်။ ပါတော်မူခေတ်ဟူ၍ ပေါ်ပေါက်လာသည်။

ထိုသို့သော ခေတ်ပျက်ကြီးထဲတွင် ကိုယ်တို့၏ ဆောကြီးဦးလှိုင်၏ ဖြစ်ပျက်ပုံမှာ စွန့်စားခန်းတစ်ရပ်ဖြစ်သည်။ မြင်းကွန်း မြင်းခုံတိုင် မင်းသား နှစ်ပါးတို့ တော်လှန်ရေးရှုံးနိမ့်သောအခါ ဘက်တော်သားများ ကိုယ်လွတ်ရုန်း၍ ပြေးကြရသည်။ မင်းသားနှစ်ပါးတို့က သီပေါ၏ မြေနန်းစကြာသဘော်ကို အတင်းဝင်စီးသည်ဟု ကြားရဖူးသည်။ ရွှေနတ်တောင် ဘုရားပွဲတော်ကို တပေါင်းလတိုင်း အကြီးအကျယ် ဆင်ယင်ကျင်းပသည်မှာ ထိုခေတ်ထိုအခါက အစပြုခဲ့သည်ဟု

mgyoe.com

mgyoe.com

ဆို၏။ ပွဲတော်ကျင်းပလျှင် ဦးလှိုင်နှင့်ဒေါ်ဖူးတို့က ကမကထ ပြုလုပ်ကြသည်။ ဝန်ကတော်ကြီး ဒေါ်ဖူး သည် ထိုင်မသိမ်းအင်္ကျီ ရင်ခွဲ ထဘီတို့နှင့် ပဝါရှည်စုံ ချကာ လှည်းယဉ်စီး၍ ဘုရားကြည်ညိုရန် လာလေ့ ရှိသည်ဟုလည်း ဆိုသည်။ ယင်းသည်တို့မှာကား ကိုယ်တို့၏ဘိုးကြီး ဒေါ်အုံးပွင့်ထံမှ တစ်ဆင့် ကြားသိရ သော စကားများဖြစ်သည်။ လူမှန်းမသိတတ် သိတတ် အရွယ်က မှတ်သားရသော စကားများဖြစ်သည်။

ဘိုးကြီး ဒေါ်အုန်းဖူးသည် ပန်းတောင်းမြို့၌ အိမ်ထောင်ကျ၍ ကိုယ်တို့၏ ဘိုးကြီး ဒေါ်အုန်းပွင့် (ညီမ)ကမူ ရွှေတောင်မြို့မှ ပိုးကုန်သည် ဦးသာဖဲနှင့် အိမ်ထောင်ကျသည်။ ရှေးဦးပထမတွင် ရွှေတောင်မြို့ ဈေးအနီးတွင် နေထိုင်ကြသည်။ နောင်အခါ၌ ရွှေတောင်မြို့ကို မီးကြီးသုံးကြိမ် နှိပ်စက်လောင်ကျွမ်း ခဲ့လေရာ ဘိုးကြီးများသည် မီးဘေးကြီးလှသော ဈေးအနီးမှတစ်ဆင့် ရွှေတောင် မြို့ကင်မွန်းခြုံတန်း ဂါတ်ရှေ့မြေကွက်ကို ဝယ်ယူကာ ပြောင်းရွှေ့နေထိုင် ခဲ့ကြသည်။

ဒေါ်အုန်းပွင့်နှင့် ဦးသာဖဲတို့တွင် သားငါးယောက်၊ သမီးငါးယောက် ထွန်းကားသည်။ ယင်းသည် သား သမီးတစ်ကျိပ်အနက်တွင် တတိယမြောက် သမီးဒေါ်ရွှေ ထားသည်ကား ကိုယ်တို့၏အဘွားအေဖြစ်သည်။ ဒေါ် ရွှေထားသည် ထောင်မှူးတစ်ယောက်နှင့် အိမ်ထောင်ကျ သည်။ ဒေါ်ရွှေထားမှ ကိုယ်တို့၏ အမေနှင့် အဒေါ်ကို ဖွားမြင်သည်။ ကိုယ်တို့အဘွားသည် အရွယ်ကောင်း ခိုက်တွင် ပျက်စီးလေရာ ကိုယ်တို့အမေနှင့် အဒေါ်သည် (ကိုယ်၏ဘိုးကြီး) ဒေါ်အုန်းပွင့်နှင့်အတူ ပြန်လည်နေ ထိုင်၍ လက်ရေတပြင်စီး လုပ်ကိုင်စား သောက်နေ သည်။ ဒေါ်အုန်းပွင့်၏ ခင်ပွန်းဦးသာဖဲ အနိစ္စရောက်ပြီး သည်၏ နောက်ပိုင်းတွင် ကိုယ်တို့၏ ဘိုးကြီးတစ်ဦး ဖြစ်သူ ဒေါ်အုန်းဖူး၏ အဆက်အနွယ်များမှာကား

mgyoe.com

mgyoe.com

ပန်းတောင်းမြို့ပေါ်တွင် ရွှေ့ပြောင်းနေထိုင်ကြကာ မြေပိုင်ရှင်များဖြစ်၍ နေကြလေသည်။ ဖဆပလခေတ်တွင် လွှတ်တော် အမတ်ဖြစ်သူ ဖြစ်ခဲ့လေသေးသည်။

ကိုယ့်အဒေါ်နှင့် အမေတို့သည် ဘကြီးနှင့်အတူ နေထိုင်ရင်း ပိုးကုန်သည် များအဖြစ် လုပ်ကိုင်စားသောက်နေခဲ့ကြသည်။ ဘကြီးမှဖွားမြင်သော သားသမီး ငါးယောက်တို့အနက် တစ်ယောက်မှာ ပခုက္ကူဖက်သို့ ရောက်သွားသည်။ ယခုထက်တိုင် ပခုက္ကူမြို့ပေါင်လောင်ရှင်ရပ်၌ ကိုယ်တို့၏ အဆက်အနွယ်များ ကျန်ရှိနေလေသေးသည်။ ကိုယ်တို့အမေသည် ညောင်လေးပင်သား တစ်ဦးနှင့် အိမ်ထောင်ကျပြီးကိုယ့်ကို ဖွားမြင်ခဲ့လေသည်။ ကိုယ်၏ဖခင်မှာ အစိုးရ အမှုထမ်းအဖြစ်ဖြင့် လည်းကောင်း၊ အခြားအလုပ်အကိုင်များကို လုပ်ကိုင်၍လည်းကောင်း ထင်သလို နေထိုင်တတ်သူဖြစ်ရာ ကိုယ့်ကိုဖွားပြီးမှ ကိုယ်တို့အမေနှင့် ကွဲကြသည်။ နောက်ထပ်၍ ကိုယ်တို့အဖေသည် အိမ်ထောင် ပြုကာ ရန်ကုန်သို့ လွင့်ပြန်သည်။ သူ၏အကြောင်းမှာ စာဖွဲ့စရာမရှိလှပေ။ ကိုယ့်ဖခင်၏ နောက်အိမ်ထောင်၌ သားသမီးများ ထွန်းကားသည်ဟု သိရသော်လည်း လုံးဝအဆက်ပြတ်၍ နေလေသည်။

ကိုယ့်အဘွားအေများအနက်တွင် ကိုယ်အမှတ်မိဆုံးသော အဘွားအေနှစ် ဦးတို့မှာ ဒေါ်ပိုးဖြူနှင့် ဒေါ်ရွှေတင့်တို့ ဖြစ်ကြသည်။ ဒေါ်ပိုးဖြူမှာ ယစ်မျိုးအရာရှိတစ်ဦးနှင့် အိမ်ထောင်ကျ၍ ဒေါ်ရွှေတင့်မှာမူကား ပုလိပ်အရာရှိ တစ်ဦးနှင့် အိမ်ထောင်ကျလေသည်။ ထိုဘွားအေ နှစ်ယောက်ကိုသာလျှင် ကိုယ်ကောင်းစွာမှတ်မိ၏။ အခြားဘိုးအေဘွားအေများကိုမူကား နာမည်ကိုသာ ကြားဖူးသည်။ လူကိုယ်တိုင်မူကား မတွေ့လိုက်ရတော့၊ လွန်ကြလေပြီ ဖြစ်၏။ ကိုယ်တို့ဘိုးအေတစ်ဦးသည် ပြည်ခရိုင်ဆင်မြီးဆွဲမြို့တွင် အိမ်ထောင်ကျသည်။ အဆက်အနွယ်များမှာ ထင်ရှားသော

mgyoe.com

mgyoe.com

ထန်းလျက် ကုန်သည်များ ဖြစ်ကြသည်။ သူတို့နှင့် လက်ဦးက အဆက်အသွယ်ရှိခဲ့သော်လည်း ယခုမူကား သွေးရင်းသားရင်းတို့ မရှိကြပြီဖြစ်သောကြောင့် အဆက် ပြတ်သလို ဖြစ်၍နေကြပြန်၏။ သို့ဖြစ်လေရာ ကိုယ်တို့မှာ ဆွေစဉ်မျိုးဆက် တဖြည်းဖြည်းသောင်၍ သွားသည်ဟု ဆိုရပေမည်။ ကျည်းကန်ရှင်ကြီး၏ အဆိုအရ ဆွေမျိုးမငယ်ရာသည်ဖြစ်ရာ ဆွေအားမျိုးအား လျော့ပါးလာသောအခါ၌ ကိုယ်၏ကလေးဘဝမှာ အတော်ပင် ကရိကထများခဲ့ရသည်ဟု ဆိုရမည်ပင်။

သွေးသောက် ၁၉၆၅၊ ဒီဇင်ဘာလ

▢

mgyoe.com

mgyoe.com

# သုခ၏ သုခ

ဘုရားဖူး တစ်ခါတစ်ရံ ရောက်ရခြင်းမျိုးသည် ဘဝကို သိသိသာသာ အေးမြ ချမ်းသာလှစေသည်။

ဥပမာ ရွှေတိဂုံစေတီတော်သို့ ဆိုပါစို့။ ရပ်ဝေးညှော်သည်များကို လိုက်ပို့၍ ရောက်ရခြင်း၊ အိမ်သူအိမ်သားများနှင့် ကောင်းမှုကုသိုလ် ကမ္မပထအတွက် ရောက်ရခြင်း၊ ပွဲကြီးလမ်းကြီး နေ့ထူးနေ့မြတ်တွင် ရောက်ရခြင်းဟူ၍ရောက်'နည်းအမျိုးမျိုးရှိသည့်အနက် ကျွန်တော်ဆိုလိုသော တစ်ခါတစ်ရံ ရောက်ခြင်းမျိုးကား ပူပန်လောင်ဆာသော ပရိဒေဝဒုက္ခဒေါမနဿတို့ အကြားမှာ ပုန်းအောင်းမှီခိုရန်အလို့ငှာ ပြေးဝင်ခိုလှုံမိသော ရောက်ခြင်းမျိုးဖြစ်ပါသည်။

လူတို့မည်သည် တစ်ခါတစ်ရံ ဆောက်တည်ရာမရအောင် စေတသိက ဒုက္ခမျိုးနှင့် ကြုံကြိုက်တတ်သည် မဟုတ်လော။

ခလုတ်ထိမှ အမိတသည်ဟု ဆိုကာမှဆိုစေ၊ နို့စို့အရွယ်တွင် မိခင်၏ ရင်ခွင်မျိုးနှင့်တူသော အေးမြချမ်းသာခြင်း၊ ဆေးရန်ကင်းခြင်း၊ စိတ်ကြည်နူး ပျော်ရွှင်ခြင်းတို့ကို လက်တွေ့ပိုင်ပိုင် ခံစားစံစားနိုင်သည်မှာတော့ ဒိဋ္ဌဖြစ်သည်။ ခလုတ်ထိ၍မှ အမိကိုမတသော ပုဂ္ဂိုလ်တို့သည်ကား မှားစရာရှိသမျှကိုမှား၍ မှောက်စရာရှိသမျှ မှောက်ကုန်ကြလေသည်။

mgyoe.com

mgyoe.com

ကြည့်လော့။ ဗဟိဒ္ဓဖြစ်သော ရာသီဥတု၏ ပူပြင်းခြင်း၊ အဇ္ဈတ္တိက ဖြစ်သော စိတ်နှလုံးက ပူပန်ခြင်းတို့သည် ဘုရားစောင်းတန်းရိပ်ကို ဝင်လိုက် မိသည်နှင့် တစ်ပြိုင်နက် ဆန့်ကျင်ဘက်ဖြစ်အောင် ချမ်းငြိမ်းသည့် ပတ်ဝန်းကျင်၏အတွေ့အထိကို ဦးစွာခံစားလိုက်ရလေသည်။

"ပန်းဝယ်ကြဦးမလား၊ နားကြပါဦးရှင်"

ပန်းသည်များ၏ အသံသည် လောကွတ်ပျူငှာ ရှိလှ၏။ မျက်နှာချို၏။ သန့်ရှင်းစင်ကြယ်သော ဝတ်စားဆင်ယင်ထုံးဖွဲ့မှုရှိ၏။

တဝေါဝေါတဝုန်းဝုန်းနှင့် ပြေးလွှားဆူညံနေကြသော အသံဆိုးကြီးများသည် ပူလောင်နေသော ကတ္တရာစေးလမ်းကြီး၊ အဆောက်အအုံကြီးများနှင့်အတူ မြို့လယ်တွင် အားလုံးကျန်ရစ်ခဲ့ပေပြီ။ အတင်းတိုးဝှေ့နေကြသော ကားစောင့်ပရိသတ်များ တန်းစီဆူပွက်နေကြသော ရိက္ခာထုတ်လူထုများ၏ မျက်နှာထားတွင် အရေးကြီးခြင်း၊ အလုအယက်ဖြစ်ခြင်း၊ သူ့ထက်ငါ သာလို နိုင်လိုမှု ရှေးရှုခြင်းတို့ကား ဘုရားရင်ပြင်တွင် တွေ့ချင်လို့ မျှမတွေ့ရ။

ဘုရားသို့ရောက်လာသမျှ လူတိုင်းပင် လောဘ၊ ဒေါသ၊ မောဟ တို့မှ တစ်ဆိတ်စာပင်ဖြစ်စေ၊ လျော့နည်းသော အသွင်အပြင်၊ တည်ငြိမ်သော လှုပ်ရှားမှု၊ သိပ်သည်းသော ကြည်နူးခြင်းတို့သာ ပေါ်လွင်နေကြသည်။

ရိုးသားမှုအပြည့်ရှိသော တောနေဘုရားဖူးအုပ်စုကို ရွာကျောင်းထိုင် ဆရာတော်၊ ဦးပဥ္စင်းတို့က လမ်းပြခေါင်းဆောင်၍ တွေ့ကြုံသမျှတို့ကိုရှင်းပြ ဟောပြရင်း ရင်ပြင်တော်ပေါ်၌ လှည့်ပတ်နေကြသည့် မြင်ကွင်းမှာ ကြင်နာသော သဘောအရိပ်အယောင်များ ထင်ရှားလေသည်။ လင်နှင့်မယား၊သားနှင့် သမီး ပန်းအမွှေးတိုင် လှူဖွယ်ဝတ္ထုတို့ကို ကိုယ်စီကိုင်၍ လာကြပုံကိုလည်း

mgyoe.com